# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ်(၀၃၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် The Athenee Hotel မှ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး Mr. Anutin Charnvirakul၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး


*စာမျက်နှာ ၅ ကော်လံ ၁* ❁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီမိုင်း သရီဖိတပ်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

**အခုလက်ရှိမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဌာန်းနိုင်ဖို့နဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲဖို့ ဆောင်ရွက်နေပါတယ်** (စာ-၁၀)

**အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ကိုယ်ပိုင်ကားမောင်းနှင် အသုံးပြုမှု ထက်ဝက်လျှော့ချကန့်သတ်** (စာ-၁၅)




မြန်မာ့အလင်း

# သတင်းမီဒီယာနှင့် ပြည်သူလူထု

နည်းပညာတော်လှန်ရေး လှိုင်းလုံးကြီး အရှိန်အဟုန်ပြင်းပြင်း ထိုးထွက်လာသည်နှင့်အမျှ ကမ္ဘာကြီးက ရုတ်ခြည်းသေးငယ်သွား၏။ ကမ္ဘာကြီးက ရွာကြီးတစ်ရွာအဖြစ်သို့ ပြောင်းလဲသွားသည်ဟု ဥပမာပြု ပြောဆို၏။ ရွာတောင်ပိုင်းမှာ တစ်စုံတစ်ခု ဖြစ်ပွားသည်ကို ရွာမြောက်ပိုင်းက ချက်ချင်းသိလိုက်သကဲ့သို့ ကမ္ဘာ့အရှေ့ဖျားမှာ ထူးခြားမှုတစ်ခုဖြစ်သည်နှင့် ကမ္ဘာ့အနောက်ဖျားက ချက်ချင်းသိတော့သည်ဟု ဆိုခြင်းဖြစ်၏။

မီဒီယာများကလည်း အများပြည်သူ စိတ်ဝင်စားမည့် ဖြစ်ပျက်မှု ဟူသရွေ့ကို ချက်ချင်းမှတ်တမ်းတင်ကာ လွှင့်ထုတ်၏။ ပုံနှိပ်ဖြန့်ချိ၏။ အများပြည်သူတို့သည်လည်း ထိုသတင်းအဖြစ်အပျက်တို့ကို ချက်ချင်းဆိုသလို၊ ဖြစ်ဖြစ်ချင်းဆိုသလို သိလေသည်။

ယင်းသို့ သတင်းနှင့်အချက်အလက်များကို သိရှိရသည်နှင့်အမျှ လူတို့၏ စိတ်ဝင်စားမှုများ၊ လူတို့၏ စိတ်လှုပ်ရှားမှုများအပေါ် အခြေခံသည့် လက်သင့်ခံမှု ငြင်းပယ်မှုများ၊ လူတို့၏ယုံကြည်မှု ရပ်တည်မှုများ၊ လူတို့၏ အဆုံးအဖြတ်များတို့နှင့် ရုတ်ခြည်းတုံ့ပြန်မှုများကို ဖြစ်ပေါ်စေသည်။

ခေတ်သစ်နည်းပညာအထောက်အပံ့တို့က ပြည်သူတို့ထံ ပေးပို့သည့် သတင်းနှင့်အချက်အလက် ပျံ့နှံ့မှုကို မြန်ဆန်စေသည် သာမက ပြည်သူတို့ထံမှ တုံ့ပြန်မှုများကိုလည်း အချင်းချင်းကြား မြန်ဆန်သော ပျံ့နှံ့မှုကို ဖြစ်စေပါသည်။

ယင်းသို့သော အခြေအနေတွင် အပျော်သဘောဖြစ်စေ၊ စီးပွားရေးအပြိုင်အဆိုင်များအရ ဖြစ်စေ၊ နိုင်ငံရေး လှည့်ဖြားလိုမှုများအရ ဖြစ်စေ၊ လူမှုရေးအရ ဂုဏ်သိက္ခာထိခိုက်စေလိုခြင်း စသည်တို့အရ ဖြစ်စေ သတင်းအတုအယောင်များ၊ လုပ်ကြံတည်ဆောက်သည့် အဖြစ်အပျက်များ၊ လိုရာဆွဲယူသော တစ်ဝက်မှန်ကို အခြေခံသည့် မဟုတ်မမှန်မှုများကို ဖန်တီးကြသည်ကို တွေ့မြင်လာရသည်။

အရေးကြီးသော သတင်းနှင့် အချက်အလက်များကြားတွင် သတင်းတု၊ သတင်းယောင် လုပ်ကြံအချက်အလက်များ ရောယှက်လာသည့်အခါ အများပြည်သူကြားက အကဲဖြတ်မှုများ၊ ဆုံးဖြတ်ချက်များ၊ သဘောထားထင်မြင်ယူဆချက်များမှာ ရှုပ်ထွေးလာ၏။ အငြင်းပွားမှုများ ပိုမိုဆူညံလာ၏။ ထိခိုက်ပွတ်တိုက်မှုများကလည်း နေရာတကာမှာလိုလို ဖြစ်လာသည်။ လွန်စွာနူးညံ့သိမ်မွေ့သော မေတ္တာတရားနှင့် သက်ဆိုင်ရာ၊ တူညီသော ကိုးကွယ်ယုံကြည်မှုဆိုင်ရာတို့တွင်ပင် ဒေါသပါသော ကွဲလွဲငြင်းခုံမှုများ ဖြစ်လာလေသည်။

အများပြည်သူတို့သည် မိမိတို့သိရှိရသော သတင်းနှင့်အချက်အလက်များကို သတိကြီးစွာ၊ ဉာဏ်ကြီးစွာဖြင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လက်ခံ၍ နားလည်ယုံကြည်ရန် လိုအပ်လာသည်။

သတင်းရင်းမြစ်များက ယုံကြည်စိတ်ချရသော နေရာဌာနများက ဖြစ်ပါ၏လော၊ မည်မျှတာဝန်ယူ တာဝန်ခံသော သတင်းရင်းမြစ်များ ဖြစ်သလဲအစရှိသည်တို့ကို လေ့လာဆန်းစစ်ရန် လိုအပ်သကဲ့သို့ ထိုသတင်းများက မည်မျှလောက်ဖြစ်နိုင်သလဲ၊ မည်မျှလောက် ယုတ္တိရှိသလဲဆိုသည်တို့ကိုပါ ချင့်ချိန်ကြရာ လိုအပ်နေပြီဖြစ်သည်။

သတင်းနှင့်အချက်အလက်များကို အသိဉာဏ်ပညာဖြင့်လည်းကောင်း၊ အတွေ့အကြုံများဖြင့် လည်းကောင်း ဆန်ခါချစစ်ယူပြီး လက်ခံနိုင်မှသာ မှန်ကန်သော ဗဟုသုတအကြားအမြင်အသိဖြစ်လာနိုင်မည်ဖြစ်ပေသည်။

ယနေ့ကာလ ခေတ်မီတိုးတက်မှုများဖြင့် ထုံမွမ်းထားသည့် လူမှုအဖွဲ့အစည်းသည် အသိဉာဏ်ပညာကို ပိုမိုအားပြုရပ်တည်ရတော့မည်ဖြစ်ပါသည်။ ပိုမို၍ ချင့်ချိန်မှု၊ ဆန်းစစ်လေ့လာမှုများဖြင့် ရှင်သန်ရတော့မည် ဖြစ်ပါသတည်း။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မလေးရှားနိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၅**
ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ်အား ယနေ့မွန်းလွဲ ၃နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မလေးရှား - မြန်မာနှစ်နိုင်ငံလွှတ်တော် အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စက်မှုလုပ်ငန်းနှင့် e-Government ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာများ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၅၅/၂၀၁၉) ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၅၅/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင် (ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အော်စကာအပါအဝင် ရုပ်ရှင်ဇာတ်ကားဆုများစွာ ရရှိထားသည့် "Midnight in Paris" ကို လေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၅**
အမေရိကန်နာမည်ကျော် ဒါရိုက်တာ "Woody Allen" ကိုယ်တိုင်ဇာတ်ညွှန်းရေးသား ရိုက်ကူးထားသည့် ၎င်း၏ (၄၁)ကားမြောက် လက်ရာကောင်းတစ်ခုဖြစ်သော "Midnight in Paris" ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ်ပြုလုပ်ကြမည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၉)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်လမ်းမှာ Romance, Comedy ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး ဇာတ်လမ်းအကျဉ်းမှာ ဝတ္ထုစာပေ အလွန်စိတ်ဝင်စားသောအမျိုးသားတစ်ဦးသည် ၎င်းလက်ထပ်မည့် အမျိုးသမီးနှင့်အတူ ပါရီမြို့သို့ သွားရောက်လည်ပတ်စဉ် သဘောထားမတူညီသဖြင့် လမ်းခွဲပြီး တစ်ယောက်တည်းလျှောက်သွားချိန်၌ ၁၉၂၀ ပြည့်နှစ် ပါရီအနုပညာရွှေခေတ်၏ သူရဲကောင်းအနုပညာရှင် လူထူးလူဆန်းများနှင့် တွေ့ဆုံခင်မင်ခွင့်ရခဲ့သည့် အခြေအနေကို လွမ်းဆွတ်ဖွယ် ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကားကို ၂၀၁၁ ခုနှစ်က Cannes Film Festival ဖွင့်ပွဲတွင် ပြသခဲ့ပြီး အော်စကာအပါအဝင် ရုပ်ရှင်ပွဲတော်များစွာမှာ Best Original Screenplay ဆုများ ရရှိထားကြောင်း သိရသည်။ **သိန်းထိုက်သူ (FDC)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်စဉ်ကာလအတွင်း Thai Red Cross AIDS Research Centre သို့ သွားရောက်လေ့လာခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ်၊ ရုရှားဝန်ကြီးချုပ်၊ အမေရိကန်ပြည်ထောင်စုသမ္မတ၏ အထူးကိုယ်စားလှယ်နှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့

သတင်းထုတ်ပြန်ချက်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်စဉ်ကာလအတွင်း Thai Red Cross AIDS Research Centre သို့ သွားရောက်လေ့လာခဲ့ခြင်းနှင့် အိန္ဒိယဝန်ကြီးချုပ်၊ ရုရှားဝန်ကြီးချုပ်၊ အမေရိကန်ပြည်ထောင်စုသမ္မတ၏ အထူးကိုယ်စားလှယ်နှင့် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ခြင်း**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Narendra Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

၁။ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ သို့ တက်ရောက်ခဲ့သည့်ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် King Chulalongkorn Memoral Hospital ရှိ Thai Red Cross AIDS Research Centre သို့ သွားရောက်လေ့လာခဲ့ပြီး နာယကများဖြစ်ကြသော HRH Princess Soamsawali Korm Muen Sudd-hanarinatha နှင့် HRH Princess Bajarakitiyabha Narendiradebyavati တို့နှင့် သီးသန့်တွေ့ဆုံခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi၊ ရုရှားဝန်ကြီးချုပ် H.E. Mr. Dmitry Medvedev နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ၏ အထူးကိုယ်စားလှယ်၊ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် Mr. Robert O'Brien တို့အား သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ Ms. Kristalina Georgieva နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Gianni Infantino တို့အား သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Thai Red Cross AIDS Research Centre သို့ ၂-၁၁-၂၀၁၉ ရက်နေ့တွင် သွားရောက်လေ့လာခဲ့ရာတွင် HRH Princess Bajarakitiyabha Narendiradebyavati နှင့် ယင်းဌာန၏ တာဝန်ရှိသူများက HIV/AIDS ရောဂါအသိပညာပေးရေး၊ HIV ဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နေမှုအခြေအနေ၊ HIV ရှိ မိခင်များမှတစ်ဆင့် ကလေးသူငယ်များ ထံသို့ ကူးစက်မှုလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ကြသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် HRH Princess Soamsawali Korm Muen Suddhanarinatha နှင့် HRH Princess Bajarakitiyabha Narendiradebyavati တို့နှင့် HIV ရောဂါကာကွယ် တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဆေးဝါး၊ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်သွားနိုင်ရန်အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက် သွားရေးအပြင် အခြားစိတ်ပါဝင်စားသော နိုင်ငံများနှင့် သုံးပွင့်ဆိုင်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အလားအလာများအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ် ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါ Centre မှ ဖွင့်လှစ်ထားသည့် HIV/ AIDS တားဆီးကာကွယ် တိုက်ဖျက်ရေး ဆိုင်ရာ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi တို့ ၃-၁၁-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံရာ၌ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကုလားတန်ဘက်စုံသုံးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စစ်တွေ ဆိပ်ကမ်းအား ဆောလျင်စွာ အသုံးပြုလည်ပတ်သွားနိုင်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကျန်ရှိနေသည့် နယ်နိမိတ်သတ်မှတ်နိုင်ရေး၊ နှစ်နိုင်ငံအကြား မော်တော်ယာဉ်များ သွားလာမှုဆိုင်ရာ သဘောတူစာချုပ် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ ရမည်းသင်းအမျိုးသမီး ရဲသင်တန်းကျောင်း အဆင့်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့ ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ အကြား အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်စီစဉ်သွားနိုင်ရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စတွင် အိန္ဒိယနိုင်ငံအနေဖြင့် အပြုသဘော ဆက်လက်ကူညီပံ့ပိုး သွားရေးနှင့် အာဆီယံ-အိန္ဒိယ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားဝန်ကြီးချုပ် H.E. Mr. Dmitry Medvedev နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

၄။ ရုရှားဝန်ကြီးချုပ် H.E. Mr. Dmitry Medvedev နှင့် ၄-၁၁-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံစဉ် မြန်မာ-ရုရှား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာစေရေး၊ စွမ်းအင်၊ စက်မှု၊ မြို့ပြလေကြောင်း၊ ပညာရေးကဏ္ဍများ အပါအဝင်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့ဆောင်ရွက်သွားရေး၊ မြန်မာ-ရုရှား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် အစည်းအဝေးကို နေပြည်တော်၌ ကျင်းပသွားရေး၊ အဆင့်မြင့်ကိုယ်စားလှယ် များ အပြန်အလှန် လည်ပတ်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်၍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာကျောင်းသားများ ပညာသင်ဆုပိုမိုတိုးမြှင့် ရရှိရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ဆက်လက်မြှင့်တင်သွားရေးနှင့် နှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့သည်။

၅။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ ၏ အထူးကိုယ်စားလှယ်၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် H.E. Mr. Robert O'Brien တို့ ၄-၁၁-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံရာ၌ မြန်မာ- အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှု တားဆီး ကာကွယ်တိုက်ဖျက်ရေး၊ ကောင်စစ်ရေးရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူစာချုပ်နှင့် အညီ ပြန်လည်စိစစ်လက်ခံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNHCR၊ UNDP တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့

## ပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါအကြံပြုချက်များအရ အခြေခံလိုအပ်ချက် ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးမည့် ယာယီအထောက်အကူပြုအဖွဲ့ (Ad Hoc Support Team) တစ်ခုထားရှိရေးကို အာဆီယံခေါင်းဆောင်များက ကြိုဆို




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပသည့် (၃၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ယနေ့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၂ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတွင် “Empowering ASEAN 4.0” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ကျင်းပသည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (မျက်နှာစုံညီ) နှင့် အာဆီယံနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (မျက်နှာစုံညီ)သို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင်ကျင်းပပြုလုပ်သည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနား၊ (၂၂) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၁၆) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။ မွန်းလွဲပိုင်းတွင် (၁၀) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး၊ ယင်းနေ့ညနေတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ် ချန်အိုချာက တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုဝင်ဘာလ ၄ ရက်နေ့တွင် (၂၂) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များကို ဆွေးနွေးသည့် အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းနေ့ ညနေပိုင်းတွင် (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ တတိယအကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၏ ပိတ်ပွဲအခမ်းအနားနှင့် (၁၁)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ပိတ်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံက ၂၀၂၀ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့်

*စာမျက်နှာ ၅ သို့*

❀ *ရွှေဖုံးမှ*

မစ္စစ် ဆူဖတ်သရာဆီမိုင်း သရီဖိတပ် နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ပြန်လည်လိုက်ပါ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါ လာကြသည်။

သတင်းစဉ်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အား ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာ ရေးဝန်ကြီး Mr. Anutin Charnvirakul နှင့် တာဝန်ရှိ သူများက ပို့ဆောင်နှုတ်ဆက် ကြစဉ်။ သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ဗီယက်နမ်နိုင်ငံထံသို့ အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်း ပေးအပ်ခဲ့သည်။

(၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး တွင် စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲသည့် အာဆီယံအသိုက် အဝန်း တည်ဆောက်ရာတွင် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ အာဆီယံ၏ အနာဂတ်ဦးတည်ချက် စသည့်ကိစ္စရပ် များအပြင် တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့် ကိုရီး ယားကျွန်းဆွယ်အရေးကိစ္စတို့အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ အာဆီယံ ဥက္ကဋ္ဌက သိမ်မွေ့ရှုပ်ထွေးသည့် ရခိုင်ပြည်နယ်အရေးကိစ္စ အား ဖြေရှင်းရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု များကို ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ် ကြောင်း၊ နေရပ်စွန့်ခွာသူများအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန် ဒေသခံအသိုက် အဝန်းများကို အကျိုးရှိစေမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးစီမံချက်များကို ဖော်ဆောင်ရာတွင် အာဆီယံ အတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံ သက်သောင့်သက်သာရှိသည့် မိတ်ဆွေများနှင့် ပူးပေါင်းခြင်းဖြင့် အာဆီယံ၏အခန်းကဏ္ဍကို တိုးမြှင့် သွားသင့်ကြောင်း၊ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာရေးအစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်ကို ကူညီပံ့ပိုးမည့် ယာယီ အထောက်အကူပြုအဖွဲ့ (Ad Hoc Support Team) တစ်ခုထားရှိရန် အာဆီယံအတွင်းရေးမှူးချုပ်၏ အဆိုပြု ချက်ကို သဘောတူထောက်ခံကြောင်း ထည့်သွင်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့အနေဖြင့် မိတ်ဆွေအာဆီယံနိုင်ငံအချို့၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်း၊ မိမိတို့သည် အာဆီယံအတွင်းရေးမှူး ချုပ်ရုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသလို ဆက်လက်ပူးပေါင်းသွားရန် အဆင်သင့်ရှိကြောင်း၊ နည်းပညာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေး တွင် ဆွေးနွေးအတည်ပြုခဲ့သည့် ဦးစားပေးစီမံချက် (၇) ခုကို ဆောလျင်စွာ အကောင်အထည်ဖော်သွားမည် ဖြစ်ပြီး၊ ယင်းအကြံပြုချက်များကို ဆောလျင်စွာအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အထောက် အကူပြုအဖွဲ့တစ်ခု ထားရှိသင့်သည်ဟု အာဆီယံ အတွင်းရေးမှူးချုပ်နှင့် သဘောတူညီထားကြောင်း၊ ရခိုင် ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဘေးကင်းလုံခြုံ ရေးအတွက် မိမိတို့ကို အစဉ်တစိုက် ထောက်ခံအားပေးကြ သည့် မိတ်ဆွေများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ဝင်ရောက်နိုင်သည့် ပတ်ဝန်းကျင်ဖန်တီးရာတွင် မိတ်ဆွေများအနေဖြင့် မိမိ တို့ကို ဆက်လက်ကူညီကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးအပြီးတွင် (၃၅)ကြိမ် မြောက် အာဆီယံထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၏ ကြေညာ ချက်ကို ထုတ်ပြန်သည်။ အဆိုပါကြေညာချက်တွင် ရခိုင် ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အာဆီယံ ခေါင်းဆောင်များက ပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော် မည့် နည်းပညာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်း အဝေးတွင် ပထမအဆင့်အဖြစ် အကောင်အထည်ဖော်ရန် ဆွေးနွေးအတည်ပြုခဲ့သည့် ဦးစားပေးစီမံချက်(၇)ခုကို ကြိုဆိုကြောင်း၊ အလွတ်သဘောသုံးပွင့်ဆိုင် ဝန်ကြီးအဆင့် အစည်းအဝေး၏ သဘောတူညီချက် (၃) ရပ် အကောင် အထည်ဖော်ရေးကို ထောက်ခံကြောင်း၊ ပဏာမဆန်းစစ် လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးမည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ယာယီအထောက် အကူပြုအဖွဲ့ (Ad Hoc Support Team) တစ်ခု ထားရှိရန် အာဆီယံအတွင်းရေးမှူးချုပ်၏ အဆိုပြုချက်ကို ကြိုဆို ကြောင်း၊ လူသားချင်းစာနာမှု အကူအညီများပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီပံ့ပိုးခြင်းနှင့် ရခိုင်ပြည်နယ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် အာဆီယံ၏ ကူညီပံ့ပိုးမှုကို ထပ်လောင်းအတည်ပြုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေး နှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအား ပေးကြောင်း ဖော်ပြထားသည်။

(၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများတွင် စက်မှုတော်လှန်ရေး ၄.၀ ဆီသို့ ပြောင်းလဲရေးဆိုင်ရာ အာဆီယံကြေညာချက် (ASEAN Declaration on Industrial Transformation to Industry 4.0)၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်ကွန်ဗင်းရှင်းညီလာခံ၏ (၂၅) ကြိမ် မြောက် အစည်းအဝေးသို့ တင်သွင်းမည့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အာဆီယံပူးတွဲထုတ်ပြန်ချက် (ASEAN Joint Statement on Climate Change to the 25th Session of the Conference of the Parties to the United Nations Framework Comvention on Climate Change (UNFCCC COP 25))၊ ရွှေ့ပြောင်းနေ ထိုင်မှုဖြစ်စဉ်တွင် ကလေးသူငယ်များ၏ အခွင့်အရေး ဆိုင်ရာ အာဆီယံကြေညာချက် (ASEAN Declaration on the Rights of Children in the Context of Migra–tion)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ အတွက် ပညာရေးမိတ်ဖက်တိုးမြှင့်ရေးဆိုင်ရာ ဗန်ကောက် ကြေညာချက် (Bangkok Declaration on Advancing Partnership in Education for 2030 Agenda for Su–stainable Development in ASEAN)၊ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်တွင် ကောင်းမွန်သော အုပ်ချုပ်မှုတိုးတက် ရေးနှင့် သွက်လက်သော ပြည်သူ့ဝန်ဆောင်မှု အရှိန် မြှင့်တင်ရေးဆိုင်ရာ အာဆီယံထုတ်ပြန်ချက် (ASEAN Statement on Promotion of Good Governance and Acceleration of an Agile Civil Service in a Digital Economy)၊ ပေါင်းစည်းဆက်သွယ်မှုအစီအစဉ်များ အကြား ဆက်သွယ်ခြင်းဆိုင်ရာ အာဆီယံအပေါင်းသုံး ခေါင်းဆောင်များ၏ ထုတ်ပြန်ချက် (ASEAN Plus Three Leaders' Statement on Connecting the Connectivites Initiative)၊ နယ်စပ်ဖြတ်ကျော်မှုခင်းများကို နှိမ်နင်းရာ တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရှေ့အာရှထိပ်သီး အစည်းအဝေးခေါင်းဆောင်များ၏ ထုတ်ပြန်ချက် (East Asia Summit Leaders' Statement on Cooperation to Combat Transnational Crime) စသည်တို့အပါအဝင် စာရွက်စာတမ်း (documents) (၄၄) ခုကို ထုတ်ပြန်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်**

*စာမျက်နှာ ၃ မှ*

အခြေအနေများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

၆။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကြီးအကဲဖြစ်သူ Ms. Kristalina Gerogieva အား ၃-၁၁-၂၀၁၉ ရက်နေ့တွင် လက်ခံတွေ့ဆုံ ခဲ့သည်။ ယင်းသို့ တွေ့ဆုံရာတွင် IMF မှ မြန်မာနိုင်ငံအတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာအကူအညီများ ဆက်လက်ပေးအပ်သွားရေး၊ ဈေးကွက်စီးပွားရေးနှင့် ဘဏ်လုပ်ငန်းများ ထွန်းကားဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်လာရေး၊ ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးစနိုင်ငံများ၏ ငွေကြေးနှင့်ဘဏ္ဍာရေးကဏ္ဍ အတွေ့အကြုံ များ၊ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ ဖလှယ်သွားရေးနှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းဆဲ ကာလအတွင်း ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

၇။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Gianni Infantino အား ၃-၁၁-၂၀၁၉ ရက်နေ့တွင် လက်ခံတွေ့ဆုံခဲ့ရာတွင် မြန်မာနိုင်ငံ၏ ဘောလုံးအားကစား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာအမျိုးသား၊ အမျိုးသမီးဘောလုံးအားကစား သမားများ၏ အားကစားစွမ်းရည်မြင့်မားလာရေး၊ လူငယ်များအကြား ဘောလုံးအားကစားနည်းနှင့် ပိုမိုအကျွမ်းတဝင်ရှိလာရေး၊ ဘောလုံးနည်းစနစ် များ၊ ဘောလုံးအကယ်ဒမီများ၏ အရည်အသွေးမြှင့်တင်ရေး၊ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်နှင့် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် ကမ္ဘာ့ဘောလုံးသမားအကျော်အမော်များ မြန်မာ နိုင်ငံသို့ လာရောက်၍ မြန်မာလူငယ်များနှင့် တွေ့ဆုံမှုများပြုလုပ်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့သည်။ နိုင်ငံတော် ၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အား မြန်မာလူငယ် များအကြား အားကစားအပေါ် ပိုမိုစိတ်ဝင်စားလာစေရေး၊ ကျန်းမာရေး နှင့်ကိုက်ညီသည့် လူနေမှုပုံစံဖြစ်ပေါ်လာရေး၊ အသင်းအဖွဲ့စိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကားလာရေးနှင့် မြန်မာ့ဘောလုံးအဆင့်အတန်းအား ယခင်ကဲ့သို့ အာရှထိပ်တန်းအဆင့်သို့ ပြန်လည်ရောက်ရှိရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကူညီပံ့ပိုးပေးရန် အလေးထားဆွေးနွေးခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လိုအပ်သော တိုင်းရင်းသားဘာသာ သင်ရိုးကျောင်းသုံးပုံနှိပ်စာအုပ် လိုအပ်ချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းလာပါက စိစစ်ဆောင်ရွက်ပြီး ပုံနှိပ်၍ အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက ဒေါက်တာအေးကြူသည် လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ကာ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကွယ်လွန် အနိစ္စရောက်သွားပြီဖြစ်သည့်အတွက် ဒေါက်တာအေးကြူအတွက် ဝမ်းနည်း ကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ဒေါက်တာအေးကြူ ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်း ကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် မတ်တပ်ရပ် ငြိမ်သက်ကြသည်။

### ဒေါက်တာအေးကြူ ကွယ်လွန်ခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာ နေ့တွက်စရိတ် ငွေကျပ် ၈၆ သိန်း ၄ သောင်းကို ကျန်ရစ်သူ မိသားစုထံ ပေးပို့သွားမည်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒေါက်တာအေးကြူ ကွယ်လွန်ခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာ နေ့တွက်စရိတ်ဖြစ်သော ငွေကျပ် ၈၆ သိန်း ၄ သောင်းကို ကျန်ရစ်သူ မိသားစုထံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ဒေါက်တာအေးကြူ ကွယ်လွန်အနိစ္စရောက်ခြင်း အတွက် ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၈ တွင် ပြဋ္ဌာန်းထားပြီးဖြစ်

ထို့နောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ငြိမ်းချမ်းစွာစုဝေး ခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များက ထုတ်ပြန်ထားသော ဒေသန္တရစည်းကမ်း ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘောထားကွဲလွဲဆန့်ကျင်မှုများကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ အခန်း(၅)ပါ စည်းကမ်းချက်များမှာ ပုဒ်မ ၈ မှ ပုဒ်မ ၁၂ အထိ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဋ)တွင် ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် (သို့မဟုတ်)အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ် ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်းမပြုရဟူ၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၈ တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်း စွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ ထုတ်ပြန်သော ဒေသန္တရအမိန့်များ သည် ငြိမ်းစုစီပြုလုပ်လိုသူများအား အနှောင့်အယှက်နှင့် ဟန့်တားမှု၊ စိတ်ကို ငြိုငြင်မှုများ ပေါ်ပေါက်သည်ဟု ထင်မြင်သည့်အတွက် တည်ဆဲဥပဒေနှင့် မညီ ညွတ်ဟု ယူဆပါက ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၆) တရားစီရင်ရေးပုဒ်မ ၂၉၆ ပုဒ်မခွဲ (က)(ခ) တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် ထုတ်ဆင့်ပယ်ဖျက်ပေးနိုင်ပါရန် လျှောက်ထားခွင့်ရှိပါကြောင်း၊ ယခုအချိန်အထိ စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားဆောင်ရွက်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း၏ **သိမ်းဆည်းခံထားရသည့် မြေယာများအပေါ် ပုံစံမမှန်ချထားပေးသော ဂရန်မြေများကို ပြန်လည်စိစစ်၍ မမှန်မကန်ချထားပေးပါက ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူ များထံသို့ ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လက်ရှိအခြေအနေတွင် မန္တလေး ခရိုင်တရားရုံး တရားမကြီးမှု အမှတ် ၄၀၉/၂၀၁၄တွင် ပြီးပြတ်ခြင်းမရှိသေးဘဲ တရားရုံးအဆင့်ဆင့် အမှုရင်ဆိုင်နေဆဲဖြစ်ပါသဖြင့် ဂရန်များကို ပြန်လည် ရုပ်သိမ်းပြီး မူလတောင်သူထံသို့ ပြန်လည်ချထားပေးရန်မှာ တရားရုံးအမိန့် အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား သည်။


နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်


ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


စစ်ကိုင်း မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း

### အစိုးရစက်မှုလက်မှုသိပ္ပံ(စစ်ကိုင်း) ဖွင့်လှစ်နိုင်ရေး အတည်ပြုသတ်မှတ် မြေနေရာရရှိမည်ဆိုပါက စိစစ်ဆောင်ရွက်သွားမည်

စစ်ကိုင်း မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **စစ်ကိုင်းမြို့နယ်အတွင်းရှိ လူငယ်၊ လူရွယ်များ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူ နိုင်ရန် ကျောက်တာကျေးရွာအနီးတွင် အဆင်သင့်ရှိနေသော မြေရိယာ (၁၄)ကေကျော်ခန့်ပေါ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လွှတ်တော်ကိုယ်စားလှယ် အဆိုပြုထားသည့် စစ်ကိုင်းမြို့ မြောက်ဘက်ကပ်လျက် ကျောက်တာကျေးရွာအနီး မြေရိယာ ၁၄ ဧကခန့်သည် အစိုးရစက်မှုလက်မှုသိပ္ပံ(စစ်ကိုင်း) ဖွင့်လှစ်နိုင်ရေး အတွက် သင့်တော်ကောင်းမွန်သော မြေနေရာဖြစ်ပြီး အတည်ပြုသတ်မှတ် မြေနေရာရရှိမည်ဆိုပါက ပညာရေးဝန်ကြီးဌာနအနေဖြင့် နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက် လိုအပ်နေသည့် အသက် မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်၊ လူရွယ်များ တစ်သက်တာ သင်ယူမှု အခွင့်အလမ်းများ ရရှိနိုင်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေထည့် သွင်းလျာထားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) ရှိ မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦသည် ဟောင်းနွမ်းပြီး အန္တရာယ်ရှိ ရုံးအဆောက်အဦအဖြစ် တည်ရှိနေသောကြောင့် အဆောက်အဦအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးမြေနေရာတွင် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရရှိပြီးမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ ငွေလုံးငွေရင်း တည်ဆောက်ရေးအတွက် စီမံကိန်းတွင် အဆိုပြုတင်ပြနိုင်မည်ဖြစ်ပါကြောင်း၊ ထိုမြေစာရင်းပုံစံရရှိပြီးမှသာ အန္တရာယ်ရှိအဆောက်အားဖျက်သိမ်း၍ ပေ (၉၀-၃၀) မြေနေရာနှင့် လိုက်လျော ညီထွေဖြစ်သည့် RCC (၃)ထပ်ဆောင်တစ်ဆောင်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး)စာရင်းတွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ထီးလင်းမြို့နယ်တွင် အဆောက်အဦလိုအပ်ချက်များ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးခဲ့

ထီးလင်း မဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ **ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနအနေဖြင့် ကျောင်းဆောင်သစ် လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အမှန်တကယ် လိုအပ်သော ကျောင်းများကို ဦးစားပေးဖြည့်ဆည်းပေးနိုင်ရေး အတွက် မူဝါဒပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ထီးလင်းမြို့နယ် တွင် အဆောက်အဦလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် လုပ်ငန်း (၁၇) ခု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း (၅)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း (၁၁) ခု လျာထား ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်း (၂) ခု ဖြစ်သော မူလွန်ရေပုတ်၌ ပေ ၆၀ ရှိ Steel Structure (၁) ထပ် အသစ်ဆောက်လုပ်ရန် ငွေကျပ် ၃၇ ဒသမ ၂၆ သန်း၊ အထက(ထီးလင်း)ရှိ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၁၀၀-၃၀) Steel Structure (၂)ထပ် အသစ်ဆောက်လုပ်ရန် ငွေကျပ် ၁၂၄ ဒသမ ၂ သန်း ထည့်သွင်းလျာထားဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြား သည်။

### တောင်တွင်းကြီးမြို့ ရွှေအိုး (၂) ရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် လေးထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **တောင်တွင်းကြီးမြို့ပေါ်ရှိ ရွှေအိုး(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းဝိုင်းမြေ ကျဉ်းမြောင်းခြင်းနှင့် အဆောက်အဦများ သက်တမ်းရင့် အိုမင်းနေခြင်းတို့ကြောင့် လေးထပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တောင်တွင်းကြီးမြို့ ရွှေအိုး (၂) ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လေးထပ်ကျောင်း ဆောင် ဆောက်လုပ်ပေးနိုင်ရန်အတွက် အဆိုပါ ရပ်ကွက်အတွင်းတည်ရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (တောင်တွင်းကြီး)၏ ကျောင်းသားဝင်ဆံ့အင်အား၊ အဆောက်အဦအခြေအနေ၊ ပရိဘောဂပြည့်စုံမှု တို့ကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ ကျောင်းမြေနေရာ အနေအထားအရ လည်းကောင်း၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေအရလည်းကောင်း၊ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရလည်းကောင်း လာမည့်ဘဏ္ဍာရေး နှစ်တွင် လေးထပ်ကျောင်းဆောင် ထည့်သွင်းလျာထားနိုင်ရေး စိစစ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရ အခြေခံ ပညာကျောင်းများတွင် တိုင်းရင်းသားလူမျိုးများအလိုက် တိုင်းရင်းသား ဘာသာစာပေ ကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေပေးရန်နှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်လာပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာသင်ရိုးနှင့်ပတ်သက်၍ သင်ထောက်ကူ ပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင် နှစ်တွင် လိုအပ်သော တိုင်းရင်းသားဘာသာ သင်ရိုးကျောင်းသုံးပုံနှိပ်စာအုပ် လိုအပ်ချက်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းလာပါက အခြေခံပညာ ဦးစီးဌာနအနေဖြင့် အဆင့်ဆင့် စိစစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနက ပုံနှိပ်၍ အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင် ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကရသူရီမြို့နယ်အတွင်း တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ခွင့်ပြုမိန့်ရရှိခဲ့သော ဧရိယာများနှင့် ပတ်သက်၍ ကျန်ရှိသော ဧရိယာများအား ပြန်လည်သိမ်းဆည်းပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တရားခံကို ကိုယ်တိုင်ဖမ်းဆီးခြင်းမှာ အစဉ်အလာအရ တရားရုံးများက ဆောင်ရွက်ခြင်းမရှိ

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **တရားဥပဒေကို မထီမဲ့မြင်ပြုကြသော ဝရမ်းပြေးကိစ္စရပ်များ လျော့နည်းပပျောက်သွားစေရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က တရားခံပြေး၊ ဝရမ်းပြေးမှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များသည် ပြီးပြည့်စုံပါကြောင်း၊ တရားခံကို သွားရောက်ဖမ်းဆီးခြင်းတွင် တရားရုံးများသည် ဝရမ်းထုတ်ပေးရန် တာဝန်၊ တရားခံ၏ နေအိမ် သို့မဟုတ် ပစ္စည်းများကို ဝရမ်းကပ်ပေးရန်တာဝန်၊ အာမခံပေးပြီးမှ တရားခံထွက်ပြေးပါက အာမခံသူများကို အရေးယူသည့်တာဝန်၊ မူရင်းတရားခံနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာသိမ်းသည့် တာဝန်များမှအပ တရားခံကို ကိုယ်တိုင်ဖမ်းဆီးခြင်းမှာ အစဉ်အလာအရ တရားရုံးများက ဆောင်ရွက်ခြင်းမရှိပါကြောင်း။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၅၊ ၅၄တို့တွင် ဥပဒေတစ်ရပ်ရပ်က တရားခံပြေးအဖြစ် ကြေညာထားသည့် တရားခံများကို မည်သူမဆိုဖမ်းဆီးနိုင်ခြင်း သို့မဟုတ် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းနှင့် တရားစွဲအဖွဲ့အစည်းများကို သတင်းပေးပို့ရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်ကို သော်လည်းကောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများကိုသော်လည်းကောင်း ဥပဒေအသိပညာများပေးခြင်းဖြင့် တိမ်းရှောင်နေသည့် တရားခံများကို ဖမ်းဆီးရမိရန် ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ ခွင့်ပြုချက်လည်းမရှိ၊ လျှောက်ထားခြင်းလည်းမရှိဘဲ ကျူးကျော်စိုက်ပျိုးထားသော ဆီအုန်းစိုက်ပျိုးရေး ကုမ္ပဏီကြီးများအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကရသူရီမြို့နယ်အတွင်း တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ခွင့်ပြုမိန့်ရရှိခဲ့သော ဧရိယာများနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ (၁၇)နှင့်အညီ ဖွဲ့စည်းပေးထားသော အထူးအဖွဲ့၏ စိစစ်ချက်အရ စိုက်ပျိုးရန် ကျန်ရှိသော ဧရိယာများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ ပြန်လည်သိမ်းဆည်းပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုဧရိယာထက် ကျော်လွန်စိုက်ပျိုးထားသည့် ဧရိယာများကိုလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း



နေပြည်တော်ကောင်စီဝင် ဦးညီထွန်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ်၊ ထန်တလန် မြို့၊ မြို့မဈေး အဆောက်အဦဟောင်းအား ဖျက်သိမ်းပြီး RC (၃)ထပ် အဆင့်မီ မြို့မဈေးအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းကလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်တွင် သန့်ရှင်းသောရေ ရရှိရေးအတွက် ဘီးလင်းမြစ်ရေ သန့်စင်ရန် မည်ကဲ့သို့ Master Plan ချ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းပြင်ကျေးရွာအုပ်စု၊ မင်းပြင်ကျေးရွာနေ တောင်သူ ဦးမောင်ဖြူဒေါင်း ပါ (၄) ဦးမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စိုက်ပျိုးလုပ်ပိုင်ခွင့်ရရန် လျှောက်ထားခြင်းအပေါ် ကြန့်ကြာနေမှုနှင့် စပ်လျဉ်း၍ သိရှိလိုသည့်** မေးခွန်းတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

### လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း**က ပုဒ်မ ၃ ပုဒ်မခွဲ (၁၀)သည် တောင်သူလယ်သမား၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး တောင်သူလယ်သမားဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသည်ကို ဆိုသည်ဟု ခြေဆင်းတွင် ဖော်ပြထားခြင်းဖြစ်သည့်အတွက် တောင်သူလယ်သမား၏ အင်္ဂါရပ်များနှင့် ပတ်သက်၍ အပိုဒ်ခွဲငယ် ၁ မှ ၅ အထိ အင်္ဂါရပ် ၅ ရပ်ကို ပြဋ္ဌာန်းပေးထားခြင်းဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆွေးနွေးထားပါကြောင်း၊ သို့သော် ယင်းအပိုဒ်ခွဲငယ် ၁ မှ ၅ အထိကို ပြည်သူ့လွှတ်တော်က ပြင်ဆင် ဆွေးနွေးလာသည့်အခါတွင် အပိုဒ်ခွဲငယ် ၁၊ ၃၊ ၄၊ ၅ တို့တွင် ပါဝင်သည့် စကားရပ်ဖြစ်သော အခြားနည်းအသုံးပြု၍ လည်းကောင်း ဆိုသည့် စကားရပ်မှာ ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းပြင်ဆင်ချက် ဥပဒေကြမ်းအား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးလှဆန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးခင်ဝင်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ မိုက်ကယ်ထန်း**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စက်ရုံများ၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဝင်ငွေ တိုးတက်ရှာဖွေနိုင်ရေး၊ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းရေးနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြင့်မား တိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် စွမ်းအင်ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက ကံပေါက် - မြိုင်ကလေး - ရန်ကုန် လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အစားထိုးလဲလှယ်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် ပဉ္စမအကြိမ် လူငယ်ရေပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးသင်တန်းမှ သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူများ အပါအဝင် ၃၂ ဦးတို့သည် အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပနေမှုကို တက်ရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Oriental Reisen Co., Ltd ၏ စီစဉ်မှုဖြင့် ဂျာမနီနိုင်ငံသား ဧည့်သည်နှစ်ဦးတို့သည် အမျိုးသားလွှတ်တော် အဆောက်အဦများကို လာရောက်လေ့လာကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး စတင်ကျင်းပချိန်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ ပြည်တွင်းဧည့်သည် ၂၁၀၇ ဦးနှင့် ပြည်ပဧည့်သည် ၂၂၀၅ ဦးတို့ လာရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၁-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ လွှတ်တော်ရေးရာသတင်းတွင် ကော်လံ ၁ ပါ ခေါင်းစဉ်ငယ်အား **သံတောင်ကြီး၊ ဘောဂလိဒေသနှင့် ဖာပွန်မြို့ကို ဆက်သွယ်ရန်အတွက် လမ်းတစ်လမ်း အဓိကလိုအပ်လျက်ရှိ** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

## ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိစေရန်ဆိုသည့်အချက်ကို အမျိုးသားရေးအမြင်နှင့် အဓိကထားဆောင်ရွက်ရန် ပြောကြား

နေပြည်တော် နိုဝင်ဘာ ၅



ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ e-Government ဦးဆောင်ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့် ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည် တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ ဖြစ်ကြ သည့် ဒေါက်တာခက်အောင်၊ ဦးအယ်လ်ဖောင်းရှို၊ ဦးဆလိုင်း လျန်လွယ်၊ ဒေါက်တာမြင့်နိုင်၊ ဦးမြင့်မောင်၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာ လင်းထွဋ်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟို ဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယက၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

### လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်

အစည်းအဝေးတွင် ဒုတိယ သမ္မတက မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်ရေးအတွက် နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၄/၂၀၁၈ ဖြင့် "e-Government ဦးဆောင်ကော်မတီ" ကို လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ် ဦးဆောင်၍ လည်းကောင်း၊ "e-Government အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ" ကို လုပ်ငန်းတာဝန် (၅) ရပ်ချမှတ်ကာ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါ ကြောင်း။

ဦးဆောင်ကော်မတီ၏ လမ်းညွှန် မှာကြားချက်များကို အောင်မြင်စွာ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်နိုင်ရေးအတွက် ဦးဆောင် ကော်မတီက "e-ID စနစ် လုပ်ငန်း ကော်မတီ" ကို ၂၀၁၈ ခုနှစ်၊ ဇွန် ၁၂ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး "e-ID စနစ် လုပ်ငန်းကော်မတီ" အောက် တွင် ဆပ်ကော်မတီ (၆)ခုနှင့် နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးဆောင် ကြီးကြပ်မှုအဖွဲ့နှင့် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ


ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်။

ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုတို့တွင်လည်း လုပ်ငန်းအဖွဲ့ အဆင့်ဆင့်ကိုဖွဲ့စည်းပြီး လုပ်ငန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါကြောင်း၊ "အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ" အောက်တွင်လည်း လိုအပ်သည့် ဆပ်ကော်မတီ (၈)ခုကို ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီး ဖြစ်ပါ ကြောင်း။

### လုပ်ငန်းများအမြန်ပြီးရေး ပူးပေါင်း

e-Government ဦးဆောင် ကော်မတီ၏ ပထမအကြိမ် အစည်း အဝေးကို ၂၀၁၈ ခုနှစ်၊ မေ ၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် (၅)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၂)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၃)ချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန် ပြီးစီးနိုင်ရေးအတွက် အချိန်တစ်ခု သတ်မှတ်ပြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါ ကြောင်း၊ e-Government စနစ် အလျင်အမြန် တိုးတက်အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျသော အချက်(၃)ချက်ဖြစ်သည့် "ကျွမ်းကျင် မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု" တို့ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း၊ အဆိုပါ အဓိကကျသည့် အချက်(၃) ချက်တွင် "ပူးပေါင်းဆောင်ရွက်မှု" အပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြမှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း ဦးဆောင်ကော်မတီ နာယက၏ လမ်းညွှန်ခဲ့မှုအပေါ် အထူးအလေး ထား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

### အနည်းဆုံး(၃)နှစ်ဆောင်ရွက်ရမည်

e-Government ဦးဆောင် ကော်မတီ၏ ဒုတိယအကြိမ် အစည်း အဝေးကို ၂၀၁၈ ခုနှစ်၊ ဇွန် ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် (၂၁)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၁၁)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၁၀)ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ ဆုံးဖြတ်ချက်များအနက် ကိုရီးယား သမ္မတနိုင်ငံ Economic Development Cooperation Fund (EDCF) ချေးငွေ အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်းဖြင့် တည်ဆောက်မည့် e-GIDC (e-Government Integrated Data Center) တည်ဆောက်ခြင်း လုပ်ငန်းအတွက် ချေးငွေစာချုပ်ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၃ ရက်တွင် လက်မှတ် ရေးထိုးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များသည် အနည်းဆုံး(၃)နှစ်တာ ကာလအတွင်း အဆင့်အလိုက် ဆောင်ရွက်သွားရ မည်ဖြစ်ပါကြောင်း။

### ခွင့်ပြုချက်ရယူဆောင်ရွက်

ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များနှင့် ကုမ္ပဏီကြီးများက ကူညီ ဆောင်ရွက်ပေးလိုသည့် ကိစ္စရပ်များ ရှိပါက သက်ဆိုင်ရာကော်မတီများ က ဦးဆောင်ကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်းသည် လည်း ရေရှည်လုပ်ငန်းတစ်ရပ်ဖြစ်ပါ ကြောင်း၊ Privacy and Data Policy ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ပြည်တွင်းအခြေအနေ၊ ဒေသ အခြေအနေတို့နှင့် လိုက်လျောညီထွေ ရှိစေရေး သေသေချာချာ ချိန်ညှိ ဆောင်ရွက်ရန် လိုသည့်အတွက် အချိန်အနည်းငယ်ယူပြီး ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း၊ ဆုံးဖြတ် ချက် (၅)ချက်မှာ e-ID စနစ် အကောင်အထည် ဖော်နိုင်ခြင်းနှင့် ပတ်သက်နေပါကြောင်း၊ Public Private Partnership (PPP) ဆောင် ရွက်မည့် ပုံစံများနှင့် နည်းလမ်းများ ကို "ဝယ်ယူရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ် ကော်မတီ" က ပြုစုတင်ပြရေးကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

e-Government ဦးဆောင် ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက် တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက် (၁၃)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၁၀)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၃)ချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ အချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ပေးရန် လိုအပ်သည့် အခက်အခဲများ ရှိပါက တင်ပြပေးကြရန် ပြောကြား လိုပါကြောင်း၊ အဆိုပါ ဆောင်ရွက်ဆဲ (၃)ချက်မှာ "e-Government စနစ် စတင်အသုံးပြုနေသည့် ဌာနများနှင့် အသုံးမပြုသေးသည့် ဌာနများ အကြား ဆွေးနွေးညှိနှိုင်းပြီး အတွေ့ အကြုံများ ဖလှယ်သွားရန်" နှင့် "e-Government လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြပြီး တိုးတက်မှုအစီရင်ခံစာကို ဦးဆောင် ကော်မတီသို့ လစဉ်မပျက်မကွက် အချိန်မီ ပေးပို့တင်ပြသွားရန်" အတွက်တို့သည် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် အချက်များ ဖြစ်ပြီး Data Center ငှားရမ်းရန် အတွက် ဆွေးနွေးမှုများ ပြုလုပ်ပြီး ပါက သတ်မှတ်ထားသည့် ငှားရမ်းခ များအား အနီးဆုံးဘတ်ဂျက်၌ တင်ပြ လျာထားဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

### ရေရှည်ဆောင်ရွက်မည့်ဆုံးဖြတ်ချက်

e-Government ဦးဆောင် ကော်မတီ၏ ပထမအကြိမ်မှ တတိယ အကြိမ် အစည်းအဝေးအထိ ဆုံးဖြတ် ချက် စုစုပေါင်း (၃၉)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၂၃)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၁၆)ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများအနက်မှ အချိန်တိုတိုနှင့် ပြီးမြောက်ရမည့် လုပ်ငန်းများကို နောက်လာမည့် အစည်းအဝေး မတိုင်မီ ပြီးစီးအောင်ဆောင်ရွက် ကြရန်နှင့် ရေရှည်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း အမြန် ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများ အသီးသီးမှ လွှင့်တင်ထားသော Website များ၊ e-Service များအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူလူထုသို့ ကောင်းမွန်သော Single Window ဝန်ဆောင်မှုများ ပေးနိုင်ရန် နိုင်ငံတော်အား ကိုယ်စား ပြုသည့် Myanmar e-Government National Portal ကို လွှင့်တင်နိုင်ခဲ့ ပါကြောင်း။

ထို့ပြင် ISO (International Standard Organization) အရ ကိုက်ညီသည့် မြန်မာ Unicode စံ စနစ်ကို ၂၀၁၉ ခုနှစ်၊ ဧပြီ ၁ ရက်ကစပြီး အစိုးရအဖွဲ့အစည်း အားလုံးက လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁ ရက်ကစပြီး မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် လည်းကောင်း အသုံးပြုနေကြပြီ ဖြစ်ပါကြောင်း၊ မြန်မာ Unicode စံစနစ်ကို အရှိန် အဟုန်မပြတ် ပြောင်းလဲအသုံးပြုနိုင် ရေးကို ဆက်လက်တွန်းအားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါ ကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး အစိုးရ ၏ ဝန်ဆောင်မှုများ ရရှိနိုင်ရန် အခွင့်အလမ်းအဖြစ် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် Myanmar Sat-2 ကို လည်း ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၇ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက် ကစပြီး အသုံးပြုနေကြပြီ ဖြစ်ပါ ကြောင်း။

ဗဟို အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသ ကြီး/ ပြည်နယ် အစိုးရအဖွဲ့များက လက်ရှိ IT နှင့် e-Government ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက် သည့် စစ်တမ်းကောက်ယူခြင်း၊ အကဲဖြတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ထိရောက် အကျိုးရှိသော ကွန်ပျူတာသုံး License Software များ အသုံးပြု နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်ဟု သိရှိရပါကြောင်း။

### အဆုံးအဖြတ်ရယူရန်ကိစ္စများတင်ပြ

"e-Government အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ" ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက် တွင် လည်းကောင်း၊ "e-ID စနစ် လုပ်ငန်းကော်မတီ" ၏ စတုတ္ထ အကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်တွင် လည်းကောင်း ကျင်းပ ပြုလုပ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ အဆိုပါ လုပ်ငန်းကော်မတီများ အနေဖြင့် ဦးဆောင်ကော်မတီသို့ တင်ပြအဆုံးအဖြတ်ရယူရန် ကိစ္စ များရှိပါက တင်ပြရန်ဖြစ်ပါကြောင်း။

"e-Government အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ ဦးဆောင် မှု၊ ကြီးကြပ်မှုတို့နှင့်အတူ ဆပ် ကော်မတီအသီးသီး၏ ကြိုးစား ဆောင်ရွက်မှုများ၊ "e-ID စနစ် လုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌတို့၏ ဦးဆောင်မှု၊ ကြီးကြပ်မှု တို့နှင့်အတူ ဆပ်ကော်မတီအသီးသီး ၏ ကြိုးစားဆောင်ရွက်မှုများကြောင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊

*စာမျက်နှာ ၁၁ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးလင်းစိန်က အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်

❈ *ကျောဖုံးမှ*

အဖွဲ့ချုပ်၊ နှစ်ခြင်းအမျိုးသမီး သာသနာပြုအသင်းနှင့် အသင်းတော်များမှ အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဦးနော နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုကိုးကွယ်ခြင်း ဓမ္မသဘင်ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန် အသင်းတော်များအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး သိက္ခာတော်ရ ဆရာ စောထူးအယ်နှင့် သာသနာနယ် အတွင်းရေးမှူးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အစီအစဉ်သဘာပတိ၊ ဓမ္မသဘင်ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဆရာ ဦးဉာဏ်ဝေ ထွန်းက ပဏာမကျမ်းချက်ဖတ်ခြင်း၊ ကောင်းချီးတောင်းခံခြင်း၊ ဓမ္မတေး သီဆိုခြင်းတို့ ဆောင်ရွက်သည်။

ယင်းနောက် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဦးလင်းစိန်က ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြားသည်။

**ကမ္ပည်းတင်နိုင်သည့်နေ့**

ထို့နောက် ဒုတိယသမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာ ၁၈၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်တွင် မြန်မာနိုင်ငံသား တိုင်းရင်းသားထဲမှ ဦးနောဆိုသည့် ပုဂ္ဂိုလ်သည် ဆရာယုဒသန်လက်ဖြင့် နှစ်ခြင်းမင်္ဂလာ



ဦးနော နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုကိုးကွယ်ခြင်း ဓမ္မသဘင်ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောထူးအယ်နှင့် သာသနာနယ်အတွင်းရေးမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ခံယူခဲ့ပါကြောင်း၊ ယင်းနေ့သည် မြန်မာနှစ်ခြင်းခရစ်ယာန်သမိုင်းတွင် "နှစ်ခြင်းခရစ်ယာန်အစ ဦးနောက" ဟု ကမ္ပည်းတင်နိုင်သည့်နေ့လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းနေ့သည် နှစ်ခြင်းခရစ်ယာန်တိုင်း ပါဝင် ကျေးဇူးတော်ချီးမွမ်းရာ နေ့ရက်လည်း ဖြစ်ပါကြောင်း။

အတိတ်ကာလကို ပြန်ကြည့်ပါက အမေရိကန်နှစ်ခြင်းသာသနာပြု အသင်းမှ ဆရာယုဒသန်အပါအဝင် သာသနာပြုဆရာတို့၏ ကိုယ်ကျိုးစွန့် ဝန်ထမ်းမှုများကြောင့် မြန်မာနိုင်ငံတွင် ဦးနော၊ ဦးသာလှ၊ ဦးပြားမှစ၍ နှစ်ခြင်းခရစ်ယာန်ဘာသာဝင်များစွာ ရှိလာသည်မှာ ရှေးဘိုးဘေးများတို့၏ ခိုင်ခံ့သည့်ယုံကြည်မှုကြောင့် ဖြစ်ပါကြောင်း။

**နှစ်ခြင်းမင်္ဂလာပေးရန် ဆုံးဖြတ်ခဲ့**

၁၈၁၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဆရာယုဒသန်တို့ ဇနီးမောင်နှံ ရန်ကုန်မြို့သို့ စတင်ရောက်ရှိခဲ့ပြီး ၆ နှစ်အကြာ ၁၈၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် လှိုင်ဘောလယ်ရွာသား ဦးနောဆိုသည့် ပုဂ္ဂိုလ်သည် ဆရာယုဒသန်နှင့် ထိတွေ့တရားဆွေးနွေးပြီးနောက် ၁၈၁၉ ခုနှစ် မေ ၉ ရက်တွင် သခင်ခရစ်တော်ကို ယုံကြည်လက်ခံပါသည်ဟု အတိအလင်းဝန်ခံပြီး သူ့အား နှစ်ခြင်းပေးရန် စာနှင့်ရေးသားလျှောက်ထားသည့်အတွက် ၁၈၁၉ ခုနှစ် ဇွန် ၁၃ ရက်တွင် နှစ်ခြင်းမင်္ဂလာပေးရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။

သို့သော် ထိုအချိန်ကာလတွင် မြန်မာရှင်ဘုရင် ဘိုးတော်ဘုရားနတ်ရွာစံပြီး မြေးတော် ဘကြီးတော်မင်း ထီးမွေနန်းမွေကို ဆက်ခံစိုးစံ၍ မင်းပြောင်းမင်းလွဲဖြစ်ချိန် ဖြစ်သည့်အတွက် ဦးနောကို နှစ်ခြင်းပေးမည့်ရက်ကို ရွှေ့ဆိုင်းပြီး ၁၈၁၉ ခုနှစ် ဇွန်လ ၂၇ ရက် တနင်္ဂနွေနေ့တွင် ထိုအချိန်ကရှိခဲ့သည့် ဆံတော်ကြိုလမ်းအနီးရှိ လိပ်ပြာကန်တွင် ဦးနောကို နှစ်ခြင်းမင်္ဂလာပေးခဲ့ပါကြောင်း၊ ထို့နောက် ဦးသာလှ၊ ဦးပြား၊ ဦးရွှေဘေး၊ ဦးမြတ်ယာ၊ ဦးသာယာ၊ ဦးညိုဒွေး၊ ဦးဂွယ်၊ ဦးရွှေငုံနှင့် ဒေါ်မင်းလှ (ခေါ်) ဒေါ်မင်းလေးတို့သည် အစဉ်အတိုင်း နှစ်ခြင်းမင်္ဂလာခံယူခဲ့သည်ကို တွေ့ရပါကြောင်း။

**တတ်နိုင်သည့်ဘက်က ထမ်းဆောင်**

၁၈၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဒေါ်မင်းလှ (ခေါ်) ဒေါ်မင်းလေးသည် သူနေထိုင်သည့် နန်းတော်ကုန်းရပ်တွင် ကလေးသူငယ်များအတွက် စာသင်ကျောင်း တစ်ကျောင်းကို ကိုယ်တိုင်ဦးစီး၍ ဖွင့်ခဲ့သည်ကို နှစ်ခြင်းခရစ်ယာန်သမိုင်းတွင် တွေ့ရပါကြောင်း၊ ၎င်းသည် ပထမဦးဆုံး ခရစ်ယာန် စာသင်ကျောင်းဖြစ်ပြီး ရှေးနှစ်ခြင်း ခရစ်ယာန်တို့သည် ဘာသာရေးသာမက တိုင်းပြည်ဖွံ့ဖြိုးရေးတွင် အဓိကကျသည့် ပညာရေးလုပ်ငန်းကို အတွေးအမြင်ကျယ်စွာနှင့် တတ်နိုင်သည့်ဘက်ကနေ ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အလားတူ ယနေ့ ဒီမိုကရေစီနိုင်ငံကို ထူထောင်နေသည့် အချိန်တွင် နှစ်ခြင်းခရစ်ယာန်တို့သည် ရှေးကနဦး ယုံကြည်သူများကဲ့သို့ ဘာသာရေးအပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ဘုရားဖန်ဆင်းသည့် လူသားများ၏ လူမှုဘဝ တိုးတက်ရေးတွင် အတွေးအမြင်ကျယ်စွာဖွင့်ပြီး ကိုယ်တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းထမ်းဆောင်ကြရန် အလျဉ်းသင့်၍ တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန် အသင်းတော်များ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန် အသင်းချုပ်ကြီး၏ အဖွဲ့ဝင်၊ လူမျိုးစုနှင့် ဒေသန္တရအဖွဲ့ချုပ် (၁၈)ပါးအနက် တစ်ပါးအပါအဝင် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ပြီး မြန်မာစကားဖြင့် ကိုးကွယ်ဝတ်ပြုသည့် အသင်းတော်များ ယနေ့အထိ (၁၅၅)ပါးဖြင့် ဖွဲ့စည်းထားသော အဖွဲ့ချုပ်ဖြစ်သည်ကို သိရှိရပါကြောင်း။

၁၉၆၉ ခုနှစ်ကလည်း ဦးနော နှစ်(၁၅၀) ဓမ္မသဘင်ကြီးကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ယခုနှစ်ပေါင်း ငါးဆယ်ကြာ နောက်တစ်ကြိမ် ကျင်းပသည့် နှစ်(၂၀၀) ဓမ္မသဘင်ကြီးကို မိမိတို့ ပါဝင်ဆင်နွှဲခွင့်ရခြင်းသည် ကြုံတောင့်ကြုံခဲဖြစ်သည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြရန် ပြောကြားလိုပါကြောင်း။

**ကိုးကွယ်ရာဘာသာအသိအမှတ်ပြု**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးဘိုးဘေးဘီဘင်တို့လက်ထက် ရှေးပဝေသဏီခေတ်ကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ကြသည့် တိုင်းပြည်ဖြစ်ပါကြောင်း၊ အများစုက ဗုဒ္ဓဘာသာဝင် ဖြစ်ကြသော်လည်း ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာများကိုလည်း ကိုးကွယ်ရာ ဘာသာများအဖြစ် တရားဝင် အသိအမှတ်ပြုထားပါကြောင်း။

ဘာသာတရား အသီးသီး၏ အဆုံးအမအောက်တွင် မေတ္တာတရားကိုအခြေပြု၍ အသက်ရှင်ကြပါကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို လူတိုင်းနှစ်သက်ကြပါကြောင်း၊ ထို့ကြောင့်လည်း ယခုနိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အထူးတလည် အာရုံစိုက်ဆောင်ရွက်နေသည်ကို မြင်တွေ့ကြမည်ဖြစ်ပါကြောင်း၊ ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရန် ခရစ်ယာန်တိုင်း၊ အသင်းတော်တိုင်းကလည်း ဆုတောင်းပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

**နိုင်ငံသားကောင်းတစ်ဦး**

ဘာသာရေးဆိုင်ရာအသင်းတော်များတွင်ဖြစ်စေ၊ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများတွင်ဖြစ်စေ စည်းလုံးညီညွတ်မှုသည် လွန်စွာအရေးကြီးပါကြောင်း၊ စည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပျက်စီးတတ်ပါကြောင်း၊ အသင်းတော်များ စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် စာတန်၏ ဝါးမျိုခြင်းကို ခံရတတ်ပါကြောင်း၊ အလားတူ နိုင်ငံရေးတွင်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် သူတစ်ပါး၏ ဝါးမျိုခြင်းကို ခံရတတ်ပါကြောင်း၊ ထို့ကြောင့် နှစ်ခြင်းခရစ်ယာန် ဘာသာဝင်တို့သည် အသင်းတော်များ စည်းလုံးညီညွတ်မှုအင်အားကို တည်ဆောက်သကဲ့သို့ နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့်အညီ နိုင်ငံတော်၏ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်သွားရန် လိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံသားကောင်းတစ်ဦးအနေနှင့် ပါဝင်တည်ဆောက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**"နိုင်ငံရေးတွင်လည်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် သူတစ်ပါး၏ ဝါးမျိုခြင်းကို ခံရတတ်၊ နှစ်ခြင်းခရစ်ယာန်ဘာသာဝင်တို့သည် အသင်းတော်များ စည်းလုံးညီညွတ်မှုအင်အားကို တည်ဆောက်သကဲ့သို့ နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့်အညီ နိုင်ငံတော်၏ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်"**

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသားများထဲမှ ပထမဆုံး နှစ်ခြင်းခရစ်ယာန်ဖြစ်သူ ဦးနော နှစ်ခြင်းမင်္ဂလာခံယူခြင်း နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင်တွင် အတူတကွ ကျေးဇူးတော်ချီးမွမ်းလျက် နိုင်ငံသားကောင်း သမီးကောင်းများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တတ်အားသရွေ့ ဝိုင်းဝန်းကြိုးပမ်း ပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း သာယာရေးအတွက် ဆုတောင်းပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန်အသင်းတော်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးလင်းစိန်က အမှတ်တရ လက်ဆောင်ပေးအပ်သည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဒေါ်သန်းမြင့်အောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန်အသင်းတော်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးလင်းစိန်နှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ သာသနာပြုအသင်းများနှင့် အသင်းတော်များမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ရန်ကုန် ကချင်နှစ်ခြင်းအသင်းတော်မှ ဓမ္မသံစုံ သီချင်း ကျူးအေးခြင်းနှင့် အသင်းတော်များမှ ပေးပို့လာသည့် သဝဏ်လွှာများအား တာဝန်ရှိသူများက ဖတ်ကြားခြင်းများ ပြုလုပ်ပြီး ကောင်းချီးပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

*ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးပြု၍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြေယာအငြင်းပွားမှုများကို ကူညီဖြေရှင်းပေးနိုင်ရန်နှင့် ကော်မတီမှ စိစစ်ရမည့် ဥပဒေများကို ဆန်းစစ်လေ့လာပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် - (စာတည်းအဖွဲ့)*

# အခုလက်ရှိမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့နဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲဖို့ ဆောင်ရွက်နေပါတယ်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း**

**နန္ဒဝင်း**

**တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးပြု၍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြေယာအငြင်းပွားမှုများကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဖွဲ့စည်းခဲ့သည်။**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များရှိပါက လွှတ်တော်သို့ တင်ပြရသည်။

ထို့ပြင် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်မှု ရှိ၊ မရှိ စောင့်ကြည့်ထိန်းညှိ ကူညီရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တာဝန်ယူစိစစ်ရမည့် ဥပဒေ ၂၃ ခုရှိပြီး အတည်ပြုပြဋ္ဌာန်းပြီး ဥပဒေ ၁၃ ခု၊ စိစစ်ဆဲဥပဒေ ခုနစ်ခု၊ ပြင်ဆင်ရန်မလိုသည့် ဥပဒေ နှစ်ခုနှင့် ရုပ်သိမ်းမည့်ဥပဒေ တစ်ခုတို့ကို စိစစ်ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးရန်လင်း**
**ကျိုက်လတ်မဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ**

ဒီကော်မတီကို ပါတီပေါင်းစုံက ကိုယ်စားလှယ်တွေပါဝင်တဲ့ အဖွဲ့ဝင် ၁၉ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ လုပ်ငန်းတာဝန်တွေကတော့ စိုက်ပျိုးရေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်



ဥက္ကဋ္ဌ ဦးရန်လင်း



အတွင်းရေးမှူး ဦးမောင်မောင်ဦး

ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေတွေကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ရေးဆွဲဖို့ တာဝန်လည်းပါပါတယ်။

ဒီကော်မတီမှာ အခုလက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေနဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီး သီးနှံအာမခံဥပဒေ ပေါ်ထွန်းဖို့၊ စုပေါင်းလယ်ယာစနစ်ဥပဒေပေါ်ထွန်းဖို့ ကိစ္စတွေကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လတ်တလောမှာ သမဝါယမအသင်းဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ကိုလည်း ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။

ဒီကော်မတီမှာ မြေယာနဲ့ပတ်သက်တဲ့၊ စိုက်ပျိုးရေးပညာနဲ့ပတ်သက်တဲ့ တိုင်စာတွေလည်း ရောက်ရှိပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီတွေကို ဆက်လက်ပေးပို့ပြီး ဆောင်ရွက်ပါတယ်။ တိုင်စာရတဲ့အခါ တိုင်စာရရှိကြောင်းနဲ့ သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားတာတွေကိုလည်း ကာယကံရှင်ထံ အကြောင်းပြန်ပေးပါတယ်။

ကော်မတီအနေနဲ့ တနင်္လာနေ့တိုင်း ပုံမှန်အစည်းအဝေးတွေ ကျင်းပပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာနဲ့ ပြည်တွင်းက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့တွေ့ဆုံပြီး သူတို့ရဲ့တင်ပြချက်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါတယ်။

နောက်ပြီး Industrial Hemp လို့ခေါ်တဲ့ စက်မှုလုပ်ငန်းအတွက် စိုက်ပျိုးတဲ့ လျှော်ပင်ကို မြန်မာနိုင်ငံမှာ တရားဝင် စိုက်ပျိုးလို့ရအောင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ဘယ်လို ပြင်ဆင်လို့ရမလဲဆိုတာကိုလည်း ဆွေးနွေးနေဆဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေက မူးယစ်စေတတ်တဲ့ ဓာတုပစ္စည်း ဘယ်လောက်ပဲပါပါ မူးယစ်ဆေးလို့ သတ်မှတ်ပါတယ်။ အခု Industrial Hemp လို့ခေါ်တဲ့ စက်မှုလုပ်ငန်းအတွက် စိုက်ပျိုးတဲ့ လျှော်ပင်ဟာ မူးယစ်စေတတ်တဲ့ ဓာတုပစ္စည်း ၀ ဒသမ ၃ ရာခိုင်နှုန်း အောက်ပဲ ပါဝင်တယ်။ ၀ ဒသမ ၃ ရာခိုင်နှုန်းအောက်ဆိုရင် မူးယစ်စေတတ်တဲ့ အာနိသင်မရှိတော့ပါဘူး။

ဒါကြောင့် နိုင်ငံတကာမှာ ဒီအပင်ကို အစိုးရက ဦးစီးပြီး ဥရောပနိုင်ငံတွေ၊ အမေရိကန်နဲ့ အခုဆိုရင် အိမ်နီးနားချင်း ထိုင်းနိုင်ငံမှာပါ စတင်စိုက်ပျိုးနေပါပြီ။ သူက အပင်သက်တမ်း လေးလလောက်ပဲကြာပါတယ်။ မြေဩဇာအများကြီးမလိုဘူး။ ပိုးသတ်ဆေး မသုံးရပါဘူး။ ပတ်ဝန်းကျင်လည်း သန့်ရှင်းတယ်။ တောင်သူတွေအနေနဲ့လည်း လေးလတစ်ဖြတ်၊ လေးလတစ်ဖြတ် ဝင်ငွေရမှာ ဖြစ်ပါတယ်။ ဝင်ငွေလည်းကောင်းသလို အပင်မျိုးစိတ်အလိုက် လျှော်ကိုယူမယ်ဆိုရင် တချို့လျှော်တွေက အခုသုံးနေတဲ့ ပလတ်စတစ်အိတ်နေရာမှာ အစားထိုးသုံးလို့ရသလို အဝတ်အထည်တွေ၊ ကားဘီးတွေ၊ ကားဒက်စ်ဘုတ်တွေအတွက်လည်း သုံးလို့ရပါတယ်။

ပင်စည်ကိုကြိတ်ပြီး အိမ်နံရံတွေအတွက်လည်း အသုံးပြုနေပါပြီ။ လူသုံးကုန်ပစ္စည်းအမျိုးပေါင်းများစွာ ထုတ်လုပ်လို့ရပါတယ်။ ချောကလက်လည်း ထုတ်လို့ရပါတယ်။ သူ့ရဲ့အစေ့ကိုစားမယ်ဆိုရင်လည်း ကျန်းမာရေးအတွက် အင်မတန် ကောင်းပါတယ်။ ဒါတွေကို နိုင်ငံတကာမှာ FDA ရဲ့ စစ်ဆေးထောက်ခံချက်နဲ့ တွင်တွင်ကျယ်ကျယ် ရောင်းချနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် တောင်သူက ရက် ၉၀ မျိုးစေ့ ဝယ်စိုက်တယ်။ အဲဒီမျိုးစေ့က မျိုးမမှန်လို့ ရက်ပေါင်း ၁၀၀ ကျော်တဲ့အထိ အနှံကထွက်မလာခဲ့ဘူး။ အဲဒီလိုဆိုရင် ဌာနဆိုင်ရာ နည်းဥပဒေအရပဲ အရေးယူလို့ရတယ်။ စိုက်တဲ့တောင်သူအတွက် နစ်နာမှုကို လျော်ကြေးအနေနဲ့ ဘယ်လောက်ပေးရမယ်လို့ ဥပဒေမှာမပါဘူး။ ဒါကြောင့် တောင်သူမနစ်နာတဲ့ လျော်ကြေးမျိုးထည့်ပေးဖို့ စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ ဥပဒေတွေဖြစ်တဲ့ မျိုးစေ့ဥပဒေနဲ့ မြေဩဇာဥပဒေတို့ကို ပြင်ဆင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။

နောက်တစ်ခုက စိုက်ပျိုးရေးမှာ သီးနှံအာမခံစနစ်တစ်ခု လိုအပ်နေပါတယ်။ ရေကြီးလို့၊ မိုးခေါင်လို့ ပျက်စီးတဲ့သီးနှံကို အာမခံဖို့အတွက် ဧရာဝတီတိုင်းဒေသကြီးမှာ စတင်ဆောင်ရွက်နေပါတယ်။ အခုတော့ စပါးတစ်ခုပဲ ဆောင်ရွက်ရပါသေးတယ်။ နောင်ကိုသီးနှံမျိုးစုံ အာမခံပေးဖို့ အစီအစဉ်လုပ်ပါမယ်။ အရင် ကျွဲ၊ နွားဈေးနှုန်းက ငွေကျပ် သုံးသိန်း၊ လေးသိန်းလောက်ရှိခဲ့ပေမယ့် အခုနိုင်ငံခြားကို တရားဝင် တင်ပို့ရောင်းချခွင့်ရရှိလာလို့ ငွေကျပ် ၁၅ သိန်း လောက်ရပါတယ်။ တန်ဖိုးရှိလာတဲ့အတွက် ရောဂါကြောင့်ပဲဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် ဆုံးရှုံးသွားရင် တောင်သူတွေ မနစ်နာအောင် ကျွဲ၊ နွားတွေကို အာမခံထားတဲ့စနစ်ကိုလည်း ဖော်ဆောင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက စက်မှုလယ်ယာစနစ်ကို ထူထောင်ခဲ့တာ ကြာပေမယ့် မဖြစ်ထွန်းသေးပါဘူး။ ရွာတွေမှာ လယ်ယာသုံးစက်ကိရိယာဝယ်ပြီးလို့ စက်ပျက်ရင် ပြင်တတ်တဲ့ စက်ပြင်ဆရာ အလွယ်တကူ မရှိပါဘူး။ ပျက်သွားတဲ့ပစ္စည်းကို အစားထိုးဖို့ အရန်ပစ္စည်းကလည်း ဝယ်ရခက်ပါတယ်။ အဲဒီ နှစ်ချက်ကြောင့် အခုရွာတွေကို ဆင်းပြီးကြည့်မယ်ဆိုရင် ထွန်စက်တွေ အိမ်မှာထိုးထားတဲ့ တောင်သူတွေ အများကြီးတွေ့ရပါတယ်။ ဒါကို ကျွန်တော်တို့က ကာကွယ်ပေးချင်တဲ့အတွက် လယ်ယာသုံး စက်ကိရိယာများ အာမခံဥပဒေကိုလည်း စဉ်းစားနေပါတယ်။

အချို့တောင်သူတွေမှာ ဆန်စက်တွေရှိပါတယ်။ အဲဒီဆန်စက်တွေ ပျက်ရင်လည်း သူတို့အတွက် နစ်နာပါတယ်။ ဒါကြောင့် ဆန်စက်တွေကို လယ်ယာသုံး စက်ကိရိယာတွေထဲမှာ ထည့်ပြီး အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းသဘောမျိုးနဲ့ ချေးငွေလည်းပေးချင်ပါတယ်။ ပြင်ဆင်ဖို့အတွက် အာမခံလည်း ပေးချင်ပါတယ်။ ဒါကြောင့် သီးနှံအာမခံ၊ ကျွဲ၊ နွား အာမခံ၊ လယ်ယာသုံးစက်ကိရိယာ အာမခံဆိုပြီး စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အာမခံဥပဒေတွေကိုလည်း ထည့်သွင်းရေးဆွဲဖို့ ကြိုးစားနေပါတယ်။ အာမခံစနစ်သာ နိုင်ငံတကာမှာလို တွင်တွင်ကျယ်ကျယ် ဖြစ်လာရင် သီးနှံပျက်စီးမှုတွေအတွက် အစိုးရက လျော်ကြေးလည်း ပေးစရာမလိုတော့လို့ အစိုးရနဲ့ တောင်သူ နှစ်ဦးနှစ်ဖက် အကျိုးရှိမယ်လို့ ပြောချင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*


ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် Family Health International 360 အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။


ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ညှိနှိုင်းအစည်းဝေး ကျင်းပစဉ်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

*စာမျက်နှာ ၁၀ မှ*

**ဦးမောင်မောင်ဦး**
**အင်းစိန်မဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး**

ကျွန်တော်တို့ ကော်မတီက သုံးနှစ်သက်တမ်းရှိပါပြီ။ ဥပဒေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကော်မတီက တင်သွင်းထားတဲ့ ဥပဒေကြမ်းတွေကတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနဲ့ တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ အတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆက်လက်ဆွေးနွေးနေဆဲ ဖြစ်ပါတယ်။

နောက်ပြီး ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်မှာ အခုရောက်ရှိပြီး ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ထပ်မံပြီး ပြင်ဆင်ရေးဆွဲဖို့ ကြိုးစားနေတဲ့ ဥပဒေကတော့ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေကို အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့မှာ ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေအဖြစ် ပြန်လည်ရေးဆွဲနေပါတယ်။

နောက်တစ်ခုကတော့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာ ဥပဒေကို ပြင်ဆင်ရေးဆွဲဖို့ လေ့လာနေဆဲ ဖြစ်ပါတယ်။ သမဝါယမအသင်း ဥပဒေကိုလည်း ပြင်ဆင်ဖို့အတွက် စတင်ညှိနှိုင်းဆွေးနွေးနေပါတယ်။ ဒါ့အပြင် သီးနှံကာကွယ်ရေးဥပဒေ၊ အာမခံစနစ်တို့ကိုလည်း ကျွန်တော်တို့ကော်မတီနဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာပညာရှင်တွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးနေပါတယ်။ သီးနှံအာမခံစနစ်တို့၊ တိရစ္ဆာန်အာမခံစနစ်တို့က ကျွန်တော်တို့ဆီမှာ မရှိခဲ့ဖူးပါဘူး။ အခုမှစတင်ပြီး ကြိုးစားတဲ့အခါ တောင်သူတွေကို အသိပညာပေးမှုတွေလည်း လုပ်ရသလို တစ်ဖက်က တာဝန်ယူဆောင်ရွက်မယ့် အဖွဲ့အစည်းတွေကိုလည်း အပြန်အလှန် ထိန်းကျောင်းမယ့်ပုံစံနဲ့ စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့ကော်မတီမှာ သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့ဖြစ်စေချင်တဲ့ ပုံစံမျိုးတွေ လာရောက်ဆွေးနွေးကြတာ ရှိပါတယ်။ တကယ်တော့ နိုင်ငံတကာမှာလည်း သီးနှံအာမခံစနစ်နဲ့ တိရစ္ဆာန်အာမခံစနစ်တွေက ဖွံ့ဖြိုးတိုးတက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒီလိုစနစ်တွေ ပေါ်ပေါက်လာပြီဆိုရင် တောင်သူလယ်သမားတွေ စိုက်ပျိုးလုပ်ကိုင်တဲ့အပေါ်မှာ အပူအပင်ကင်းကင်းနဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါက တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ယုံကြည်တဲ့စနစ်တစ်ခုကို ထူထောင်နိုင်ဖို့ အတွက် ကျွန်တော်တို့ကော်မတီတွေက ဥပဒေတွေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပေးရတာ ဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ နိုင်ငံက တောင်သူတွေရဲ့ လူနေမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေက အသစ်ပြန်လည်ရေးဆွဲမယ့်ဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေ ပေါ်ပေါက်လာပြီးတဲ့အချိန်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ အထူးသဖြင့် ကျွဲ၊ နွား၊ ဆိတ်တွေ နိုင်ငံတကာဈေးကွက်ကို တင်ပို့တဲ့အခါ ကျန်းမာရေးနဲ့ ပြည့်စုံတယ်၊ တိရစ္ဆာန်နဲ့ပတ်သက်လို့ တာဝန်ယူမှုရှိတယ် ဆိုတဲ့ အထောက်အထားတွေရလာတဲ့အခါ နိုင်ငံတကာဈေးကွက်မှာ ဈေးနှိမ်မခံရဘဲ ဈေးကွက်ခိုင်ခိုင်မာမာရရှိမှာ ဖြစ်ပါတယ်။ နိုင်ငံတကာက တိရစ္ဆာန်တွေကို ပြန်တင်သွင်းတဲ့အခါမှာလည်း ကြားစခန်းတွေမှာ စနစ်တကျစမ်းသပ်ပြီး ရောဂါကင်းရှင်းကြောင်း ခိုင်မာမှ ဒေသထဲကို တင်သွင်းခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒါကတော့ ဒီဥပဒေ ပေါ်ပေါက်လာရင် ရရှိလာမယ့် အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေဆိုရင် အရင်ကထက် ပိုပြီးတိကျခိုင်မာတဲ့ လုပ်ထုံး၊ လုပ်နည်းတွေ ပါလာပြီး အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ရှိတဲ့ တောင်သူလယ်သမားတွေကိုယ်တိုင် ဒီလုပ်ငန်းတွေကို ဦးဆောင်မှုရှိမယ်။ သူတို့ကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိမယ်။ အဲဒီလိုပဲ နိုင်ငံတော်က နည်းပညာပဲဖြစ်ဖြစ်၊ ငွေကြေးပဲဖြစ်ဖြစ် ကူညီတဲ့အခြေအနေတစ်ခု ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်းတွေ၊ ရေရရှိရေးတွေ၊ ကျေးလက်အိမ်ရာတွေကို ဘယ်လိုတည်ဆောက်ရမယ်၊ ဘယ်လိုဖွဲ့စည်းရမယ်၊ စနစ်တကျ ဘယ်လိုချိတ်ဆက်ရမယ် ဆိုတာ ဒီဥပဒေထဲမှာ တိတိကျကျ ပြဋ္ဌာန်းထားတဲ့အတွက် ကျေးလက်နေပြည်သူတွေ ဥပဒေအောက်မှာ ခိုင်ခိုင်မာမာနဲ့ ရပ်တည်လာနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်ကတော့ ကျွန်တော်တို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ ထုတ်ပြန်ချက်တွေနဲ့ ကျွန်တော်တို့နိုင်ငံမှာကျင့်သုံးနေတဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေကို စောင့်ကြည့်ပြီး ဥပဒေတွေနဲ့ လွဲချော်မသွားအောင် ထိန်းကျောင်းပေးရတဲ့ တာဝန်ရှိပါတယ်။

နောက်တစ်ချက်ကတော့ ကျေးလက်ဒေသမှာရှိတဲ့ လယ်ယာမြေအငြင်းပွားမှု ပြဿနာတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေးနဲ့ဆိုင်တဲ့ အခက်အခဲပြဿနာတွေကို အကူအညီတောင်းလို့ရပါတယ်။ တိုင်ကြားမယ်ဆိုရင်လည်း တိုင်ကြားစာပေးပို့လို့ ရပါတယ်။ ပေးပို့လာတဲ့တိုင်ကြားစာတွေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေထံ လွှဲပြောင်းပေးပို့ခဲ့ပြီး ဖြေရှင်းချက်တွေ ပြန်ပို့လာရင်လည်း တိုင်ကြားသူတွေထံ စနစ်တကျ ပြန်လည်ပေးပို့ ဆောင်ရွက်ပါတယ်။

အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ နိုင်ငံပိုင်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကလည်း လုပ်ငန်းဆောင်ရွက်ချက်တွေကို ကော်မတီမှာ လာရောက်ညှိနှိုင်းဆွေးနွေးလို့ ရပါတယ်။ အကြံဉာဏ်တွေလည်း ယူလို့ရပါတယ်။ အကူအညီတောင်းခံချင်တယ်ဆိုရင်လည်း ကူညီပေးဖို့ အဆင်သင့်ရှိပါတယ်။ ။

“တောင်သူက ရက် ၉၀ မျိုးစေ့ ဝယ်စိုက်တယ်။ အဲဒီမျိုးစေ့က မျိုးမမှန်လို့ ရက်ပေါင်း ၁၀၀ ကျော်တဲ့အထိ အနှံက ထွက်မလာခဲ့ဘူး။ အဲဒီလိုဆိုရင် ဌာနဆိုင်ရာ နည်းဥပဒေအရပဲ အရေးယူလို့ရတယ်။ စိုက်တဲ့တောင်သူအတွက် နစ်နာမှုကို လျော်ကြေးအနေနဲ့ ဘယ်လောက်ပေးရမယ်လို့ ဥပဒေမှာမပါဘူး။ ဒါကြောင့် တောင်သူမနစ်နာတဲ့ လျော်ကြေးမျိုးထည့်ပေးဖို့ စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေဖြစ်တဲ့ မျိုးစေ့ဥပဒေနဲ့ မြေဩဇာဥပဒေတို့ကို ပြင်ဆင်ဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်”



၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (၁/၁၉၉၃) တို့ကို ပြင်ဆင်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

*စာမျက်နှာ ၈ မှ*

ထို့အပြင် e-ID လုပ်ငန်းနှင့် ဆက်စပ်ပြီး လိုအပ်မည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အတွက်လည်း ကြိုတင်ပြင်ဆင်ထားရှိရန်လည်း ပြောကြားလိုပါကြောင်း၊ e-ID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက e-Government လုပ်ငန်းစဉ်များ၌ အကျိုးရှိရှိ ချိတ်ဆက်အသုံးချနိုင်ရေး အတွက်ကိုလည်း ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိစေရန်ဆိုသည့် အချက်ကို အမျိုးသားရေးအမြင်နှင့် အဓိကထား ဆောင်ရွက်သွားကြရန်နှင့် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် “နှစ်လတ်၊ နှစ်ရှည်လုပ်ငန်းစဉ်” များ သတ်မှတ်ဆောင်ရွက်သွားရမည့်အပြင် အချိန်တိုအတွင်း ပြည်သူများအတွက် သိသာထင်ရှားသည့် ရလဒ်များ ရရှိနိုင်မည့် Quick Win Service များအတွက် “ရေတိုလုပ်ငန်းစဉ်” များကိုလည်း စနစ်တကျ သတ်မှတ်ရေးဆွဲပြီး တစ်ပြိုင်တည်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက Video Conferencing စနစ်ကို ခရိုင်ရုံးများအဆင့်အထိ တပ်ဆင်အသုံးပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက Cyber Security Law ထုတ်ပြန်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၁၂ သို့*

❖ *ကျောဖုံးမှ*

ဝန်ကြီးချုပ်များ ဖြစ်ကြသော ဦးမြင့်မောင်၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်းနှင့် ဦးလှမိုးအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာစောညိုဝင်းနှင့် ဒေါက်တာမင်းကြည်ဝင်း၊ စစ်ဦးစီးဗိုလ်မှူးချုပ်(ရေ)ဗိုလ်မှူးချုပ် ဇော်ဇော်လတ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်းလင်းတင်ပြစဉ်။

### ကမ်းရိုးတန်းဒေသ ရေရှည်ဖွံ့ဖြိုးရန်

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီ အစည်းအဝေးများဖြစ်သည့် ပထမအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၉)ချက်၊ ဒုတိယအကြိမ်တွင် (၅)ချက်၊ တတိယအကြိမ်တွင် (၉)ချက်၊ စတုတ္ထအကြိမ်တွင် (၁၀)ချက်၊ ပဥ္စမအကြိမ်တွင် (၇)ချက်၊ ဆဋ္ဌမအကြိမ်တွင် (၇)ချက်၊ စုစုပေါင်း အစည်းအဝေးဆုံးဖြတ်ချက် (၄၇)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၃၈)ချက်၊ ဆောင်ရွက်ဆဲ (၉)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီ(၆)ဖွဲ့နှင့် ခရိုင်အဆင့် ကော်မတီ (၁၃)ဖွဲ့တို့က ကမ်းရိုးတန်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြကြောင်း သိရသည့်အတွက် မိမိအနေဖြင့် ကျေနပ်အားရမိပါကြောင်း။

ယခုအခါ ကမ္ဘာကြီးသည် ပိုမိုပူနွေးလာပြီး ရာသီဥတု ပြောင်းလဲမှုများဖြစ်ပေါ်ကာ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အပူချိန်သည် လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း စံချိန်တင် အမြင့်မားဆုံးဖြစ်ခဲ့သည်ဟု သိရပါကြောင်း၊ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပင်လယ်ရေထု ပူနွေးလာခြင်း၊ ရေခဲပြင်များ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မုန်တိုင်းများ ပြင်းထန်စွာ ကျရောက်လာခြင်း စသည်တို့ ဖြစ်ပေါ်လာပြီး လူသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အပေါ် ဆိုးကျိုးများ သက်ရောက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ယခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု၊ နယူးယောက်တွင် ကျင်းပခဲ့သည့် “၂၀၁၉ ခုနှစ်၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံ” တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်မည့် လမ်းစဉ်(၆)သွယ်ကို ကမ္ဘာတစ်ဝန်း လိုက်နာ ဆောင်ရွက်သွားနိုင်ရန် ချမှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါလမ်းစဉ်(၆)သွယ်မှာ “စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း”၊ “ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေရင်းနှီးမြှုပ်နှံခြင်း”၊ “စက်မှုကဏ္ဍပြုပြင်ပြောင်းလဲခြင်း”၊ “သဘာဝကို အခြေခံဖြေရှင်းသည့် နည်းလမ်းများကျင့်သုံးခြင်း”၊ “မြို့ပြမှ ကျေးလက်အထိ ရာသီပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ အစီအမံများ ထည့်သွင်းဆောင်ရွက်ခြင်း” နှင့် “ရာသီဥတု ပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ နေထိုင်နိုင်ရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးနည်းလမ်းများ မြှင့်တင်ဆောင်ရွက်ခြင်း” တို့ဖြစ်ပါကြောင်း။

### စားနပ်ရိက္ခာဖူလုံရေး ပံ့ပိုးပေး

ရာသီဥတုပြောင်းလဲရေးအတွက် ဦးစားပေးဆောင်ရွက်မည့် လမ်းစဉ်(၆)သွယ်သည် မိမိတို့ ဆောင်ရွက်နေသည့် ဘက်စုံကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်ပတ်သက်နေပါကြောင်း၊ အဆိုပါနည်းလမ်း(၆)သွယ်အနက် တိုက်ရိုက်ပတ်သက်နေသည့် “သဘာဝကို အခြေခံဖြေရှင်းသောနည်းလမ်းများ ကျင့်သုံးခြင်း” အကြောင်းကို အနည်းငယ်ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာတွင် ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ကျွန်းစုများ၊ မြစ်ဝကျွန်းပေါ်များဖြင့် စုံလင်စွာ တည်ရှိနေပါကြောင်း၊ ထိုသို့ သဘာဝအလျောက်တည်ရှိနေသည့် သဘာဝဂေဟစနစ်များအပေါ် မှီခိုပြီး ငါးသယံဇာတ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်နေကြသဖြင့် နိုင်ငံသားအားလုံးအတွက် စားနပ်ရိက္ခာဖူလုံရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိပါကြောင်း။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေသော ဖန်လုံအိမ်အာနိသင် ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဒီရေတောနှင့် ကမ်းရိုးတန်း ဂေဟစနစ်များက အမြောက်အမြား စုပ်ယူသိုလှောင်ထားသဖြင့် အဆိုပါထိန်းသိမ်း သိုလှောင်ပေးထားသည့် ကာဗွန်များကို အပြာရောင်ကာဗွန်ဟု တင်စားခေါ်ဝေါ်ပါကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ကမ္ဘာတစ်ဝန်း မြှင့်တင်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ကမ်းရိုးတန်းသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းစဉ်များမှာ အပြန်အလှန် အကျိုးသက်ရောက်လျက်ရှိနေခြင်းကြောင့် ကမ်းရိုးတန်းသယံဇာတများ ပျက်စီးပြုန်းတီးခဲ့လျှင် ကာဗွန်ထုတ်လွှတ်မှုများဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေမှု ဖြစ်ပေါ်နိုင်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုများကြောင့် ထိခိုက်လွယ်သည့် ကမ်းရိုးတန်း သယံဇာတများမှာလည်း အလျင်အမြန် ပျက်စီးပြုန်းတီးသွားမည်ဖြစ်ပါကြောင်း။

အလားတူ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေတောများ ခုတ်ထွင်သုံးစွဲခြင်းကြောင့် ကမ်းပါးပြိုတိုက်စားမှု၊ နုန်းအနည်ကျမှုများ ဖြစ်ပေါ်စေကာ ရေထုအတွင်း ငါးများ၏ ရှင်သန်ရပ်တည်မှုကို ထိခိုက်ပျက်စီးစေမည်ဖြစ် ပါကြောင်း၊ ထို့ကြောင့် ကမ်းပါးပြိုတိုက်စားမှု ထိန်းချုပ်ခြင်း လုပ်ငန်းများတွင် ကွန်ကရစ် အဆောက်အအုံများ ဆောက်လုပ်၍ ကာကွယ်ခြင်းထက် ဒီရေတောများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း စသည့် အစိမ်းရောင်အကာအရံတံတိုင်းများ ပြုစုတည်ထောင်ခြင်းကဲ့သို့ သဘာဝအခြေခံဖြေရှင်းသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လာကြခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖြစ်သည့် ပင်လယ်ရေကြောင်းခရီးသွားလာရေးလုပ်ငန်း၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အပြာရောင်စီးပွားရေးဟု တင်စားခေါ်ဝေါ်ကြပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံးကြရန် နှိုးဆော် ဆောင်ရွက်လျက်ရှိကြပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၈-၂၀၃၀)ကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်း၌ မဏ္ဍိုင်ကြီး (၃)ရပ်နှင့် ပန်းတိုင် (၅)ရပ် ချမှတ်ထားပြီး မဏ္ဍိုင်(၃)ရပ်အနက် နံပါတ်စဉ်(၃)တွင် “လူသားများနှင့်ကမ္ဘာမြေ”ဟုလည်းကောင်း၊ ပန်းတိုင် (၅)ရပ်အနက် နံပါတ်စဉ် (၅)တွင် “တိုင်းပြည်သာယာဝပြောစေရေး အတွက် သဘာဝသယံဇာတအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်တို့အား ထိန်းသိမ်းကာကွယ်ရေး” ဟုလည်းကောင်း ဖော်ပြထား၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ဆောင်ကြဉ်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဂေဟစနစ်အကျိုးကျေးဇူးများရရှိ

ထို့အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြစ်သည့် “ပဲရစ်သဘောတူညီချက်” တွင်လည်း ကတိကဝတ်ပြု လက်မှတ်ရေးထိုးပြီး ၂၀၃၀ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို “သစ်တောနယ်မြေ” နှင့် ၁၀ ရာခိုင်နှုန်းကို “သဘာဝထိန်းသိမ်းရေးနယ်မြေ”များ ဖွဲ့စည်းတည်ထောင်ရန် ရည်မှန်းချက်ချမှတ်ထားပါကြောင်း၊ ထိုသို့ ထိန်းသိမ်းကာကွယ်ရာတွင် ကမ်းရိုးတန်းဒေသ သဘာဝသယံဇာတများဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ ကျွန်းစုများနှင့် မြစ်ဝကျွန်းပေါ်တို့တွင် ဂေဟစနစ်များ ထိန်းသိမ်း ကာကွယ်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် ကျွဲကူးရေပါဆိုသလို ကမ်းရိုးတန်းဂေဟစနစ်များက ပံ့ပိုးပေးလျက်ရှိသည့် ဂေဟစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများကို လက်တွေ့ရရှိကြမည်ဖြစ်ကြောင်း။

နိုင်ငံ၏ လူမှုစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက် သာယာဝပြောစေရန်အတွက် သဘာဝအရင်းအမြစ်များမှာ အခြေခံအုတ်မြစ်ဖြစ်သည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန်၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ရန်နှင့် ယင်းဖြစ်စဉ်များနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရန်တို့အတွက် သဘာဝကို အခြေခံဖြေရှင်းသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအတွက် အရေးပါသည့် သဘာဝအရင်းအမြစ်တစ်ရပ် ဖြစ်သည့် ကမ်းရိုးတန်း သယံဇာတများကို သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရှေးရှု၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဦးဆောင်ကာ အားတက်သရော ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။

### အကြံပြုချက်များဆွေးနွေး

နိဂုံးချုပ်အနေဖြင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်ရမည့် စီမံချက်များနှင့် လိုအပ်သည့် အကြံပြုချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အသိပညာပေးဗီဒီယိုမှတ်တမ်းပြသမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်မှုအခြေအနေများနှင့် ဗဟိုကော်မတီက ဆုံးဖြတ်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်သူနှင့် ဦးအုန်းဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ ဖြစ်ကြသည့် ဦးမြင့်မောင်၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်းနှင့် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာစောညိုဝင်း၊ ဒေါက်တာမင်းကြည်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ စစ်ဦးစီးဗိုလ်မှူးချုပ်(ရေ)ဗိုလ်မှူးချုပ်ဇော်ဇော်လတ်၊ အမြဲတမ်းအတွင်းဝန်များနှင့်တာဝန်ရှိသူများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ လျှော့နည်းစေရေးအတွက် ဒီရေရောက် သစ်တောများကို စနစ်တကျ တည်ထောင်သွားမည့် အခြေအနေများ၊ သယံဇာတများ ရေရှည်တည်တံ့ရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စမ်းသပ်နေမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် ပိုးသတ်ဆေးများ စစ်ဆေးခွင့်ပြုပေးနေမှု အခြေအနေများ၊ ရာသီဥတုပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ တိုးတက်ကောင်းမွန်စေရေးအတွက် ဘက်စုံဆောင်ရွက်မည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင် မထိခိုက်ဘဲ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး ဖန်တီးဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာ အကြံပြုတောင်းခံခြင်းများအပေါ် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်တွင်း၊ ပြည်ပ တရားမဝင် ငါးဖမ်းရေယာဉ်များအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်းဆီးဆောင်ရွက်နေမှု အခြေအနေများနှင့် VMS စနစ် ကျယ်ပြန့်စွာ တပ်ဆင်သုံးစွဲနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

> **“ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ရန်နှင့် ယင်းဖြစ်စဉ်များနှင့်အညီ လိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန်တို့အတွက် သဘာဝကို အခြေခံဖြေရှင်းသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအတွက် အရေးပါသည့် သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည့် ကမ်းရိုးတန်းသယံဇာတများကို သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရှေးရှု၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဦးဆောင်ကာ အားတက်သရော ပူးပေါင်းဆောင်ရွက်”**

---

*စာမျက်နှာ ၁၁ မှ*

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက Data Policy ဆိုင်ရာကိစ္စဖြစ်သည့် အချက်အလက်များ အဆင့်ခွဲခြားသတ်မှတ်ခြင်းကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦးက e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးတို့အတွက် လိုအပ်သည့် ရန်ပုံငွေများ စနစ်တကျ တောင်းခံသုံးစွဲနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသောင်းတင်က မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အနေဖြင့် e-Government စနစ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လိုအပ်သည့် အကြံပြုချက်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမှတ်စဉ်(၂/၂၀၁၉) အစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမှတ်စဉ်(၂/၂၀၁၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်းသိန်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၉) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၁၉ ခုနှစ်အတွင်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အမှုစစ်ဆေးနေမှုနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု၊ နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှုနှင့် လက်ငင်းရလဒ်များအပေါ် ဌာနအဖွဲ့အစည်းအသီးသီးက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (To Do List) နှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) ၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှေ့လုပ်ငန်းအစီအစဉ်များ ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ကို ယနေ့နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအပြင် ကုလသမဂ္ဂ၊ NGOs နှင့် INGOs အဖွဲ့အစည်းများနှင့် ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းတို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဂျပန်ဘာသာစကားသင်တန်းဆိုင်ရာများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Kyauk Phyu Electric Power Co.,Ltd တို့အကြား ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလျက်ရှိရာ နှစ်စဉ် မဂ္ဂါဝပ် ၁၀၀၀ ခန့် တိုးတက်လိုအပ်လျက်ရှိသည့်အတွက် ရေရှည်အစီအမံအနေဖြင့် စုစုပေါင်း ၃၁၁၁ မဂ္ဂါဝပ် ဓာတ်အားထုတ်ပေးနိုင်မည့် စီမံကိန်းလေးခုအတွက် Notice to Proceed ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပေးခဲ့ပါကြောင်း၊ ယနေ့တွင် အဆိုပါစီမံကိန်း လေးခုတွင် ပါဝင်သည့် ကျောက်ဖြူ ၁၃၅ မဂ္ဂါဝပ် ဓာတ်အားပေး စက်ရုံစီမံကိန်းအတွက် ဓာတ်အားဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ ရေရှည်စီမံကိန်းများသည် ဓာတ်အား စတင်ထုတ်လုပ်ပေးနိုင်ရန် အနည်းဆုံး သုံးနှစ်ခန့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်လိုအပ်လာမည့် ဓာတ်အား လိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန် ၁၁၆၆ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်း ခုနစ်ခုကို ရေတိုစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ၂၀၂၁ ခုနှစ်တွင် ထပ်မံလိုအပ်လာမည့် ဓာတ်အားလိုအပ်ချက် မဂ္ဂါဝပ် ၁၀၀၀ ခန့်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေတိုအစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်မှ စတင်ပြီး ရေရှည်စီမံကိန်းအနေဖြင့် Notice to Proceed ထုတ်ပေးထားခဲ့သော စီမံကိန်းလေးခုအနက် ယနေ့လက်မှတ်ရေးထိုးမည့် စီမံကိန်းမှ ၁၃၅ မဂ္ဂါဝပ်နှင့် ကျန်စီမံကိန်း နှစ်ခုမှ ၈၂၆ မဂ္ဂါဝပ် စုစုပေါင်းဓာတ်အားပမာဏ ၉၆၁ မဂ္ဂါဝပ်ကို တိုးမြှင့်ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Commercial Counsellor Mr. Tan Shu Fu၊ Kyauk Phyu Electric Power Company Limited မှ Mr. Sheng Yuming နှင့် Supreme Group of Companies ၏ Chairman ဒေါက်တာစိန်မြင့် တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် Kyauk Phyu Electric Power Co.,Ltd မှ Mr. Sheng Yuming တို့က ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါ ဓာတ်အားပေးစက်ရုံသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်ဖြူ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံဝင်းအတွင်း၌ တည်ရှိပြီး Independent Power Producer (IPP)၊ Build – Operate – Transfer (BOT) စနစ်ဖြင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သော Kyauk Phyu Electric Power Co.,Ltd မှ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး စက်ရုံ၏ စက်တပ်ဆင်အင်အားမှာ စုစုပေါင်း ၁၄၆ မဂ္ဂါဝပ်ဖြစ်၍ ထုတ်လုပ်နိုင်မည့် ဓာတ်အားပမာဏမှာ ၁၃၅ မဂ္ဂါဝပ် ဖြစ်ကာ ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ယူနစ်သန်းပေါင်း ၁၀၀၅ ဖြစ်၍ ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံတော်ဓာတ်အားစနစ်သို့လည်း ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များ ကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း အပူဇော်ခံ



**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေး စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ အပူဇော်ခံထားရှိသည်။ (ယာပုံ)

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေပြည်သာဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂိတအမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် နေပြည်တော်သို့ ဆက်လက် ပင့်ဆောင်သွားမည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ကမ္ဘာအေးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီအထိ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

## မြန်မာနိုင်ငံသူ နိုင်ငံသားများ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီး၏ ရွှေထီးတော်အား တန်ဆောင်မုန်းလပြည့်နေ့တွင် တင်လှူပူဇော်မည်

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်



မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက်) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်မှုဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ စုပေါင်း၍ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်ကာ တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး စေတီတော်တည်ထားကိုးကွယ်ရေးဆိုင်ရာ မဟာမင်္ဂလာ ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် လည်းကောင်း၊ ရတနာပန္တက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် လည်းကောင်း၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင် လည်းကောင်း၊ သတ္တဋ္ဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်တွင် လည်းကောင်း၊ အလယ်ဌာပနာတော်သွင်းမဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် လည်းကောင်း၊ ပန်းလည်တိုင် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် လည်းကောင်း အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်သည်။

စေတီတော်ကြီး အချိန်မီပြီးစီးရေး တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီလေးခုအနက် More C.N.C ကုမ္ပဏီလုပ်ငန်းဦးစီးကော်မတီအဖွဲ့ဝင် ဦးခင်မောင်သိန်းက "ကျွန်တော်တို့ကုမ္ပဏီက လုပ်ငန်းသုံးခုကို တာဝန်ယူဆောင်ရွက်နေပါတယ်။ စေတီတော်ရဲ့ ဂန္ဓကုဋိတိုက်အတွင်း အပြင်နံရံတွေကို စကျင်ကျောက်သားကာရံခြင်း၊ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရပ်တော်မူနှစ်ဆူထုဆစ်တဲ့လုပ်ငန်းနဲ့ စကျင်ကျောက်သားနဲ့ ပြုလုပ်ထားတဲ့ ၇၄ ပေအမြင့်ရှိ တံခွန်တိုင်တို့ကို အဓိက တာဝန်ယူဆောင်ရွက်ရပါတယ်။ စေတီတော်မှာပါရှိမယ့် စကျင်ကျောက်သားနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ အားလုံးကို ကျွန်တော်တို့ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရပြီး လုပ်ငန်းဆောင်ရွက်မှုမှာတော့ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီ ဖြစ်ပါတယ်။ စကျင်ကျောက်သားရဲ့ အားသာချက်က ပူတဲ့ရာသီမှာဆိုရင် အအေးဓာတ်ပေးတယ်။ အေးတဲ့ရာသီဆိုရင် အနွေးဓာတ်ကိုပေးပါတယ်" ဟု ပြောသည်။

စေတီတော်ကြီး ထီးတော်တင်မဟာမင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် ကြည်ညိုပူဇော်လိုသည့် အလှူရှင်များရှိပါက လာရောက်ပူဇော်နိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားပြီး အခမ်းအနားကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဒွါဒသမအကြိမ် ဗုဒ္ဓဂယာ - မဇ္ဈိမဒေသ ကထိန်အလှူတော်မင်္ဂလာ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဒွါဒသမအကြိမ် ဗုဒ္ဓဂယာ- မဇ္ဈိမဒေသကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အိန္ဒိယ သမ္မတနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ရှိ မြန်မာကျောင်း၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ အိန္ဒိယနိုင်ငံ ပရဒေသသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဂယာမြို့ မြန်မာကျောင်း ပဓာနနာယက ဆရာတော်အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမြင့်စိုးနှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာသံရုံး၊ မြန်မာစစ်သံမှူးရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြန်မာကျောင်းဆရာတော်ထံမှ ညွှန်ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်အုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇိန္ဒထံမှ ကထိန်အနုမောဒနာ ရေစက်ချတရားနာယူကြည်ညိုကြပြီး သံဃာတော်အရှင်သူမြတ်တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဒွါဒသမအကြိမ် ဗုဒ္ဓဂယာ - မဇ္ဈိမဒေသ ကထိန်အလှူတော်မင်္ဂလာ အခမ်းအနားတွင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၅၁၇၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာ့ရုပ်မြင်သံကြား

၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "ပါမောက္ခဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့်တွေ့ဆုံမေးမြန်းခန်း"
၁၂:၃၀ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၁)
၁၄:၄၅ - "AFC U-19 Championship 2019 Qualifier ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (တရုတ်နှင့် မြန်မာ)

**ညပိုင်း**

၁၇:၀၅ - "ဒေါက်တာ ရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၂)
၁၇:၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
၁၈:၂၀ - "ဦးကျော်သူ(ခ)ရိုလန်ချောင် ထရီနှင့် ကိုကို (စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းခန်း"
၁၉:၁၅ - "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု) (ဗိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၉:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ် စစ်ဆိုသည်မှာ" (အပိုင်း-၂)
၂၀:၀၀ - ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၉)

# အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ကိုယ်ပိုင်ကားမောင်းနှင်အသုံးပြုမှု ထက်ဝက်လျှော့ချကန့်သတ်



မီးခိုးမြူများဆိုင်းနေသည့် နယူးဒေလီမြို့တစ်နေရာကို တွေ့ရစဉ်။

**နယူးဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် မီးခိုးမြူဖုံးအုပ်မှု အဆမတန် များပြားလာသည့်အရေးကို ကိုင်တွယ်ဖြေရှင်းနေရသလို လမ်းများပေါ်တွင် ကိုယ်ပိုင်ကားမောင်းနှင် အသုံးပြုမှုကိုလည်း ထက်ဝက်လျှော့ချ ကန့်သတ်လိုက်ကြောင်း သတင်းရရှိသည်။

နယူးဒေလီ၏ လေထုညစ်ညမ်းမှုသည် သုံးနှစ်အတွင်း အမြင့်ဆုံးဖြစ်လာပြီး ဒေသခံများ ကျန်းမာရေးပြဿနာများ ခံစားနေရကြောင်း သိရသည်။ ကားနံပါတ်ပြားပေါ်တွင် မဂဏန်းနှင့် အဆုံးသတ်သည့် ကိုယ်ပိုင်ကားများ လမ်းမများပေါ်၌ မမောင်းကြရန် သက်ဆိုင်ရာအာဏာပိုင်များက တားမြစ်ထားကြောင်း သိရသည်။ တားမြစ်ချက်ကို ချိုးဖောက်ပါက အမေရိကန်ဒေါ်လာ ၆၀ နီးပါး ဒဏ်ငွေဆောင်ရမည်ဖြစ်သည်။

မြို့တော် နယူးဒေလီတွင် ကားမောင်းသူ ၁၈ သန်းကျော်ရှိပြီး ကားအစီးရေ ၈ ဒသမ ၈ သန်း မှတ်ပုံတင်ထားကြောင်းနှင့် ကားနံပါတ်ပြားများတွင် မဂဏန်း၊ စုံဂဏန်းခွဲခြားချက်များ ပြုလုပ်ပြီး နိုဝင်ဘာ ၁၅ ရက်အထိ အလှည့်ကျမောင်းနှင်ရန် ညွှန်ကြားထားကြောင်း သိရသည်။ ယင်းအစီအစဉ်အရ ကားနံပါတ်ပြားတွင် အဆုံးသတ်စုံ၊ မ ဂဏန်းကို လိုက်ပြီး စုံရက် မရက် ခွဲခြားအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

နယူးဒေလီအနီး ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ခရီးသည်အလာများရာ တပ်ဂျ်မဟာအနီးတွင် လေသန့်စင်ပေးသည့် ကားကြီးတစ်စီးကို ယမန်နေ့တွင် အာဏာပိုင်များက ချထားပေးခဲ့ကြောင်း သိရသည်။

နယူးဒေလီတွင် မီးခိုးမြူများမရှင်းလင်းမှုကြောင့် လေကြောင်းခရီးစဉ်ကြန့်ကြာမှုများ၊ ဖျက်သိမ်းမှုများ ပြုလုပ်ခဲ့သည့်အတွက် အင်ဒီရာဂန္ဒီနိုင်ငံတကာလေဆိပ်တွင် လူများ ကြိတ်ကြိတ်တိုး စည်ကားနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘဂ္ဂဒါဒီ၏ အစ်မဖြစ်သူကို တူရကီတို့ ဖမ်းဆီးရမိ

**အန်ကာရာ နိုဝင်ဘာ ၅**

အိုင်အက်စ်ခေါင်းဆောင်ဟောင်း အဘူဘာကာအယ်လ်ဘဂ္ဂဒါဒီ၏ အစ်မဖြစ်သူကို ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဖမ်းမိခဲ့သည်ဟု တူရကီအာဏာပိုင်များက ပြောသည်။ အသက် ၆၅ နှစ်အရွယ် ရက်စ်မီရာအဝပ်ကို နိုဝင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည့် စီးနင်းမှုတွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး အဇက်မြို့အနီးတွင် ဖမ်းမိခဲ့ခြင်းဖြစ်သည်။



စီးနင်းမှုအတွင်း ဖမ်းမိခဲ့သည့် အမျိုးသမီး၏ဓာတ်ပုံကို တူရကီအာဏာပိုင်များက ပြသခဲ့စဉ်။

၎င်းကိုဖမ်းမိခဲ့သည့်အတွက် အိုင်အက်စ်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များစွာရရှိနိုင်သည်ဟု တူရကီအာဏာပိုင်များက ပြောကြားခဲ့သည်။ ဘဂ္ဂဒါဒီသည် လွန်ခဲ့သည့်လအတွင်းက ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ၎င်း၏ခြံဝင်းအတွင်း အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုအတွင်း မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သည်။ ၎င်း၏သေဆုံးမှုကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက် အောင်မြင်မှုတစ်ခု ဖြစ်လာခဲ့သည်။

သို့သော် အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်မှုမှာ ဆီးရီးယားနှင့် အခြားသောဒေသများတွင် ဆက်လက်ရှိနေဆဲဖြစ်သည်ဟု လေ့လာသူများက ပြောသည်။ ဘဂ္ဂဒါဒီ၏အစ်မဖြစ်သူကိုဖမ်းမိခဲ့သည့်အတွက် အိုင်အက်စ်တို့၏ အတွင်းရေးများကို ပိုမိုထောက်လှမ်းနိုင်တော့မည်ဟု တူရကီအာဏာပိုင်များက ပြောသည်။

အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး၏ အောင်မြင်မှုတစ်ခုဟု တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်၏ ဆက်သွယ်ရေးညွှန်ကြားရေးမှူးက ပြောသည်။ ဘဂ္ဂဒါဒီ၏ အစ်မဖြစ်သူနှင့်ပတ်သက်ပြီး သတင်းအနည်းငယ်သာ သိရသေးသည်။ အလက်ပိုပြည်နယ်အတွင်း ဖမ်းဆီးမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်လအတွင်း စစ်ဆင်ရေးဆင်နွှဲပြီးနောက် တူရကီတို့ ထိန်းချုပ်ထားသည့် နယ်မြေအတွင်းမှ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ ရက်စ်မီရာကို နောက်တွဲယာဉ်အတွင်း ခင်ပွန်းသည်၊ ချွေးမ၊ ကလေးငါးဦးနှင့်အတူ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရ သည်။

**ဘီဘီစီ**

## ဖိလစ်ပိုင်၌ လုံခြုံရေးတပ်ဖွဲ့များနှင့် ကွန်မြူနစ်သူပုန်တို့ ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပွားပြီး သုံးဦးသေဆုံး

**မနီလာ နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုကျုံပြည်နယ်တွင် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကွန်မြူနစ်သူပုန်အဖွဲ့ဝင်များ ရင်ဆိုင်တွေ့ကာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ကွန်မြူနစ်သူပုန်သုံးဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

မော်ဘန်မြို့နယ်အနီး ကျေးရွာတစ်ရွာ၌ New People Army အဖွဲ့မှ သူပုန် ၁၀ ဦးထက်မနည်း အစိုးရတပ်ဖွဲ့နှင့် ရင်ဆိုင်တွေ့ကာ နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း တပ်မတော်က ပြောကြားခဲ့သည်။ နှစ်ဖက်တိုက်ခိုက်မှုအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ အကျအဆုံးမရှိခဲ့ကြောင်း သိရသည်။ နှစ်ဖက်ထိပ်တိုက်တွေ့ကာ တိုက်ပွဲဖြစ်ပွားမှုသည် အဆိုပါဒေသအတွင်း၌ ရက်သတ္တလေးပတ်အတွင်း လေးကြိမ်မြောက် ဖြစ်ပွားခြင်းဖြစ်သည်ဟုဆိုသည်။

တိုက်ပွဲဖြစ်ပွားရာနေရာမှာ ၉အမ်အမ် ပစ္စတိုသေနတ်တစ်လက် တွေ့ရှိရသည်ဟု တပ်မတော်က ပြောသည်။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည့် ၎င်း၏ သမ္မတသက်တမ်းအတွင်း နှစ်၅၀ ကြာမြင့်ခဲ့ပြီဖြစ်သည့် ကွန်မြူနစ်သူပုန်တို့၏ ပုန်ကန်ထကြွမှုများ အဆုံးသတ်စေရေး ကြိုးပမ်းရန် တပ်မတော်သို့ ညွှန်ကြားခဲ့သည်။

**ဆင်ဟွာ**

## ၂၀၁၅ နျူကလီးယားစာချုပ်ပါ သဘောတူညီချက်ကို နောက်ထပ်ချိုးဖောက်လိုက်ပြီဖြစ်ကြောင်း ရိုဟာနီ ကြေညာ

**တီဟီရန် နိုဝင်ဘာ ၅**

အီရန်နိုင်ငံသည် ကန့်သတ်ထားသည့် ယူရေနီယံပမာဏကို ကျော်လွန်ထုတ်လုပ်မှု ပြန်လည်လုပ်ဆောင်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ပါ စည်းကမ်းချက်ကို ထပ်မံဖောက်ဖျက်လိုက်ပြီဖြစ်ကြောင်း အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက နိုဝင်ဘာ ၅ ရက်တွင် ကြေညာလိုက်သည်။

ယူရေနီယံသန့်စင်ခြင်းမှ အီရန်ကို တားမြစ်ထားသည်။ ၂၀၁၅ ခုနှစ်က ကမ္ဘာ့အင်အားကြီးနိုင်ငံခြောက်နိုင်ငံတို့နှင့် ချုပ်ဆိုထားသည့် နျူကလီးယားသဘောတူစာချုပ်ကို ပြီးခဲ့သည့် မေလကတည်းက အီရန်ဖောက်ဖျက်ခဲ့သည်မှာ ယခုအကြိမ်သည်လေးကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။

အမေရိကန်၏ ပိတ်ဆို့မှုများကြောင့် အီရန်သည် နျူကလီးယားသဘောတူစာချုပ်မှ စီးပွားရေးအရ မည်သည့်အကျိုးကျေးဇူးမျှ မရရှိခဲ့ကြောင်း အီရန်ကပြောသည်။

အကယ်၍ နျူကလီးယားစာချုပ်တွင် ပါဝင်သည့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများက အီရန်၏ တောင်းဆိုချက်များကို လိုက်လျောပေးမည်ဆိုပါက စည်းကမ်းချိုးဖောက် လုပ်ဆောင်နေမှုများကို ရပ်တန့်မည်ဖြစ်ကြောင်း သမ္မတရိုဟာနီက အတိအလင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ။

## ဆန္ဒပြသူများ နိုင်ငံပိုင်သတင်းအေဂျင်စီကို တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်လုပ်ရပ်အဖြစ် ကြေညာ

**ဟောင်ကောင် နိုဝင်ဘာ ၅**

ဟောင်ကောင်ရှိ ဒီမိုကရေစီဆန္ဒပြသူများက နိုင်ငံပိုင်သတင်းအေဂျင်စီကို ယမန်နေ့က တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်အား အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ၎င်းသတင်းအေဂျင်စီက ကြေညာလိုက်ပြီး ထိုက်သင့်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းလိုက်ကြောင်း သတင်းရရှိသည်။

စီးပွားရေးမြို့တော် ဟောင်ကောင်ရှိ ဆန္ဒပြသူများသည် ပြည်နယ်ဆင်ဟွာသတင်းအေဂျင်စီအဆောက်အအုံ၏ ပြတင်းပေါက်များကို ရိုက်ခွဲဖျက်ဆီးခဲ့သည်။

ပြည်နယ်သတင်းအေဂျင်စီကို ဖျက်ဆီးခြင်းသည် လူ့မှုတိုးတက်မှုအခြေခံသဘောတရားများအပေါ် စိန်ခေါ်ရာရောက်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီသတင်းစာအာဘော်ကိုထင်ဟပ်စေသော ပြည်သူ့နေ့စဉ်သတင်းစာက ၎င်း၏ ဖေ့ဘုတ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ဟောင်ကောင်တွင် ဆန္ဒပြမှုများပြင်းထန်လာသည့်အတွက် တည်ငြိမ်အေးချမ်းရေးကိုထိန်းသိမ်းရန် ထိုက်သင့်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လည်း အဆိုပါနေ့စဉ်သတင်းစာက တိုက်တွန်းလိုက်သည်။

၎င်းတို့၏ အကြမ်းဖက်မှုများသည် တရားဥပဒေ၏ အဆုံးအဖြတ်ကို ခံယူရမည်ဖြစ်ကြောင်း အဆိုပါသတင်းစာ၏ ခေါင်းကြီးပိုင်းတွင်လည်း ရေးသားဖော်ပြထားသည်။

**အေအက်ဖ်ပီ**

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

**အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ဆက်လက်ကျင်းပသည်။** (ယာပုံ)



အလုပ်ရုံဆွေးနွေးပွဲတွင် ASEAN framework action plan on RDPE Work Plan (2021-2025) ရေးဆွဲနိုင်ရေးအတွက် မဟာဗျူဟာအချက်အလက်များအား ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြပြီး အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၏ အောင်မြင်မှုများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများ၊ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်မူဘောင် (၂၀၁၆-၂၀၂၀) အကောင်အထည်ဖော်မှုများတွင် အစိုးရအဖွဲ့အစည်းများ၊ ကျေးလက်အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါရှိမှုများကို ဆွေးနွေးကြသည်။

ထို့ပြင် ကျေးလက်ဒေသလူငယ်များ၊ အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် အရေးပါရှိမှု၊ ဆင်းရဲမှု၊ မညီမျှမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) ရေးဆွဲရေးတွင် ထည့်သွင်းဆောင်ရွက်ရမည့် အဓိကလုပ်ငန်းစဉ်များ၊ ချမှတ်ဆောင်ရွက်ရမည့် ပန်းတိုင်များ၊ စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အရေးကြီးသည့် နယ်ပယ်များ၊ ယင်းနှင့် ဆက်စပ်သည့် သုံးသပ်ချက်များ၊ အကြံပြုချက်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

**မွေးကြူဇင်**

# ပွင့်လင်းရာသီအဖွင့် မြန်မာနိုင်ငံသို့ အပျော်စီးသင်္ဘောကြီး Azamara Quest ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ Myanmar Voyages International Tourism Co.,Ltd ၏ ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ အမေရိကန်အခြေစိုက် Azamara Club Cruise မှ ကမ္ဘာလှည့်ခရီးသည်တင်အပျော်စီးသင်္ဘောကြီး MV Azamara Quest သည် ယနေ့နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် သီလဝါဘက်စုံသုံး နိုင်ငံတကာဆိပ်ကမ်း (Thilawa Multipurpose International Terminal-TMIT) သို့ ဆိုက်ရောက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ကုမ္ပဏီဥက္ကဋ္ဌ ဦးသက်လွင်တိုးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကြိုဆိုကြသည်။

အဆိုပါ သင်္ဘောပေါ်တွင် ခရီးသည်အများစုမှာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံသားများဖြစ်ကြပြီး အနောက်နိုင်ငံ ၂၆ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၆၄၉ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၀၂ ဦး လိုက်ပါလာသည်။ အဆိုပါခရီးသည်များသည် မြန်မာနိုင်ငံသို့ ဆိုက်ရောက်စဉ်အတွင်း ရန်ကုန်မြို့အတွင်း လည်ပတ်ခြင်း၊ စက်ဘီးများဖြင့် သန်လျင်မြို့အတွင်းသို့ လည်ပတ်ခြင်း၊ ပဲခူးမြို့သို့ သွားရောက်လည်ပတ်ခြင်း၊ ပုဂံနှင့် အင်းလေးဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ယခုဆိုက်ရောက်မည့် Azamara Quest သင်္ဘော၏ခရီးစဉ်အား Myanmar Voyages ခရီး သွားကုမ္ပဏီအနေဖြင့် (၁၃၂)ကြိမ်မြောက် စီစဉ်ဆောင်ရွက်ပေးရသော သင်္ဘောဖြစ်သည်။ ပွင့်လင်းရာသီတွင် ပထမဆုံး လာရောက်လည်ပတ်သော သင်္ဘောဖြစ်ပြီး ၂၀၁၉ ခုနှစ် အတွင်း မြန်မာနိုင်ငံသို့ သင်္ဘော ၁၅ စင်း လာရောက်ခဲ့သည်။ အဆိုပါသင်္ဘောသည် နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီ ခန့်တွင် မလေးရှားနိုင်ငံ ပီနန်းဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အနောက်နိုင်ငံများမှ သင်္ဘောကြီးများ လာရောက်လည်ပတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ မြန်မာလူမျိုးများ၏ ညွှဲ့ဝတ်ကျေပွန်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည့်အပြင် မြန်မာနိုင်ငံပုံရိပ် မြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများ၏ ပန်းချီလက်ရာပြပွဲ၊ ပြိုင်ပွဲ တပ်ကုန်းမြို့၌ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီလက်ရာပြပွဲ၊ ပြိုင်ပွဲကို နိုဝင်ဘာ ၅ရက်က စတင်ပြသလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပြပွဲတွင် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူ ၁၂၀ ကျော်၏ လက်ရာ ပန်းချီကားချပ် ၁၅၀ ခန့်ကို ပြသထားသည်။

တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်းအုပ်ကြီး ဦးမြင့်ဆွေက "ခေတ်စနစ်တွေ ပြောင်းလဲလာတဲ့အခါ ကလေးတွေကို အတန်းပညာတစ်ခုတည်း တော်ရုံသာမဟုတ်ဘဲ အတတ်ပညာတွေလည်း တတ်မြောက်စေဖို့၊ ပန်းချီဆွဲခြင်းအားဖြင့် အနာဂတ်မှာ ခေါင်းဆောင်ဖြစ်လာမယ့် ကျောင်းသား ကျောင်းသူလေးတွေက စိတ်ရှည်သည်းခံမှုရှိလာစေဖို့နဲ့ နှလုံးသားသိမ်မွေ့နူးညံ့လာစေဖို့၊ ဘက်စုံပညာ ထူးချွန်တဲ့ကလေးတွေဖြစ်လာစေဖို့ အဓိကရည်ရွယ်ပြီး ပန်းချီဆရာဦးထင်ကျော်ရဲ့ပန်းချီပညာ အကူအညီနဲ့ပထမဆုံးအကြိမ် ကျင်းပပေးတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ပန်းချီပြပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသထားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ တပ်ကုန်းမြို့ရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများလည်း လာရောက်လေ့လာကြည့်ရှုနိုင်ရန် ဖိတ်ခေါ်ထားကြောင်း၊ ကလေးများ ပန်းချီပြိုင်ပွဲတွင် ကျောင်းတွင်းအဆင့် ပန်းချီပြိုင်ပွဲ၌အဆင့် C ၊ မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲ၌ အဆင့် B နှင့် ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပြိုင်ပွဲ၌ အဆင့် A သတ်မှတ်ထားကြောင်းနှင့် ယခုပြိုင်ပွဲဝင် ကလေးများကို အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများကို နိုဝင်ဘာ ၇ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဇော်ဘီ**



# အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (I) အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ ကျင်းပရာ အိမ်ရှင်မြန်မာအပါအဝင် တောင်ကိုရီးယား၊ တရုတ်နှင့် စင်ကာပူအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။

အုပ်စု (I)တွင် အာရှအင်အားကြီး တောင်ကိုရီးယားနှင့် တရုတ်အသင်း အပါအဝင် အာဆီယံမှ မြန်မာနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက "အဖွင့်ပွဲက အာရှထိပ်သီး တရုတ်အသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် ခက်ခဲမှာပါ။ ဒါပေမယ့် သေချာပြင်ဆင်ထားပါတယ်။ အုပ်စုမှာ တောင်ကိုရီးယား၊ တရုတ်အသင်းတို့နဲ့ ပါဝင်နေတာက အမှန်တကယ်ခက်ခဲပါတယ်။ ခြေစစ်ပွဲအောင်ချင်တဲ့အတွက် အကောင်းဆုံးကြိုးစားမှာပါ"ဟု ပြောကြားသည်။ တရုတ်အသင်းနည်းပြချုပ် ချန်ယိုဒေါင်က "အဖွင့်ပွဲတွေက ခက်ခဲလေ့ရှိပါတယ်။ ခြေစစ်ပွဲအောင်ဖို့အတွက် ပွဲတိုင်းရလဒ်ကောင်းဖို့လိုပါတယ်"ဟု ပြောကြားသည်။

စင်ကာပူအသင်းနည်းပြချုပ် မိုဟာမက် ဂျူရီမီက "အမာခံကစားသမားတချို့ ဒဏ်ရာပြဿနာတွေ၊ ကျောင်းကိစ္စတွေ ကြောင့် လိုက်ပါနိုင်ခြင်းမရှိလို့ ပြင်ဆင်မှုအပိုင်းမှာ ခက်ခဲပါတယ်။ ပြိုင်ဘက်တွေက အသင်းကောင်းတွေဖြစ်ပေမယ့် အကောင်းဆုံးကြိုးစားမှာပါ"ဟု ပြောကြားသည်။ တောင်ကိုရီးယား ယူ-၁၉ အသင်းနည်းပြချုပ် ဗြောင်ဆန်ဟွမ်က "အသင်းတိုင်းက ပြိုင်ဘက်ကောင်းတွေ ဖြစ်တဲ့အတွက် တစ်ပွဲချင်းပဲ ပြင်ဆင် မှာပါ။ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ထားတာကြောင့် ပွဲတိုင်း ရလဒ်ကောင်းအောင် ကြိုးစားမှာပါ"ဟု ပြောကြားခဲ့သည်။

ခြေစစ်ပွဲ အုပ်စု (I) ပထမနေ့ကို နိုဝင်ဘာ ၆ ရက် **(ယနေ့)** တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် မြန်မာအသင်းနှင့် တရုတ်အသင်း၊ ညနေ ၆ နာရီတွင် တောင်ကိုရီးယားအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဂျပန်ယန်းငွေ ၄၄၄ သန်းတန်ဖိုးရှိသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများထောက်ပံ့




**နေပြည်တော် နိုဝင်ဘာ ၅**
ဂျပန်နိုင်ငံအစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ထောက်ပံ့ပေးရေး စီမံကိန်းအတွက် Grant Agreement သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ယမန်နေ့က နေပြည်တော်ရုံးအမှတ် ၁၅ ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အမှာစကား ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဌာနေကိုယ်စားလှယ် Mr. Massayuki Karasawa တို့က ကျေးလက်ဒေသများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးရေးစီမံကိန်းအတွက် Grant Agreement သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ စီမံကိန်းအတွက် ဂျပန်အစိုးရက ဂျပန်ယန်းငွေစုစုပေါင်း ၄၄၄ သန်းတန်ဖိုးရှိလယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်၊ စက်ယန္တရား ၆၁ စီးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကာ ဆန်စပါးကို အဓိကထားစိုက်ပျိုးနေပြီး လုပ်ကွက်ငယ် တောင်သူအများအပြားရှိသော ရောဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုနည်းပါးလျက်ရှိသည့် ဒေသခံပြည်သူများအတွက် ရည်ရွယ်ထောက်ပံ့ကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ရာ၌ စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့သည် အဓိကတာဝန်ရှိသူများဖြစ်သည့်အတွက် စီမံကိန်းက ထောက်ပံ့ပေးထားသည့် ယာဉ်၊ စက်ယန္တရားများကို အသုံးပြုပြီး ရောဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသခံပြည်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေများ တိုးတက်ရရှိရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးတို့မှတစ်ဆင့်ကျေးလက်ဒေသနှင့် မြို့ပြများဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက် လျော့နည်းစေရေးစသည့် စီမံကိန်းရည်ရွယ်ချက်များ ပြည့်မီအောင် သက်ဆိုင်ရာဌာန အချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများအသုံးပြုခြင်းသည် လယ်ယာလုပ်သားခနှင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ သီးနှံအရည်အသွေးနှင့် ထွက်နှုန်းမြင့်တက်လာရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးတို့အတွက် အဓိကအချက်ဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများသည် ကျေးလက်ဒေသများ၌ နှစ်စဉ်မိုးရာသီတွင်ကြုံတွေ့နေရသည့် မိုးရေကြောင့် မြေပြိုမှု၊ လမ်းပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်သွားနိုင်မည် ဖြစ်သည့်အတွက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ဒေသတွင် လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

## လွယ်ဂျယ်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

**လွယ်ဂျယ် နိုဝင်ဘာ ၅**
ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် အရှည်ပေ ၄၅၃၀၊ အကျယ်ပေ ၃၀ ရှိသော ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးဝေလင်း၊ မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ အမှတ်(၃၉) လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်လွယ်၊ ဆွတ်ဖယ်မလီကုမ္ပဏီ တာဝန်ခံ မန်းနေဂျင်းဒါရိုက်တာ ဦးဖော်လုလဝမ်နှင့် မြို့မိမြို့ဖ ဦးလှမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံကို လမ်းဖြစ်မြောက်ရေးကော်မတီက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါလမ်းကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ်သိန်း ၄၄၀၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၆၆၀၀ ကျော်တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရွှေတောင် နိုဝင်ဘာ ၅**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ စာရေးဆရာမများ ပူးပေါင်း၍ အောက်တိုဘာလ နောက်ဆုံးပတ်က ရွှေတောင်မြို့ သရက်တောအထကကျောင်းခန်းမ၌ "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးနေမျိုးနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၊ စာရေးဆရာမ ဒေါ်ခင်ယုနိုင် (အေပရယ်ယုနိုင်) နှင့် ဒေါ်ခိုင်ဇာအောင်(ခိုင်လေး-ရွှေတောင်)တို့က လူငယ်များစာရိတ္တကောင်းမွန်ပြီး အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ မေးမြန်းသည့် အကြောင်းအရာများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဇီဝမျိုးစုံ ကြွယ်ဝစေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

## သရက်မြို့နယ်တွင် လျှပ်စစ်ဗို့အား ပြည့်မီရေး ဆောင်ရွက်

**သရက် နိုဝင်ဘာ ၅**
မကွေးတိုင်းဒေသကြီး သရက်မြို့ ရုံးကြီးရပ်ကွက်နေ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ယူနစ်ပျောက်ဆုံးမှု လျော့ကျရေးအတွက် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တပ်ဆင်တည်ဆောက်ခြင်းကို တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီး၍ ဒေသခံပြည်သူများ ဗို့အားပြည့်ဝစွာ ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခင်က ရုံးကြီးရပ်ကွက်တွင် ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်နေခဲ့ပြီး ယူနစ်ပျောက်ဆုံးမှုများလည်း ရှိနေခဲ့သဖြင့် ပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ယူနစ်ပျောက်ဆုံးမှု လျော့ကျစေရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းပေ ၈၅၀ တည်ဆောက်ခြင်း၊ (၁၁/၀ ဒသမ ၄)ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၁၅၀၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ရုံးကြီးရပ်ကွက်တွင် ယခင်က ၁၆၅ ဗို့သာ ရောက်ရှိနေခဲ့ရာမှ ယခုဗို့အား ၂၂၀ အထိ တိုးတက်ရောက်ရှိလာခဲ့ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကျော်ထံက ပြောသည်။

**သိန်းလွင်(အောင်လံ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၅၀ ကျပ် | ၉၆၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၅ ကျပ် | ၉၈၀/၉၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၅၅ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၅၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၂ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၈၃ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၄ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၇ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၉ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၆ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၃၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၉၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၆၅၃ | ၃၀၅၀၉၅၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၃၀၀၆ | ၁၁၈၇၃၇၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၈ | ၆၄၈၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၄၃ | ၃၂၈၉၀၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၁၆ | ၄၈၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဆုမျှော်လင့်ချက်ဖြင့် ဇာတ်ကားများမဖန်တီးကြောင်း ဇော်ခီ ပြောကြား



ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားကြီးနှင့်အတူ မြန်မာ့ရုပ်ရှင်လောကကို တစ်ဆစ်ချိုး ပြောင်းလဲအောင် ဖန်တီးနိုင်ခဲ့သူ အမျိုးသမီးဒါရိုက်တာ ခရစ္စတီးနားခီနှင့် သရုပ်ဆောင် ဇော်ခီတို့နှစ်ဦး အချိန်ယူဖန်တီးထားသည့် ထာဝရနှောင်ကြိုး ရုပ်ရှင်ဇာတ်ကားသစ်ကို ရုံတင်ပြသနေပြီ ဖြစ်သည်။

ဇော်ခီနှင့် ပိုင်ဖြိုးသုတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကာ နိုင်ငံအနှံ့မှ ရုပ်ရှင်ရုံများ တွင် အောင်ပွဲခံနေသည့် ထာဝရနှောင်ကြိုး ရုပ်ရှင်ဇာတ်ကားအတွက် ပြင်ဆင် ခဲ့မှုများနှင့် ပတ်သက်၍ ဇော်ခီက "ကာရိုက်တာအတွက် ပြင်ဆင်မှုက ကားတိုင်းမှာ အကောင်းဆုံး အတတ်နိုင်ဆုံး လုပ်ပါတယ်၊ ဒီကားမှာလည်း အဲဒီလိုပါပဲ၊ ဇာတ်ညွှန်းရေးကတည်းက ကိုယ့်ဘာသာကိုယ်လည်း ရင်တုန်တယ်၊ သုသု(ပိုင်ဖြိုးသု)ရဲ့ နေရာအတွက်လည်း ဘယ်သူများ လုပ်နိုင်မလဲပေါ့၊ အရင်တုန်းက သုသုဆိုတာ မသိခဲ့ဘူးလေ၊ သရုပ်ဆောင်တာ အပြင် အချိန်ပေးနိုင်မှုလည်း ရှိသေးတယ်၊ ပြင်ဆင်မှုကာလမှာလည်း စိတ်နှစ်ကိုယ်နှစ် လုပ်နိုင်ဖို့ လိုတယ်၊ ကျွန်တော်တို့က Team တွေနဲ့ အလုပ်လုပ်ပြီဆိုတော့ အချိန်မှန်ဖို့လည်း လိုအပ်တယ်၊ အဲဒီစိန်ခေါ်မှုတွေ ကြားထဲကနေ သုသုကို ရလိုက်တာ ကံကောင်းတယ်၊ ကျွန်တော့် ကာရိုက်တာပိုင်းကိုတော့ အစွမ်းကုန် အတတ်နိုင်ဆုံး ကံစွမ်း၊ ဉာဏ်စွမ်းရှိသမျှ အကုန်ထည့်ပြီး လုပ်ထားပါတယ်"ဟု ပြောသည်။

ဥပါယ်တံမျဉ်နှင့် မုဒြာရဲ့ခေါ်သံ ဇာတ်ကားများဖြင့် ပရိသတ်၏ တစ်ခဲနက် အားပေးမှုကို ရရှိခဲ့သည့် ဇော်ခီက ရုပ်ရှင်ဇာတ်ကားများ ဖန်တီးရာတွင် ဆုတစ်ခုခုအတွက် မျှော်လင့်ပြီး ဖန်တီးခြင်းမျိုး မလုပ်ခဲ့ကြောင်းလည်း ဆက်လက်ပြောကြားသည်။ "သုသုနဲ့ တွဲဖက်သရုပ်ဆောင်ရတာ သူလည်း အများကြီး ကြိုးစားထားတယ်၊ ဆုကတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ဆုအတွက် အလုပ်မလုပ်ခဲ့ဘူး၊ မကြိုးစားခဲ့ဘူး၊ ကိုယ်လုပ်နိုင်သမျှကို လုပ်တဲ့အတွက် ဆုအပိုင်းကို မပြောတတ်ဘူး၊ ဒါပေမယ့်လည်း ဆုတစ်ခုအတွက် သုသုကို ဂုဏ်ပြုရမယ့် အနေအထားတစ်ခု ရောက်လာမယ်ဆိုရင် သူ ထိုက်တန်ပါတယ်၊ တကယ်ကို ထိုက်တန်ပါတယ်၊ ဒီဇာတ်ကားမှာ အခက်အခဲဆုံး အပိုင်းဆိုရင်တော့ အကုန်လုံးပါပဲ၊ ဘာလို့လဲဆိုတော့ ဇာတ်ကားကြီး စကတည်းက ကျွန်တော်က မျိုသိပ်မှုကြီးတစ်ခုနဲ့ သွားရတယ်၊ ဘာမှ သိပ်ပြလို့မရဘူးပေါ့၊ ပြလို့မရတာ ခက်တယ်"ဟု ဇော်ခီက ပြောသည်။

**ကိုလင်း**

## ကလေးစိတ်အဖြစ် သရုပ်ဆောင်ရသည်မှာ ခက်ခဲခဲ့ကြောင်း အိန္ဒြာကျော်ဇင် ပြောကြား

ယနေ့ခေတ် မိဘများအနေဖြင့် သားသမီးငယ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် စဉ်းစားဆင်ခြင် သတိပြုစရာများကို အသိပညာပေး ရိုက်ကူးပြသထားသည့် ဇာတ်ကား တစ်ကားဖြစ်သော သေတ္တာအမှတ်(၈၈) ရုပ်ရှင် ဇာတ်ကားတွင် ကလေးစိတ်အဖြစ် သရုပ်ဆောင်ရသည်မှာ ခက်ခဲခဲ့ကြောင်း အိန္ဒြာကျော်ဇင်က ပြောကြားသည်။



ထိုဇာတ်ကားတွင် အိန္ဒြာကျော်ဇင်က မိခင်တစ်ဦး အဖြစ် သရုပ်ဆောင်ထားပြီး သားသမီးကို ဂရုစိုက်မှု အနည်းငယ် လျော့သွားမိခဲ့ရာမှ စတင်ကာ ပြဿနာ အမျိုးမျိုးနှင့် ရှုံးမတတ် ခံစားရသော ဒုက္ခဆင်းရဲအဖုံဖုံကို တွေ့ကြုံရပုံများကို သရုပ်ဆောင်ထားကြောင်းသိရသည်။ "ဒီဇာတ်လမ်းထဲမှာ အူဝဲအနေနဲ့ ကလေးတစ်ယောက်ရဲ့ အမေအဖြစ် သရုပ်ဆောင်ထားပါတယ်၊ သမီးလေးရုတ်တရက် ပျောက်ဆုံးသွားပြီး သေသွားတဲ့အခါ သူ့ရဲ့ဝိညာဉ်က ကိုယ့်ကိုဝင်ပူးပြီး ကလေးစိတ်နဲ့တစ်မျိုး၊ မိခင်တစ်ယောက်လိုစိတ်နဲ့တစ်မျိုးပေါ့၊ စိတ်နှစ်မျိုးနဲ့ သရုပ်ဆောင်ထားပါတယ်၊ ခဏတာ သတိလက်လွတ်ဖြစ်တာလေးက အများကြီး ဆုံးရှုံးရတတ်တယ် ဆိုတာလေးကို ပြထားတာပါ၊ အူဝဲအနေနဲ့ ဒီကားမှာ စရိုက်နှစ်မျိုးကိုချိန်းပြီး လုပ်ခဲ့ရတာ တကယ်ကို ခက်ခဲခဲ့ပါတယ်၊ ကလေးတစ်ယောက်ရဲ့စိတ်နဲ့ လုပ်ရတဲ့အခါမှာ တကယ်ကို ကလေးစိတ်အသွင်မျိုး ပုံပေါ်အောင် လုပ်ရတာလေ၊ ကလေးတစ်ယောက်အတိုင်း ဖြစ်ဖို့ ကလေးတွေရဲ့ နေထိုင်မှုပုံစံကို အရင် လေ့လာရသေးတယ်၊ ဒီကားကို ကလေးရှိတဲ့ မိဘတွေ၊ အထူးသဖြင့် မိခင်တွေ ပိုပြီး သတိထားကြည့်စေချင်ပါတယ်၊ ဒီဇာတ်ကားကို ကြည့်ခြင်းအားဖြင့် ဘယ်လိုပဲဖြစ်ဖြစ် သတိလေး ပိုရှိသွားမယ်ပေါ့နော်"ဟု အိန္ဒြာကျော်ဇင်က ပြောသည်။

ဒါရိုက်တာဝင်းလွင်ထက် ရိုက်ကူးကာ နေတိုး၊ ထွန်းထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားသည့် အဆိုပါ ဇာတ်ကားကို နိုဝင်ဘာ ၇ ရက်မှ စတင်ကာ ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## Stellar Seven မှ ရိုက်ကူးမည့် ရုပ်ရှင်များအတွက် အမျိုးသမီးသရုပ်ဆောင်များ ခေါ်ယူ

မြန်မာရုပ်ရှင်ဇာတ်ကားကြီးများ ရိုက်ကူးရန်အတွက် မျက်နှာသစ် အမျိုးသမီးသရုပ်ဆောင် လေးဦးကို Stellar Seven Entertainment က အလိုရှိနေသဖြင့် ခေါ်ယူနေပြီး စိတ်ပါဝင်စားကာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် အမျိုးသမီးငယ်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

သရုပ်ဆောင် အမျိုးသမီးလေးဦးတွင် သုံးဦးသည် ခန္ဓာကိုယ်အချိုးအစား ပုံမှန်ရှိပြီး ရုပ်ရည် ပြေပြစ် ချောမောလှပရမည်ဖြစ်ကြောင်း၊ ကျန် အမျိုးသမီးတစ်ဦး အနေဖြင့် ပုံမှန်ထက် ပိုမိုပြည့်ဖြိုးသော ခန္ဓာကိုယ်အချိုးအစား ရှိရမည်ဖြစ်ပြီး ရုပ်ရည် ချောမောလှပရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူအတွက် အသက်အရွယ် အပိုင်းအခြားကို ကန့်သတ်မထားသော်လည်း ဇာတ်ကောင်စရိုက် လိုအပ်ချက်အရ မျက်နှာအချိုးအစားနှင့် နုပျိုမှုမှာ အသက် ၁၈ နှစ်မှ ၂၂ အတွင်းရှိသည်ဟု ထင်မှတ်နိုင်သည့်သူ ဖြစ်ရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင် မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမိတ္တူကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

Stellar Seven Entertainment မှ တာဝန်ရှိသူ တစ်ဦးက "အဓိကကတော့ သရုပ်ဆောင်တာကို ဝါသနာပါသူ ဖြစ်ရမယ်၊ အများနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်သူ၊ ကြိုးစားအားထုတ်မှု ကောင်းသူပေါ့နော်၊ နောက်ပြီး မိဘအုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရရှိသူ ဖြစ်ရပါမယ်၊ မိတ်ကပ် လိမ်းခြယ်ထားခြင်း (သို့မဟုတ်) ဖိုတိုရှော့နဲ့ ပြုပြင်ထားခြင်းများ မပါဝင်တဲ့ ကိုယ်တစ်ပိုင်းရိုက်ကူးထားတဲ့ မျက်နှာရှေ့တည့်တည့်ပုံ တစ်ပုံ၊ ဘေးတိုက် ဘယ်/ညာ ရိုက်ကူးထားတဲ့ပုံ နှစ်ပုံနဲ့ မိတ်ကပ်လိမ်းခြယ်ထားတဲ့ အလှဓာတ်ပုံ ၁၀ ပုံကို လျှောက်လွှာမှာ ပူးတွဲဖော်ပြရပါမယ်၊ ပြီးတော့ သရုပ်ဆောင်အတွေ့အကြုံရှိသူဖြစ်ရင် မိမိပါဝင်သရုပ်ဆောင်ဖူးတဲ့ တစ်မိနစ်စာ ဗီဒီယိုဖိုင်ကို admin@stellar7myanmar.com သို့ ပေးပို့ရပါမယ်၊ သရုပ်ဆောင်အတွေ့အကြုံ မရှိရင်တော့ မိမိနှစ်သက်ရာ ဇာတ်ကွက်တစ်ခုကို တစ်မိနစ်စာ သရုပ်ဆောင်ရိုက်ကူးပြီး admin@stellar7myanmar.com ကို ပေးပို့ရမှာပါ"ဟု ပြောသည်။

လျှောက်ထားရာတွင် အီးမေးလ်ဖြင့် လျှောက်မည်ဆိုပါက လျှောက်လွှာနှင့်အတူ လိုအပ်သည့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များကိုပါ ပူးတွဲပြီး admin@stellar7myanmar.com သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ လူ ကိုယ်တိုင် လာရောက်လျှောက်ထားမည်ဆိုပါက လျှောက်လွှာကို ပြည့်စုံစွာဖြည့်စွက်ကာ သတ်မှတ်ထားသည့်ပုံများကို 4x6 ဓာတ်ပုံထုတ်၍ ယူဆောင်လာရန်နှင့် သရုပ်ဆောင်ထားသည့် ဗီဒီယိုဖိုင်ကို DVD ဖြင့် ယူဆောင်လာပေးရန် လိုအပ်ကြောင်း၊ သိရှိလိုသည့် အသေးစိတ်အချက်များကို Stellar Seven Entertainment ရုံး၊ တိုင်းလင့်ခ်ကွန်ဒို၊ အခန်းအမှတ်(B-09)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၇၈၄ ၀၀၀၀၇ နှင့် ၀၉ ၇၇၈၄၀၀၀၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ လျှောက်ထားသူများထဲမှ ဆန်ခါတင်ရွေးချယ်ခံရသူများကိုသာ Stellar Seven Entertainment က ပြန်လည်ဆက်သွယ်ပြီး နိုဝင်ဘာလထဲတွင် Second Audition ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ရိုးမပေါ်ကျတဲ့မျက်ရည် ဇာတ်ကားတွင် ထူးထူးခြားခြား ကာရိုက်တာများနှင့် တွေ့ရမည့် အနုပညာရှင်များ

အမျိုးသားစာပေဆုရှင် စာရေးဆရာ တင်ညွန့်၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ကိုပေါက် ရိုက်ကူးကာ သရုပ်ဆောင် မြင့်မြတ်၊ ထူးအောင်၊ အောင်အေးချမ်း၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်နှင့်မေမြင့်မိုရ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် ရိုးမပေါ်ကျတဲ့ မျက်ရည်ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီးကို နိုဝင်ဘာ ၇ ရက်တွင် စတင် ရုံတင်ပြသသွားတော့မည် ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် နှစ် ၃၀ ခန့်က မြန်မာ့ကျေးလက်ဒေသများမှ ပညာရေးအခြေအနေများကို ဖြစ်ရပ်မှန်အပေါ် အခြေခံ၍ ရိုက်ကူးထားသည့် ထိုဇာတ်ကားကြီးတွင် သရုပ်ဆောင် အိန္ဒြာကျော်ဇင်၊ အောင်အေးချမ်းနှင့် မြင့်မြတ်တို့က ပုံမှန်မြင်တွေ့နေရသည့် ကာရိုက်တာများမှ ခွဲထွက်ကာ ထူးခြားစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး ဇာတ်ကောင်စရိုက်များကို ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။

**အိန္ဒြာကျော်ဇင်(ကိုတိုး)**

အိန္ဒြာကျော်ဇင်ကို ယောကျ်ားလျာဇာတ်ရုပ်နှင့် မြင်ခဲ့ဖူးသည့် ဇာတ်ကားအချို့ ရှိသော်လည်း အိန္ဒြာကျော်ဇင်၏ အနုပညာစွမ်းအားကို ယခုဇာတ်ကားတွင် ပိုပြီးတွေ့မြင်ရသည်။ ဇာတ်လမ်းကျောရိုး အခိုင်အမာရှိပြီးသား ဇာတ်လမ်းကို ရိုက်ကူးရသည်မှာ လွယ်မည်ထင်ရသော်လည်း ယင်းဇာတ်လမ်းထဲမှ ကာရိုက်တာများကို လိုက်မီအောင် သရုပ်ဆောင်ရသူများအတွက် ခက်ခဲလှသည်မှာ အမှန်ပင်။ ဒါရိုက်တာ၏ ဇာတ်လမ်း ဇာတ်ကွက်ကို ဖန်တီးရသည့် ပညာနှင့် သရုပ်ဆောင်တစ်ဦးချင်းစီ၏ အနုပညာစွမ်းအားများ အဘက်ဘက်က မပြည့်စုံလျှင် ဇာတ်လမ်းကျောရိုး ကောင်းပါသော်လည်း ပျက်သွားတတ်သည့် ရုပ်ရှင်များ အများအပြားရှိကြသည်။

ယခု ရိုးမပေါ်ကျတဲ့မျက်ရည်တွင်မူ ကိုတိုးအဖြစ် သရုပ်ဆောင်သည့် အိန္ဒြာကျော်ဇင်၏ သရုပ်ဆောင်ကွက်များမှာ အိန္ဒြာကျော်ဇင်နှင့် အလိုက်ဖက်ဆုံးဟုပင် ဆိုနိုင်သည်။ ကွမ်းစားခြင်း၊ ပုဆိုးဝတ်ခြင်း စသည့် ယောကျ်ားလျာပုံစံဖြစ်အောင် သရုပ်ဆောင်မှုမျိုးထက် နဂိုရှိပြီးသား မိန်းမတစ်ယောက်၏ အမူအရာ လုံးဝပျောက်ကာ အခြားလူတစ်ယောက်ပမာ ပြောဆို သရုပ်ဆောင်သွားနိုင်သည်။ သရုပ်ဆောင်ရသည့် ဇာတ်ကွက်အမျိုးမျိုးတွင် တမင်လုပ်ယူထားပုံမျိုးမဟုတ်ဘဲ တကယ့် ယောကျ်ားလျာတစ်ယောက်အလား သရုပ်ဆောင်သွားနိုင်ခြင်းက အိန္ဒြာကျော်ဇင်၏ အနုပညာစွမ်းအားများ ဖြစ်သည်။

**အောင်အေးချမ်း(ဝင်းချစ်)**

အောင်အေးချမ်းမှာ မျက်နှာသစ် သရုပ်ဆောင်တစ်ဦးသာဖြစ်သော်လည်း ဝါရင့်များကြားတွင် ကိုယ်ယူထားသည့် ကာရိုက်တာကို အကောင်းဆုံးဖန်တီးနိုင်ခဲ့သည်ကို တွေ့ရသည်။ သူ့ကို MRTV-4 ဇာတ်လမ်းတွဲတွေမှာ တွေ့ရဖူးသော်လည်း ယခုလောက် အားမရခဲ့ပေ။ ယခု ရိုးမပေါ်ကျတဲ့မျက်ရည် ဇာတ်ကားတွင်မှ ဗီလိန် ဝင်းချစ်အဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည့် အောင်အေးချမ်း၏ အနုပညာစွမ်းအားကို မြင်တွေ့ရသည်။

ဇာတ်ကားတစ်ကား ဇာတ်ရှိန်မြင့်လာဖို့ ဆိုလျှင် အဓိကသရုပ်ဆောင်များသာမက ဇာတ်ကို ပံ့ပိုးကြသော ဇာတ်ပို့နှင့် ဗီလိန်များကလည်း အဓိကကျသည်။ ယင်းတာဝန်ကို အောင်အေးချမ်းက အကောင်းဆုံး ထမ်းဆောင်နိုင်ခဲ့သည်။ မိမိအကျိုးစီးပွားကို ထိခိုက်လာလျှင် ဘာမဆိုလုပ်ဝံ့သူ၊ လုပ်တတ်သူ ဝင်းချစ်အဖြစ် မျက်နှာအမူအရာ၊ အပြောအဆိုများကို ပိုင်နိုင်စွာ သရုပ်မဆောင်နိုင်ပါက ဇာတ်ကားတစ်ကားလုံး ဇာတ်ရှိန်လျော့ကျသွားပြီး ဟာတာတာကြီးဖြစ်နေမှာ အမှန်ပင်။ အောင်အေးချမ်းသည် ရသည့်အခန်း၊ ကျသည့်နေရာကို အကောင်းဆုံး သရုပ်ဆောင်နိုင်ခဲ့သည်မှာ မချီးကျူးဘဲမနေနိုင်အောင် ဖြစ်ရသည်။ ဘာကြောင့် ဗီလိန်နေရာမှ သရုပ်ဆောင်ရသည်လဲဟူ၍လည်း ပရိသတ်က မေးခွန်းထုတ်ချင်ကြလိမ့်မည်။




**မြင့်မြတ်**

ရိုးမပေါ်ကျတဲ့မျက်ရည် ဇာတ်ကားတွင် မြင့်မြတ်ကိုလည်း ယခင်လို သရုပ်ဆောင် ပီပြင်သော မြင့်မြတ်အဖြစ် ပြန်တွေ့ရမည်၊ မူလလက်ဟောင်း မြင့်မြတ်ကို ပြန်လည်ခံစားရမည်ဟု ဆိုချင်သည်။ ဆေးစက်ကျရာ အရုပ်ထင်သည်ဟု ဆိုသော်လည်း နောက်ပိုင်းတွင် ဟာသကားများတွင်သာ အတွေ့ရများနေသော မြင့်မြတ်ကို ရှားရှားပါးပါး ကာရိုက်တာတစ်ခုဖြစ်သည့် ကျောင်းဆရာတစ်ဦး အသွင်ဖြင့် တွေ့ရကာ ဆရာတစ်ယောက်၏ဂုဏ်၊ ဆရာတစ်ယောက်၏ စေတနာ၊ မေတ္တာနှင့် အနစ်နာခံတတ်သည့် စိတ်ဓာတ်များကို ပေါ်လွင်အောင် အကောင်းဆုံး သရုပ်ဆောင်နိုင်သည့် မြင့်မြတ်ကို တွေ့မြင်ရမည်ဖြစ်သည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### တေလာဆွစ်၏ မွေးနေ့ ဒီဇင်ဘာ ၁၃ တွင် ဟယ်ရီစတိုင်ရဲ့အယ်ဘမ်အသစ် ထွက်ရှိမည်

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ရဲ့ အယ်ဘမ်အသစ်ဟာ ဒီဇင်ဘာ ၁၃ ရက်မှာ ထွက်ရှိမှာပဲဖြစ်ပါတယ်။ အယ်ဘမ်အသစ်ရဲ့ နာမည်ကိုတော့ Fine Line လို့ အမည်ပေးထားပါတယ်။ တိုက်ဆိုင်တာကတော့ အယ်ဘမ်အသစ်ထွက်ရှိမယ့်နေ့ဟာ တေလာဆွစ်ရဲ့ အသက် ၃၀ ပြည့်မွေးနေ့ ဖြစ်နေတာပါပဲ။

တေလာဆွစ်နဲ့ ဟယ်ရီစတိုင်တို့ဟာ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ ချစ်ကြိုက်ကြောင်း သတင်းတွေ ထွက်ခဲ့တာပါ။ ပရိသတ်တွေကတော့ ဟယ်ရီစတိုင်ရဲ့ အယ်ဘမ်အသစ်မှာ တေလာဆွစ်အကြောင်း ရေးထားတဲ့သီချင်းတွေ ပါလိမ့်မယ်လို့ ယူဆထားကြပါတယ်။ တေလာဆွစ်နဲ့ ဟယ်ရီစတိုင်ကို ပြန်ပြီးတွဲစေချင်ကြတဲ့ ပရိသတ်တွေကဆိုရင် Fine Line ဆိုတဲ့အယ်ဘမ်အသစ်မှာ သူတို့နှစ်ဦးလျှို့ဝှက်စွာ ပူးပေါင်းပြီး လုပ်ဆောင်ထားတာမျိုးပါလိမ့်မယ်လို့ ထင်ကြေးပေးနေကြပါတယ်။ တချို့တွေကလည်း ပရိသတ်တွေကြား လှုပ်လှုပ်ရှားရှားဖြစ်စေချင်လို့ တေလာဆွစ်ရဲ့မွေးနေ့ကိုရွေးပြီး အယ်ဘမ်အသစ်ထုတ်တာဆိုပြီး ပြောကြပါတယ်။ သူတို့နှစ်ဦးပြတ်စဲသွားတာကြာပြီဖြစ်ပေမယ့် တေလာဆွစ်နဲ့ ဟယ်ရီစတိုင်ကို ပြန်တွဲစေချင်တဲ့ပရိသတ်တွေလည်း ရှိနေသေးပါတယ်။ အခုအယ်ဘမ်ဟာ ဟယ်ရီစတိုင်အတွက် ဒုတိယမြောက်အယ်ဘမ်လည်း ဖြစ်ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်က နယူးယောက်မြို့ရှိ ဗဟိုပန်းခြံအတွင်း လမ်းလျှောက်နေသည့် ဟယ်ရီစတိုင်နှင့် တေလာဆွစ်ကို တွေ့ရစဉ်။

### နယူးဒေလီမြို့ရဲ့လေထုညစ်ညမ်းမှုကို အများက အာရုံစိုက်လာအောင် ပရီယန်ကာချိုပရာ ကြိုးပမ်း

ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာတစ်ယောက်တော့ နယူးဒေလီမြို့မှာ ရုပ်ရှင်ရိုက်ဖို့ လာရောက်စဉ်အတွင်း မျက်နှာဖုံးတပ်ထားတာကို တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ မြို့တော်ကြီးဖြစ်တဲ့ နယူးဒေလီမြို့မှာ လေထုညစ်ညမ်းမှု ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။

လေထုညစ်ညမ်းမှုကြောင့် မျက်နှာဖုံးစွပ်ထားရတဲ့ပုံကို ပရီယန်ကာချိုပရာက အင်စတာဂရမ်ပေါ် တင်ခဲ့ပြီး ဒီနေရာမှာ အခုရုပ်ရှင်ရိုက်ဖို့ မလွယ်ဘူး။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုများအသက်ရှင် နေထိုင်ရမလဲဆိုတာ စဉ်းစားကြည့်လို့မရဘူးဆိုပြီး အင်စတာဂရမ်ပေါ်မှာရေးသားခဲ့ပါတယ်။ လေသန့်စက်တွေနဲ့မျက်နှာဖုံးတွေရှိနေတဲ့အတွက် ကျေးဇူးတင်ရမယ်။ ဒါပေမယ့် အိမ်ခြေရာမဲ့တွေအတွက်တော့ စိုးရိမ်စရာပဲ။ အားလုံးဘေးကင်းကြပါစေလို့ ရေးသားခဲ့ပါတယ်။ လေထုညစ်ညမ်းမှုအတွက် အဖြေရှာဖို့လည်း တောင်းဆိုခဲ့ပါတယ်။ မြို့တော်အတွင်းမှာ ပြည်သူ့ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အလုပ်တွေကို ရပ်ဆိုင်းထားပါတယ်။ ကလေးတွေအတွက် မျက်နှာဖုံးတွေ ဝေပေးထားရပါတယ်။ ပရီယန်ကာကတော့ The White Tiger ဆိုတဲ့အိန္ဒိယဝတ္ထု မိတ်ဆက်ပွဲမှာလည်း နယူးဒေလီမှာ လေထုညစ်ညမ်းမှုအတွက် အားလုံးဂရုပြုမိလာအောင် ပြုလုပ်ခဲ့ပါသေးတယ်။ နယူးဒေလီမြို့ကိုတော့ ကမ္ဘာပေါ်မှာ လေထုညစ်ညမ်းမှု အများဆုံးမြို့အဖြစ် သတ်မှတ်ထားပါတယ်။

**စီအင်န်အင်န်**



လေထုညစ်ညမ်းမှုကြောင့် မျက်နှာဖုံးတပ်ဆင်ထားသည့် ရုပ်ရှင်မင်းသမီး ပရီယန်ကာချိုပရာကို တွေ့ရစဉ်။

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၉၈)



# တရားလိုဘက်မှ ပြင်ပရှေ့နေငှားခြင်း

**ဦးဟန်ညွန့်(ဥပဒေ)**



**တစ်နေ့သ၌**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိက "တရားရုံးတွေမှာ တရားလိုဘက်က ပြင်ပရှေ့နေတွေ ငှားတတ်ကြတယ်။ အစိုးရရှေ့နေ (ဥပဒေအရာရှိ) ရှိပြီးသား၊ ခန့်ပြီးသား။ ဒါပေမယ့် ပြင်ပရှေ့နေကို ထပ်ငှားကြတယ်။ ပြင်ပရှေ့နေတွေရဲ့ တာဝန်ကို ပီပီပြင်ပြင် သိချင်ပါတယ် ဆရာကြီး" ဟု ကျွန်တော့်အား မေးလာပါသည်။

အစိုးရရှေ့နေ၏ တာဝန်နှင့် ပြင်ပရှေ့နေ၏ တာဝန်ကို ပီပြင်စွာ ခွဲခြားသိလိုသော မေးခွန်းဖြစ်ပါသည်။ လေ့လာမှတ်သားမိသမျှ မျှဝေတင်ပြပါရစေ။

**အစိုးရရှေ့နေဆိုသည်မှာ**

အစိုးရရှေ့နေဆိုသည်မှာ ပြည်ထောင်စုရှေ့နေချုပ်က ခန့်အပ်တာဝန်ပေးသည့် ဥပဒေအရာရှိကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်က သီးခြားတာဝန်ပေးသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

**[၂၀၁၆ ၊ ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ ၂ (ခ)]**

**တာဝန်ခံဥပဒေအရာရှိ**

တာဝန်ခံဥပဒေအရာရှိဆိုသည်မှာ ဥပဒေရုံးအဆင့်ဆင့်တွင် ရုံးအကြီးအမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဥပဒေအရာရှိကို ဆိုသည်။

**[၂၀၁၆၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ ၂ (ဂ)]**

**အမှုလိုက်ဥပဒေအရာရှိ**

အမှုလိုက်ဥပဒေအရာရှိဆိုသည်မှာ တရားရုံးအဆင့်ဆင့်တွင်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရုံးဆိုင်ရာ ခုံရုံးတွင်သော်လည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့တွင်သော်လည်းကောင်း ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ခုံအဖွဲ့တစ်ခုခုတွင်သော်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး သို့မဟုတ် ဥပဒေရုံးအဆင့်ဆင့်၏ကိုယ်စား လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိကို ဆိုသည်။

**[၂၀၁၆၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ ၂ (ဃ)]**

**အစိုးရရှေ့နေ၏ ညွှန်ကြားမှုဖြင့်သာ**

"ပြင်ပရှေ့နေတွေဟာ အစိုးရရှေ့နေ (ဥပဒေအရာရှိ) ၏ ညွှန်ကြားမှုဖြင့်သာ လိုက်ပါစေရမယ်။ အမှုလိုက်ဥပဒေအရာရှိက ဦးဆောင်ပြီး အမှုကို လိုက်ပါရမယ်။ ပြင်ပရှေ့နေက တင်ပြသည့် အချက်ကို စိစစ်ဖို့ ဥပဒေအရာရှိမှာ တာဝန်ရှိတယ်ဆိုတာ မှန်ပါသလား" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက တိတိကျကျ ထပ်မေးနေပြန်ပါသည်။

**ရာဇဝတ်ကျင့်ထုံး ၄၉၃**

ရာဇဝတ်ကျင့်ထုံး ၄၉၃ ကိုသာ သေသေချာချာ ဖတ်ပါ မောင်ပျင်းရိ။ အစိုးရရှေ့နေသည် မိမိတာဝန်ယူရသည့် မည်သည့်အမှုတွင်မဆို ပြုလုပ်မှုသည် စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု သို့မဟုတ် အယူခံမှု၌ အမိန့်စာမပါဘဲ မည်သည့် တရားရုံးရှေ့မဆို ရောက်ရှိ၍ အမှုလိုက်ပါဆောင်ရွက် လျှောက်လဲနိုင်ပါသည်။

**ပုဂ္ဂလိကငှားရမ်းသော ရှေ့နေများ**

ပုဂ္ဂလိကငှားရမ်းသော ရှေ့နေများသည် ၎င်းညွှန်ကြားမှုအောက်တွင် ရှိနေရခြင်း (Pleaders Privately instructed to be under his direction) ဟု ကျင့်ထုံးက ပြဋ္ဌာန်းပါသည်။

တစ်ဦးတစ်ယောက်က အခြားတစ်ဦးကို မည်သည့်တရားရုံးတွင်မဆို အမှုစွဲဆိုရန် ရှေ့နေတစ်ဦးကို ငှားရမ်းလျှင် အစိုးရရှေ့နေ (ဥပဒေအရာရှိ)ကပင် တရားစွဲဆိုမှုကို ဆောင်ရွက်ရမည်။ ငှားရမ်းခြင်းခံရသော ရှေ့နေသည် ထိုအမှုတွင် အစိုးရရှေ့နေ(ဥပဒေအရာရှိ)၏ ညွှန်ကြားမှုများအရ (Under his direction) ဆောင်ရွက်ရမည်ဖြစ်ပေသည်။

**ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ ၁၁၅**

ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သော အမှုတွင် တရားလိုဘက်မှ ငှားရမ်းသော ရှေ့နေအား အမှုလိုက်ပါခွင့်ပြုခြင်း၊

ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာ မူလအမှုများတွင် တိုင်တန်းသူ တရားလို သို့မဟုတ် နစ်နာသူ အမှုသည်က ရှေ့နေငှားရမ်းပြီး လိုက်ပါဆောင်ရွက်စေလိုလျှင်–

- (က) ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာဥပဒေရုံးသို့ လျှောက်ထားရမည်။
- (ခ) သတ်မှတ်ထားသည့် ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင်ထားသော လျှောက်လွှာနှင့်အတူ ပြင်ပရှေ့နေက သက်ဆိုင်ရာတရားရုံးတွင် တင်သွင်းမည့် ရှေ့နေကိုယ်စားလှယ်လွှဲစာကို ပူးတွဲတင်ပြရမည်။

**ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ ၁၁၆**

ဥပဒေရုံးအဆင့်ဆင့်သည် နည်းဥပဒေ ၁၁၅ အရ လျှောက်ထားချက်ကို ရှေ့နေကိုယ်စားလှယ်လွှဲစာနှင့်အတူ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိက ရှေ့နေကိုယ်စားလှယ်လွှဲစာပေါ်၌ **အမှုလိုက်ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ** လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာတရားရုံးတွင် တင်ပြနိုင်ရန် လျှောက်ထားသူအား ပြန်ပေးရမည်။

**ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ ၁၁၇**

ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော အမှုတွင် တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရရှိသည့် ရှေ့နေသည်–

- (က) သက်ဆိုင်ရာ **အမှုလိုက် ဥပဒေအရာရှိ၏ ညွှန်ကြားမှုဖြင့်သာ** လိုက်ပါဆောင်ရွက်ရမည်။
- (ခ) တရားရုံးတွင် သက်သေအား စစ်မေးလိုသည့် အချက်အလက်များနှင့် တင်ပြလိုသည့် စပ်ဆိုင်သော အကြောင်းအချက်များကို စာဖြင့် ရေးသား၍ အမှုလိုက်ဥပဒေအရာရှိထံ တင်ပြရမည်။
- (ဂ) အမှုလိုက်ဥပဒေအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ တရားရုံး၌ သက်သေစစ်မေးခြင်း၊ သက်သေခံအထောက်အထား တင်သွင်းခြင်းနှင့် တရားရုံးတွင် တင်ပြလျှောက်လဲခြင်းများ မပြုရ။

**ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ ၁၁၈**

ရှေ့နေအား တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုထားသည့်အမှုတွင် အမှုလိုက်ဥပဒေအရာရှိသည်–

- (က) ကိုယ်တိုင်ဦးဆောင်၍ လိုက်ပါဆောင်ရွက်ရမည်။
- (ခ) မိမိ၏ ညွှန်ကြားမှုဖြင့် ရှေ့နေအား လိုက်ပါဆောင်ရွက်စေနိုင်သည်။
- (ဂ) ရှေ့နေက သက်သေအား စစ်မေးလိုသည့် အကြောင်းအချက်၊ တရားရုံးတွင် တင်ပြလိုသည့်အကြောင်းအချက်နှင့် စပ်လျဉ်း၍ မိမိထံ **စာဖြင့်တင်ပြလျှင်** အမှုလိုက်စာတွဲတွင် စနစ်တကျ တွဲထားရမည်။
- (ဃ) ရှေ့နေက တင်ပြသည့်အကြောင်းအချက်များကို သေချာစွာ စိစစ်၍ အမှုနှင့် စပ်ဆိုင်သော အကြောင်းအချက်များဖြစ်လျှင် သက်သေစစ်မေးခြင်း၊ တရားရုံးတွင် တင်ပြခြင်း စသည်များ ပြုလုပ်ရမည်။ အမှုနှင့်စပ်ဆိုင်ခြင်းမရှိသော အကြောင်းအချက်များဖြစ်လျှင် ရှေ့နေ၏ တင်ပြချက်ကို ငြင်းပယ်နိုင်သည်။ ထိုသို့ ငြင်းပယ်ကြောင်းကို အမှုလိုက်စာတွဲနေ့စဉ်မှတ်တမ်းတွင် စနစ်တကျ မှတ်တမ်းတင်ထားရမည်။
- (င) မိမိလိုက်ပါသည့် အမှုကို ထိခိုက်နစ်နာဖွယ်မရှိလျှင် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ရှေ့နေအား ကူညီဆောင်ရွက်စေနိုင်သည်။
- (စ) နည်းဥပဒေခွဲ(င)အရ ဆောင်ရွက်စေသည့်အခါ မိမိခွင့်ပြုသည့် လုပ်ငန်းတာဝန်ကို အမှုလိုက်စာတွဲတွင် တိကျစွာ မှတ်တမ်းတင်ထားရမည်။
- (ဆ) နည်းဥပဒေခွဲ (င) အရ ခွင့်ပြုခဲ့လျှင် ခွင့်ပြုထားသည့် အတိုင်းအတာအလျောက်ရှေ့နေအား ရဲစက္ကူအမှုတွဲကို **ရုံးချိန်အတွင်းသာလျှင်** လေ့လာကြည့်ရှုခွင့်ပေးရမည်။

**ကျယ်ကျယ်ပြန့်ပြန့်**

တရားလိုဘက်မှ ပြင်ပရှေ့နေငှားခြင်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးဦးမည်။ ရာဇဝတ်ကျင့်ထုံး ၄၉၃ နှင့်အညီသာ လိုက်နာဆောင်ရွက်ပါ။ ရှေ့နေချုပ်နည်းဥပဒေများနှင့် အညီသာ ကျင့်သုံးပါ။ ဘာပြဿနာမှ မရှိပါ။ ဥပဒေဘောင်အတွင်းက အခွင့်အရေးကိုသာ တောင်းခံနိုင်ပါမည်။

**စေတနာ**

ဘားကောင်စီ၊ ရှေ့နေအသင်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က ဦးဆောင်လျက် ဥပဒေပညာပေးခြင်း၊ ဆွေးနွေးမျှဝေခြင်းများ လုပ်ပေးလျှင် (စာကျေဖို့) လေ့လာမှတ်သားမှု တိုးတက်မှာ သေချာကြောင်း တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာလှေလှော်အဖွဲ့ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ စတင်ရန် ရက် ၂၀ ကျော်သာ လိုတော့ရာ မြန်မာအားကစားအဖွဲ့များအနေဖြင့် အောင်မြင်မှုရရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၃၀ ကျော် ဖြင့် ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး လှေလှော်အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် လှေလှော် အားကစားနည်း ပါဝင်သည့် အကြိမ်တိုင်း နိုင်ငံအတွက် အောင်မြင်မှုများစွာရယူပေးနိုင်ခဲ့ပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ တွင် လှေလှော်အားကစားနည်း မပါဝင်သောကြောင့် ယှဉ်ပြိုင်ခွင့်မရသော်လည်း ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာသောကြောင့် အောင်မြင်မှုရရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ဆီးဂိမ်းလှေလှော်အားကစားနည်းတွင် ရိုးရာလှေ၊ ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲအမျိုးအစားတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် ပြိုင်ပွဲအမျိုးအစား ၁၉ မျိုးတွင် ၁၇ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် ပဏာမကစားသမား ၇၂ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ကစားသမား ၅၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ရိုးရာလှေပြိုင်ပွဲ၌ အမျိုးသား+ အမျိုး သမီး ၂၂ တက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲ၊ မီတာ ၅၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား ၁၂ တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသားလေးယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသမီး လေးယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ၌ အမျိုးသား ကိုယ်ပေါ့တစ်ယောက်လှော်ပြိုင်ပွဲ၊ အမျိုးသား ကိုယ်ပေါ့နှစ်ယောက်လှော်ပြိုင်ပွဲ၊ အမျိုးသား နှစ်တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး ကိုယ်ပေါ့တစ်ယောက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး ကိုယ်ပေါ့နှစ်ယောက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး နှစ်တက်လှော်ပြိုင်ပွဲ၊ ကနူး/ကယက်ပြိုင်ပွဲ၌ အမျိုးသားကနူးနှစ်ယောက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား ကနူးတစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား ကယက်လှေတစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



မြန်မာလှေလှော် အားကစားသမားများ ရန်ကုန်မြို့ရှိ အင်းလျားကန်၌ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာလှေလှော်အားကစားသမားများအနက် ရိုးရာလှေအားကစားသမားများကို ဦးဝင်းဖေ၊ အပြည်ပြည်ဆိုင်ရာလှေ အားကစားသမားများကို နည်းပြချုပ် အရာခံ ဗိုလ်ကျော်ဝင်း၊ နိုင်ငံခြားသားနည်းပြ ဖီးလစ်မာတင် (အင်္ဂလန်)၊ ကနူး/ ကယက်ကစားသမားများကို နည်းပြချုပ်အဖြစ် ဦးခင်မောင်မြင့်၊ နိုင်ငံခြားသားနည်းပြ ဝမ်ချောင်(တရုတ်)တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ယခုနှစ်အတွင်း ကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထိုက်သင့်သည့်အောင်မြင်မှုများ ရခဲ့သလို ၂၀၁၈ ခုနှစ်က ဝင်ရောက်ယှဉ်ပြိုင်သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုနှင့် လွဲချော်ခဲ့သောကြောင့် ယင်းပြိုင်ပွဲမှာ အားနည်းချက်များကို ပြန်လည်ပြင်ဆင်ကာ နည်းစနစ်မှန်မှန်၊ ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းသည် လှေလှော်အားကစားသမားများ စိတ်ဓာတ်တက်ကြွလာစေရန် ဆောင်ရွက်ပေးလျက်ရှိသလို ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရပါကလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

**ညီမြတ်သော်တာ**

# ဒေသအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များပေးအပ်

**ရေတာရှည် နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းဒေသရှိ မရိုးခုံ၊ ဆန်တော်ပို့၊ အောင်ချမ်းသာ၊ ရေငန်း၊ လုံးရမ်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာခွဲပေါင်း ကိုးရွာရှိ ဒေသခံတောင်သူ ၃၅၀ အား မြို့နယ်သစ်တောဦးစီးဌာနမှ ဒေသအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်များကို ယမန်နေ့နံနက် ၁၀ နာရီက သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း၊ ၆ မိုင် သစ်တောကျေးရွာ သစ်တောစခန်း၌ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ တောင်ငူခရိုင် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်စိုးက နှစ် ၃၀ လုပ်ပိုင်ခွင့်ရှိမည့် သစ်တောဆောင်ရွက်ခွင့်လက်မှတ်များ ပေးအပ်ရခြင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းက ဒေသခံများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သည့် ရေရှည်တည်တံ့သော သစ်တောသစ်ပင်များ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများနှင့် သစ်တောဖုံးလွှမ်းသည့် ဧရိယာဖွံ့ဖြိုးတိုးတက်စေပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၃ ခုနှစ်မှ စတင်၍ သစ်တောကြိုးဝိုင်းနယ်မြေအတွင်း နှစ်ကာလရှည်စွာ ဝင်ရောက်လုပ်ကိုင်နေထိုင်ကြသည့် ကျေးရွာ၊ အိမ်ထောင်စုများနှင့် လယ်၊ ယာမြေစာရင်းများကို ကောက်ယူ၍ လယ်မြေများကို စာရင်းပယ်ဖျက်ခဲ့ပြီး ယာမြေကို ၂၀၁၅ ခုနှစ်က စတင်ကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖြင့် စတင်ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ၁၀၅၄၁ ဒသမ ၈၃ ဧကကို စိုက်ပျိုးတည်ထောင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**သန်းလွင်(ဆွာ)**




# အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားနစ်(Arnis) တုတ်သိုင်းကစားနည်းဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ အားနစ်(Arnis) ကစားနည်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အားနစ်(Arnis) အားကစားနည်းက မြန်မာ့ဓားနှစ်လက်သိုင်းနဲ့ ခပ်ဆင်ဆင် တူပါတယ်။ မြန်မာ့ဓားလမ်းကြောင်းအတိုင်းပဲပေါ့။ သူတို့မှာ ဘာကွာလဲဆိုတော့ ပြိုင်ပွဲမှာ ထိုးဓားလည်း ထည့်သုံးတယ်။ မြန်မာ့သိုင်းမှာ ခေါင်းကို တစ်ကြိမ်ထက် ပိုခုတ်လို့မရဘူး။ နောက်တစ်ခါ ခုတ်တာနဲ့ Foul ပဲ။ အားနစ်က ခေါင်းကို ခုန်ခုတ်လည်း ရတယ်။ တစ်ချက်ထက် ပိုခုတ်လည်း ရတယ်။ ဒါက ဖော့စွပ်တုတ်ရိုက်နည်း။ ဖော့စွပ်တုတ်ရိုက်တဲ့နည်းက မြန်မာ့ဓားသိုင်းနဲ့ ဆင်တယ်။ ကွာတာက ဘာလဲဆိုရင် လက်နဲ့ တွန်းလိုက်တာတို့၊ စည်းပြင်ထွက်တာတို့၊ ကိုယ်ချင်းပစ်တိုက်တာတို့ ဒါတွေ အကုန်လုံးကို သူတို့က တားမြစ်ထားတယ်" ဟု မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး(၂) ဒေါ်ရှုပါသိမ်းက ပြောသည်။

### ပြင်းပြင်းထန်ထန်လေ့ကျင့်

မြန်မာလက်ရွေးစင်အားနစ်(Arnis) ကစားသမားများသည် ဆီးဂိမ်း ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားနစ်(Arnis)အနေဖြင့် ပြင်ဆင်ချိန် ရက် ၂၀ ကျော်သာလိုတော့သည်ဖြစ်ရာ နေပြည်တော် Goal Camp တွင် စခန်းသွင်း ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ဆီးဂိမ်းပြိုင်ပွဲ၌ အားနစ်အားကစားနည်းတွင် ကြိမ်တုတ်အတိုက်ပြိုင်ပွဲ(Live Stick)၊ ဖော့တုတ်အတိုက်ပြိုင်ပွဲ(Poddee) နှင့် သရုပ်ပြပြိုင်ပွဲ စုစုပေါင်းအမျိုးအစား ၂၀ ကျင်းပမည်ဖြစ်ပြီး မြန်မာအားနစ်ကစားသမားများသည် ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဖိလစ်ပိုင်နှင့် ဗီယက်နမ်ကို အဓိက ယှဉ်ပြိုင်ရမည်

မြန်မာ့လက်ရွေးစင်အားနစ်အသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ရန်အတွက် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်းကို အဓိက ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အနေဖြင့် ၁၉၉၁ ခုနှစ်က ကျင်းပသည့် (၁၆)ကြိမ်မြောက် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ငွေတံဆိပ်ငါးခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့သည်။

**အာကာစိုး**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)
# ပြည်သူ့ဝန်ထမ်းအကယ်ဒမီ
# (လျှောက်လွှာခေါ်ယူခြင်း)
## ကြော်ငြာစာအမှတ်-၂၂/၂၀၁၉
## ၁၃၈၁ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊
## ၂၀၁၉ခုနှစ် နိုဝင်ဘာ ၅ ရက်

၁။ ပြည်ထောင်စုရာထူးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီရှိ အောက်ဖော်ပြပါ ပညာဌာနများတွင် လစ်လပ်လျက်ရှိသော နည်းပြ(လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)(၇) နေရာအတွက် အောက်ပါပညာ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

| စဉ် | ပညာဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၃ | ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(M.Dev.s)/ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/မဟာဝါဏိဇ္ဇဘွဲ့(M.Com) |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၁ | စီးပွားရေးပညာမဟာဘွဲ့(ဘောဂဗေဒ/စာရင်းအင်း) [M.Econ(Economics/Statistics]ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MPA)/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.Dev.s)/မဟာဝါဏိဇ္ဇဘွဲ့(M.Com) |
| ၃ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၂ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ/အင်္ဂလိပ် စာကိုနိုင်ငံခြားဘာသာဖြင့်သင်ကြားခြင်း) [M.A (English/English Language/TEFL)] |
| ၄ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | နည်းပြ | ၁ | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/မဟာသုတသိပ္ပံ ဘွဲ့(M.I.Sc)/မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)/မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)]/မဟာအင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) M.E(I.S.T)]/မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ)[M.E(CE)] |
| စုစုပေါင်း | | | ၇ | |

၂။ လျှောက်ထားသူသည်-
(က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာပညာဌာနအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့်ကိုက်ညီသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာအခြေခံတက်မြောက်ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၂၂-၁၁-၂၀၁၉ရက်တွင် ပြင်ပပုဂ္ဂိုလ်အတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက (၄၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးဦးစီးဌာနမှဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။
(စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ်ဆက်တိုက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံစာချုပ်ချုပ်ဆိုရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်။
(က) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ(မူရင်းများတင်ပြနိုင်ရမည်)
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း (၃လအတွင်း)
(စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း(၃လအတွင်း)
(ဆ) စာမေးပွဲဝင်ကြေးငွေကျပ်(၁၀၀၀/-)ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးခွဲ၊ အမှတ်(၆၅)အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နှင့်ဗဟိုဝန် ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်၌ ၈-၁၁-၂၀၁၉ရက်မှ စတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၂-၁၁-၂၀၁၉ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့သို့ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ကြိုတင်ပေးပို့ရန်ဖြစ်သည်။

### အသက်(၄၆)နှစ်

၃၁-၁၀-၂၀၁၉ရက်(ကြာသပတေးနေ့) ည၇:၁၅နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သော ဒေါ်မြဥမ္မာအောင်အား ဆေးရုံတက်ရောက်နေစဉ် ကုသပေးခဲ့ကြသော ဆရာဝန်များနှင့် သူနာပြုများကိုလည်းကောင်း၊ နာရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးပါသော ပြည်ထောင်စုရှေ့နေချုပ်အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ဥပဒေအရာရှိများနှင့် အမှုထမ်းများကိုလည်းကောင်း၊ မွန်ပြည်နယ်ဥပဒေချုပ်နှင့်မွန်ပြည်နယ်ဥပဒေချုပ်ရုံးမိသားစုဝင်များကိုလည်းကောင်း၊ နာရေးကိစ္စရပ်အဝဝနှင့်ရေဝေးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်အချိန်ထိ ကိုယ်တိုင်စီမံကြီးကြပ်တာဝန်ယူကူညီဆောင်ရွက်ပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့်ဇနီးဆရာမ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြား ရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့အားလည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အိမ်တိုင်ရာရောက်လည်းကောင်း၊ နှစ်သိမ့်အားပေးစကားပြောကြားပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့်ဇနီး ဆရာမအဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)အပါအဝင် ဆွေမျိုးမိတ်သင်္ဂဟ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်စိန်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
မြန်မာ့စက်မှုဆိပ်ကမ်း(MIP)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၅၉)နေ (ဦးကြွက်-ဒေါ်အမာတင်)တို့၏သား၊ (ဦးမောင်မောင်)-ဒေါ်တင်ဝင်း တို့၏သားသမက်၊ ဒေါ်မာလာဝေ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၏ ခင်ပွန်း၊ ဦးရဲဝင့်ကျော်-ဒေါ်ဟေမာသက်ဝင်း၊ ဦးသီဟရဲထွဋ်-ဒေါ်ယမုံကျော်၊ ဒေါ်ယမင်းကျော်တို့၏ဖခင်၊ မောင်ရဲမင်းထွဋ်၏ အဘိုးသည် ၅-၁၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၇-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

အလ္လာဟ်သျှင်မြတ်အမိန့် တော်ခံယူခြင်း

## ဟာဂျီ PEV
## ကမားလူးဒင်း(ခ)ဦးကိုကြီး

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(B-၆)နေ (PEV အိမ်ရာဟီးမ်(ခ) ဦးဘိုးစိန်]-[ဖာသွေမာဟ်ဘီ(ခ)ဒေါ်အေးရင်]တို့၏သား၊ (ဦးဂနီ-ဒေါ်နစီမာဟ်ဘီ) တို့၏ သားသမက်၊ [ရမ်ဇန်ဘီ(ခ)ရီဇာ(ခ) ဒေါ်ညိုညိုရင်]၏ခင်ပွန်း၊ ဦးဝင်းဗိုလ်၊ ဒေါ်ခင်ခင် မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင် လူမှုဝန်ထမ်းရုံး၊ ကျိုင်းတုံမြို့)၊ ဦးမျိုးဝင်း-ဒေါ်မိုးငယ်၊ ဦးလှဝင်း-ဒေါ်ခင်မာချို၊ ဒေါ်နီနီမြင့်(မောင်ထော်လေး လိုင်းအိပ်ချိန်း)၊ ဦးတင်ရွှေ-ဒေါ်မူမူမြင့်၊ ဦးမင်းနိုင်-ဒေါ်မူမူတင့်၊ ဦးသန်းထွန်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးဟာဂျီ PEV ကမားလူးဒင်း(ခ)ဦးကိုကြီးသည် ၄-၁၁-၂၀၁၉ရက် မွန်းလွဲ ၁၂:၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁၁-၂၀၁၉ ရက် နံနက် ၁၀နာရီတွင် (၅၃)လမ်း၊ ဗိုလ်တထောင်ဗလီတွင် ဂျနဇဟ်နမားဇ်ဖတ်ပြီးရေဝေးစွန္နီကဗရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြား အပ်ပါသည်။ မဂ်ဖွေရယ်အတွက် ဒိုအာပြုပေးကြပါ...

**ကျန်ရစ်သူမိသားစု**

## ဦးစော

B.A.Ed,B.Ed
တိုင်းပညာရေးမှူး၊ စစ်ဆေးရေး(ငြိမ်း)

### အသက်(၈၇)နှစ်

နေပြည်တော်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၁၁၀၆)၊ အခန်းအမှတ်(၁)နေ (ဦးညို-ဒေါ်စံမိ)တို့၏သား၊ ဦးကျော်ကျော်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်-သစ်တောဦးစီးဌာန)၊ (ဗိုလ်မောင်မောင်အေး)၊ ဒေါက်တာအောင်အောင်မင်း(တာဝန်ခံပါမောက္ခချုပ်၊ ပြည်တက္ကသိုလ်)-ဒေါက်တာသီတာဦး(ပါမောက္ခ၊ သချာင်္ဌာန၊ မြင်းခြံဒီဂရီကောလိပ်)၊ ဦးဝင်းဆန်း(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါက်တာတင်မေစော(ပါမောက္ခ၊ ခွဲစိတ်ကုပညာဌာန၊ မန္တလေးဆေးတက္ကသိုလ်)တို့၏ဖခင်၊ ဒေါက်တာညိုမင်းသီ တာ(MGH)၊ မခိုင်ဆုဝေ၊ မောင်ဝေမင်းထက်(Uniteam Marine)၊ ဒေါက်တာခင်ငြိမ်းချမ်းတို့၏အဘိုး၊ ဒေါ်တင်လှ(ဆရာမ-ငြိမ်း)၏ခင်ပွန်းသည် ၅-၁၁-၂၀၁၉ရက် နံနက်၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် နေပြည်တော်၊ ကျေးကြီးသုသာန်သို့ ၇-၁၁-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစော

အငြိမ်းစားတိုင်းပညာရေးမှူး(စစ်ဆေးရေး)

### အသက်(၈၇)နှစ်

ပြည်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်း-ဒေါက်တာသီတာဦးပါမောက္ခ(ဌာနမှူး)၊ သချာင်္ဌာန၊ မြင်းခြံဒီဂရီ ကောလိပ်တို့၏ ဖခင် ဦးစောသည် ၅-၁၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်တက္ကသိုလ်မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ဦးစော(တိုင်းပညာရေးမှူး၊ စစ်ဆေးရေး-ငြိမ်း)

### အသက်(၈၇)နှစ်

နေပြည်တော်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၁၁၀၆နေ ဦးကျော်ကျော်လွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)၏ဖခင်၊ ဒေါ်တင်လှ(ဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဦးစော(တိုင်းပညာရေးမှူး၊ စစ်ဆေးရေး-ငြိမ်း) သည် ၅-၁၁-၂၀၁၉ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**AFo CO RETC သင်တန်းကျောင်းမိသားစု**
**သစ်တောဦးစီးဌာန**

## Dr. ထွန်းလွင်

CEO,MCCW (Myanmar Climate Change Watch)
ညွှန်ကြားရေးမှူးချုပ်၊ မိုး/ဇလ (ငြိမ်း)
အတိုင်ပင်ခံပညာရှင်
(ဗဟို)သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ဗဟို)သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အတိုင်ပင်ခံပညာရှင် ဒေါက်တာထွန်းလွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**(ဗဟို)သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာနော်ဒီနာပန်း(B.D.S)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာ(၅)လမ်း၊ အမှတ် (၅၂၄/စီ) နေ(စောဒီနိုပန်း-နော်မြခင်)တို့၏သမီးကြီး၊ (စောသိန်းမောင်-နော်စိန်ပု)တို့၏သမီးချွေးမ၊ (စောဘီခင်မောင်)(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)၏ဇနီး၊ (စောကင်းစလီပန်း)-နန်းရှင်မြင့်တို့၏ညီမ၊ (စောဝေဗလီပန်း)-နော်ထရူဖီးနာ၊ (နော်ကက်သလင်းပန်း)-စောဝင်နီလှတို့၏အစ်မ၊ ဦးအောင်နိုင်ဝင်း-ဒေါ်အေးသီတာ၊ ဒေါ်သက်သက်နိုင်-ဗိုလ်ကြီးနေမိုးအောင်(ငြိမ်း)၊ ဦးအောင်ခိုင်ဝင်း-ဒေါ်အမ်လုဂျာတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၁၉ရက် (တနင်္လာနေ့) ည ၈:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝတ်ပြုဆုတောင်းခြင်းကို ၇-၁၁-၂၀၁၉ရက် (ကြာသပတေး နေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်စတင်း

လူမှုထူးချွန်(ပထမဆင့်)
ဆိုင်းပညာရှင် နိုင်ငံကျော် ရွာစားကြီး

### အသက်(၇၂)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၀၊ သုနန္ဒာ ၆လမ်း၊ (စ)ရပ်ကွက်နေ(ဦးဒီလုံး-ဒေါ်အေးချမ်း)တို့၏ သားထွေး၊ (ဦးတောကျော်)၊ ဒေါ်စန်းရွှေ ဒေါ်ဉာဏ်အေးတို့၏ ချစ်လှစွာသော ညီမောင်၊ (ဒေါ်စောရီ)၊ (ပြည်သူ့အချစ်တော် နိုင်နိုင်မော်)တို့၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနိုင်စတင်း-မစန္ဒာထွန်း၊ ကိုစိန်မင်းကို-မမြင့်မြင့်ကြည်၊ ဒေါက်တာဇော်ဝမ်း-ဒေါက်တာတင်တင်ယု၊ ကိုစိန်မင်းနိုင်-မယမင်းသူ၊ ကိုကျော်ကျော်ဟန်-မသူဇာအောင်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၃-၁၁-၂၀၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၀၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းရီ(ခ)အလိန်း

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ်(၅၆)နေ (ဦးရွှေ-ဒေါ်မြသိန်း)တို့၏သမီး၊ (ဦးဂွမ်းဟို-ဒေါ်လှရီ)တို့၏ သမီးချွေးမ၊ (ဦးအေးကြင်)၏ဇနီး၊ ဦးဝီလီကိုရွှေ၊ ဒေါ်ကြည်ကြည်မြတို့၏ညီမ၊ ဒေါ်မော်နီကာရွှေ၏အစ်မ၊ ကိုနိုင်လင်း၊ ကိုလင်းထက်အောင်-မပွင့်ဖြူသက်တို့၏မိခင်သည် ၄-၁၁-၂၀၁၉ရက် (တနင်္လာနေ့) အမေရိကန်စံတော်ချိန် ည ၉:၁၄နာရီတွင် အမေရိကန်နိုင်ငံ (Charlotte Nc)တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာသိန်းနိုင်(ဖျာပုံ)

### အသက်(၆၅)နှစ်

အမှတ် (၃၃၊အေ)၊ မြေညီထပ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်းရပ်ကွက်နေ (ဦးလွှမ်းမိုး-ဒေါ်မြစိန်)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်စန်း)တို့၏သားသမက်၊ ဦးတင်လှ-ဒေါ်ရီရီဆွေတို့၏မောင်၊ ဦးအောင်ကျော်ဦး- ဒေါ်မိမိဆွေတို့၏ အစ်ကို၊ ဒေါ်ခင်စောမူ၏ခင်ပွန်း၊ မောင်ရှိန်းဘိုဘိုဟိန်း-မစန္ဒာရဲသွင်၊ မောင်ဇင်ကိုကိုလွှမ်း-မချူးမြတ်ပို၊ မောင်လွင်ကိုကိုသူ-မဆောင်းဖူးစံတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၅-၁၁-၂၀၁၉ရက် နံနက် ၀၀:၅၅နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၁၉ရက် (တနင်္လာနေ့) တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်မြင့်

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လမ်း ၃၀နေ (ဦးသိန်း မြင့်-ဒေါ်စန်းစန်းဝေ)တို့၏သား၊ ရန်ကုန်မြို့၊ ၂၉ လမ်းနေ (ဗိုလ်ကြီးထွန်းအောင်-ဒေါ်စန်းရီ)တို့၏သား သမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်း ၃၀ အောက်လမ်း၊ အမှတ်(၇၉/၈၁)နေ ဒေါ်မာလာအောင်၏ခင်ပွန်း၊ ဦးစိုင်းနန္ဒထွန်း-ဒေါ်သူဇာဝင်း၊ ဦးကျော်သောင်းဦး-ဒေါ်ပန်းအိအိဇော်တို့၏ ဖခင်၊ မအိမ့်သံသာထွန်း၊ မသက်ထိပ်ထားဦး၊ မောင်ရှင်းထက်ကျော်တို့၏အဘိုး ဦးဇော်မြင့်သည် ၄-၁၁-၂၀၁၉ရက် ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်သန်း

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ စပါယ်လမ်း၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၀၁)နေ (ဦးကျော်ညွန့်-ဒေါ်စိန်မြင့်)တို့၏သမီး၊ (ဦးကြည်သန်း)၏ဇနီး၊ ဦးအုန်းကြိုင်၊ ဒေါ်ခင်ခင်ငြိမ်း၊ ဦးကြည်ဝင်း-ဒေါ်တင်ယုမေ၊ ဦးမောင်မောင်မြင့်-ဒေါ်စိန်ငွေးမြင့်၊ ဒေါ်လီလီညို(ပညာရေးဝန်ကြီးဌာန-ငြိမ်း)၊ ဦးခင်မောင်ချို၊ ဦးမျိုးမြင့်ထွန်း(ခ)ဦးဖိုးထူး-ဒေါ်ဝင်းဝင်းမော်တို့၏ညီမ၊ ဦးမြင့်သန်းနိုင်-ဒေါ်ဖြူဖြူသိမ်း၊ (ဦးခင်မောင်ထွေး)တို့၏အစ်မ၊ ကိုအောင်ဘုန်းကျော်-မမေသန်းဦး၊ ကိုလှမင်းသူ-မအိအိမွန်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ တူ/တူမ ၁၂ယောက်တို့၏ အဒေါ်သည် ၅-၁၁-၂၀၁၉ရက် နံနက် ၉:၃၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ကြည်စုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ( နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာထွန်းလွင်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာန
CEO,Myanmar Climate Change Watch

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက်(၆)၊ အခန်း(၁)နေ (ဦးသိမ်းမောင်-ဒေါ်အေးကြီး)တို့၏သားကြီး၊ (ဦးထွန်းသန်း-ဒေါ်လှမြိုင်)တို့၏သားသမက်၊ (ဦးလှသော်)၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ရီ (CB Bank)၊ ဦးမြင့်ထွန်း-ဒေါက်တာယဉ်ယဉ်သန်း၊ ဒေါက်တာဇော်မြင့်(ဆေးသုတေသန)-ဒေါက်တာကြူကြူသန်း (World Bank)၊ ဦးခွန်မျိုးကျော်သူ-ဒေါ်အေးအေးသန်း(Tr.Aye)၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မေကျော့ရှင်းတို့၏ အစ်ကိုကြီး၊ ဒေါ်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်(Faith & Love)-ဒေါက်တာမြတ်စုထွန်းလွင်("ဒါဒို့ပြည်" Souvenir Shop)၊ မောင်ဇွဲမာန်ထွန်းလွင်(NCS Pte Ltd)၊ မစွမ်းရည်ထွန်းလွင်(Doh Eain)တို့၏ချစ်လှစွာသော ဖခင်၊ မောင်ခန့်သစ်၊ မောင်ထူးခန့်၊ မစုတင့်တယ်တို့ချစ်လှစွာသောအဘိုး၊ တူ၊ တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၄-၁၁-၂၀၁၉ ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေရန် ညှိုးငယ်သော စိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ကြီး ကြူးကျော်(ငြိမ်း)

ကြည်း-၆၈၀၄
ဗိသုကာအဖွဲ့(၂)ခေါင်းဆောင်
Royal School of Military Engineer/ CHATHAM

### အသက် (၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃၈(က)၊ အင်းလျားလမ်းနေ (ဦးကောက်-ဒေါ်ကျင်ဖုံ)တို့၏သား၊ (ဒေါ်ကျင်ကွန်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ ကြည်ကြည်-ဦးစောထွန်းဖ၊ ဒေါ်ရင်ရင်လေး-ဦးရဲထွဋ်၊ ဦးတင်ရွှေ၊ ဒေါ်စန်းစန်း၊ ဒေါ်စိုးစိုး-ဦးလွင်ဦးတို့၏ ချစ်လှစွာသောဖခင်၊ မစန္ဒာထွန်း-ကိုနေလင်းဟန်၊ (ဒေါက်တာစိုင်းဘိုဘိုထွန်း)၊ ဒေါက်တာသိဒ္ဓိလွင်၊ မစိုးဝသနတ်တို့၏ ချစ်လှစွာသောအဘိုး၊ စောနန်းမိုခမ်း၏ ဘိုးဘိုးကြီးသည် ၂-၁၁-၂၀၁၉ရက် ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၃-၁၁-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၈-၁၁-၂၀၁၉ရက် (သောကြာနေ့)နံနက် ၈ နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်အုန်းကြည်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)(အထက-၁၊ မ/ဥက္ကလာ)
ဇီးကုန်း(အထက)၊ ဖျာပုံ(ထ-၁)၊ တာမွေ(ထ-၂)၊ မော်လမြိုင်(ထ-၃)
ထခွဲ(မဲပလီ)(ထန်းတပင်)၊ (အလက-၄)မရမ်းကုန်း)

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းတိုက်ခန်း၊ တိုက်(၁)၊ အခန်း(၅၀၁၊ ငါးလွှာ)နေ (ဦးအောင်ငြိမ်း-ဒေါ်လှလှ)တို့၏သမီး၊ မကြည်ကြည်ဆိုင်(ငါးလုပ်ငန်းဦးစီးဌာန၊ ကြို့ကုန်းအင်းစိန်)၊ (မောင်မျိုးဆိုင်)၊ မတင်မာဆိုင်၊ မလွင်မာဆိုင်(တွဲဖက်ပါမောက္ခ၊ ပြည်တက္ကသိုလ်)၊ (မောင်မျိုးထွေးဆိုင်)တို့၏မိခင်၊ (ဦးချစ်ဆိုင်)(မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ သာကေတ)၏ဇနီးသည် ၅-၁၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆:၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ခရစ်ယာန်ထုံးတမ်းစဉ်လာ အောက်မေ့ဖွယ်ဆုတောင်းပွဲကို ၇-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ပြုလုပ်မည်ဖြစ်ပါ၍ မိတ်ဆွေများပါဝင်နိုင်ရန်နှင့် ၎င်းအားရည်စူး၍ မိသားစုနေအိမ်၌ ၁၁-၁၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ နံနက်၁၁နာရီအထိ ပြုလုပ်သော ရက်လည်အလှူအား ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ (အထက-၁၊ မြောက်ဥက္ကလာပကျောင်းမှ ကားများနံနက် ၈:၄၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြသွင်(စစ်ကွင်း)

### အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ သီတာရေစင်ကုမ္ပဏီဥက္ကဋ္ဌနှင့် စစ်ကွင်းအသင်းဥက္ကဋ္ဌဖြစ်သူ ဦးဇော်လွင်ဦး-ဒေါ်ခင်ခင်ချိုတို့၏မိခင်သည် ၅-၁၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နတ်တလင်းမြို့ ပေါက်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာထွန်းလွင်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

### အသက်(၇၂)နှစ်

၄-၁၁-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၆:၅၇နာရီတွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ**

## ဦးမောင်မောင်စိုး

ညွှန်ကြားရေးမှူး(ငြိမ်း)၊ မိုး/ဇလ

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ(၁)၊ အခန်းအမှတ်(၃၅၉)နေ (ဦးလှ)(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မိုး/ဇလ)-ဒေါ်သန်းကြည်)တို့၏ သား၊ (ဒေါ်မေသန်းငွေ)၏ခင်ပွန်း၊ ဦးမောင်မောင်ထွန်း-ဒေါ်ခင်ထွေးရီ၊ ဦးမောင်မောင်ငွေး-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါက်တာဦးမောင်မောင်တိုး-ဒေါက်တာသက်ဖြိုးကြည်တို့၏ညီ၊ ဦးမောင်မောင်ဆန်း၏အစ်ကို၊ တူ၊ တူမများဖြစ်သော (မောင်မောင်ဂင်းထွန်း)၊ မောင်မောင်အေးထွန်း၊ မခင်မာမာဆန်းဝင်း၊ မတင်မမထွန်း၊ ဒုဗိုလ်မှူးကြီးထင်ကျော်ဝင်း၊ မတင်မမငွေး၊ ဒေါက်တာဇေ ယျာငွေး၊ မဝင်းမမငွေးတို့၏ ဦးလေးသည် ၄-၁၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ သတ္တမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ သတ္တမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးနော နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုကိုးကွယ်ခြင်း ဓမ္မသဘင်ဖွင့်ပွဲအခမ်းအနား တက်ရောက်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးနော နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုကိုးကွယ်ခြင်းဓမ္မသဘင်ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဦးနော နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်း ဝတ်ပြုကိုးကွယ်ခြင်း ဓမ္မသဘင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ခရစ်ယာန်သာသနာဝင်း Franc Auditorium ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များ

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ဆုမျှော်လင့်ချက်ဖြင့် ဓာတ်ကားများ မဖန်တီးကြောင်း ဇဏ်ခီ ပြောကြား

စာ ➤ ၁၈

## ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာလှေလှော်အဖွဲ့ လေ့ကျင့်ပြင်ဆင်

စာ ➤ ၂၀

## အာရှဘောလုံးအဖွဲ့ချုပ်၏ အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ(၂၀၂၀) ခြေစစ်ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှဘောလုံး အဖွဲ့ချုပ်(Asian Football Confederation – AFC) ၏ အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ(၂၀၂၀) ခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲစဉ်များအနက် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီတွင် မြန်မာအသင်းနှင့် တရုတ်အသင်း၊ နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်း၊ နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နိုဝင်ဘာ ၆ ရက်တွင် ကျင်းပမည့် မြန်မာအသင်းနှင့် တရုတ်အသင်းတို့၏ ပွဲစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)၊ MRTV Sport Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့တွင်း ခရီးသွားကဏ္ဍမြှင့်တင်မယ်ဆိုပါလျှင်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**နိုင်ငံခြားကခရီးသွားဧည့်သည်တွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့အခါ များသောအားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ တစ်ဆက်တည်း ပုဂံ၊ မန္တလေး၊ အင်းလေးနဲ့ အခြားမြို့တွေကို သွားလေ့ရှိတတ်ကြပါတယ်။**

ရန်ကုန်မှာ ညအိပ်ညနေမျိုး ရက်ရှည်နေလေ့မရှိတတ်ကြပါဘူး။ များသောအားဖြင့် တစ်ညတာအိပ်စက်ပြီး ခရီးဆက်တာမျိုးလည်း ရှိတတ်ကြပါတယ်။ ရန်ကုန်မှာက အဓိက သူတို့အတွက် လည်ပတ်စရာက ရွှေတိဂုံစေတီတော်ရယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရယ်ပဲ ရှိနေသလိုမျိုး ဖြစ်နေတယ်။

## ကိုလိုနီခေတ် အဆောက်အအုံကြီးတွေ

တကယ်တော့ ရန်ကုန်မှာက နိုင်ငံခြားခရီးသွားဧည့်သည်တွေ စိတ်ဝင်စားဖွယ်နေရာတွေက အများကြီးရှိပါတယ်။ ရှေးဟောင်းမြန်မာဘာသာရေးအဆောက်အအုံတွေရယ်၊ အခြားသောဘာသာဝင်တွေရဲ့ အဆောက်အအုံတွေရယ်၊ ကိုလိုနီခေတ်က တည်ဆောက်ခဲ့တဲ့ နှစ်တစ်ရာကျော်၊ နှစ်တစ်ရာနီးပါးရှိ အဆောက်အအုံကြီးတွေက ခိုင်ခိုင်မာမာ ထင်ထင်ရှားရှား ရှိနေပါသေးတယ်။

> “ရန်ကုန်မြို့မှာ ရှိနေတဲ့ သမိုင်းအမွေအနှစ်တွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ သဘာဝအမွေအနှစ်နဲ့ဒီနေ့ ဖွံ့ဖြိုးတိုးတက်လာမှု ပကတိအခြေအနေတွေ အသုံးပြုပြီး ခရီးသွားကဏ္ဍ တိုးတက်ရေး ဆောင်ရွက်”

အဲဒါတွေက ကပ်ကပ်ပြီး ကျော်ကျော်သွားတဲ့ “ကပ်ကျော်”တွေလိုဖြစ်ပြီး သတိမမူလို့ ဂူကိုမမြင်ခြင်းလား ဒါမှမဟုတ် ခရီးသွားကဏ္ဍအနေနဲ့ ဖော်ပြကြော်ငြာအားပဲ နည်းလို့လား မသိဘူးဖြစ်နေပါတယ်။ အချို့သော ဧည့်လမ်းညွှန်တွေကပြောပါတယ်။ ရန်ကုန်မြို့လယ်က ရှေးခေတ်ဟောင်း အဆောက်အအုံတွေကို ပြဖို့က မြို့လယ်ကောင် ယာဉ်ကြောကျပ်မှုကြောင့် ယာဉ်ရပ်နားဖို့ အခက်အခဲတွေရှိနေတယ်လို့ ဆိုပါတယ်။

## ခရီးသွားကဏ္ဍ မြှင့်တင်ဖို့

ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက ခရီးသွားကဏ္ဍ မြှင့်တင်ဖို့ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)က “ရန်ကုန်မြို့တော်ကို ခရီးသွားတို့ လည်ပတ်ရန်နေရာတစ်ခု” ဖြစ်လာစေရေးအတွက် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်ခရီးသွားကဏ္ဍတိုးတက်ရေး၊ ရန်ကုန်တစ်မြို့လုံးတိုးတက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ နေ့ခင်းဘက်လည်း လည်ပတ်စရာခရီးစဉ်တွေ ပိုပြီးဆန်းသစ်စေဖို့ ကြိုးစားရမှာဖြစ်ပါတယ်” လို့ အဖွင့်အမှာစကားမှာ ထည့်သွင်းပြောကြားမှု ရှိခဲ့ဖူးပါတယ်။

## ဆန်းသစ်သည့် ခရီးအစီအစဉ်များ

ဒါ့အတွက် ရန်ကုန်မှာ ခရီးသွားတွေ စိတ်ဝင်စားဖွယ် လည်ပတ်နိုင်စေဖို့အတွက်ကို ညဈေးတန်းများ၊ ဆန်းသစ်သည့် ခရီးအစီအစဉ်များ အကောင်အထည်ဖော်ခြင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆိုခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*




ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားများ ဝင်ထွက်မှုရှိသည့် ဗိုလ်ချုပ်အောင်ဆန်းဈေး။ ဓာတ်ပုံ-ကိုကြီးတင်

# ရန်ကုန်မြို့ လျှပ်စစ်သုံးစွဲနေတဲ့ ပြည်သူတွေအတွက် AMI စနစ်

ဆွေဦးဝေ

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံမှာတော့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်မှုဇုန်တွေ အများဆုံး တည်ရှိနေတဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ လူနေထိုင်မှုအများဆုံး မြို့ကြီးတစ်မြို့ဖြစ်တာမို့ လျှပ်စစ်ဓာတ်အား သုံးစွဲမှုလည်း အများဆုံးဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေထဲမှာ လျှပ်စစ်က အဓိကအရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေသလို လျှပ်စစ်သုံးစွဲမှုမီတာခ ကျသင့်ငွေပေးဆောင်ရာမှာလည်း မှန်ကန်တိကျ စိတ်ကျေနပ်ဖို့လည်း လိုအပ်နေပါတယ်။ ဒါကြောင့် ရန်ကုန်မြို့မှာ အဆင့်မြင့်မီတာစနစ် ( AMI) ကို စတင်အသုံးပြုနေပြီဖြစ်ပါတယ်။

“တစ်ချိန်တုန်းက မီတာဘေလ်ကို လက်ဖက်ရည်ဆိုင်ကနေ ဖြတ်ပေးနေတယ်။ နှစ်ကုန်တဲ့ အချိန်တွေကျတော့ ဘေလ်ကို

*အချပ်ပို (ဂ) သို့*

> “ဒီစနစ်ကို ဆောင်ရွက်တာဟာ ပြည်သူတွေအနေနဲ့ မီတာခပေးချေရာမှာ မှန်မှန်ကန်ကန်နဲ့ ကျသင့်မှုကို ပေးချေလိုသလို၊ မီတာခကောက်ခံတဲ့ အဖွဲ့အစည်းမှာလည်း လွယ်ကူအဆင်ပြေတဲ့ အပြင် လျှပ်စစ်မီးသုံးစွဲသူတွေ မီတာခပေးချေရာမှာလည်း တိတိကျကျဖြစ်စေဖို့ AMI စနစ်ကို စတင်အသုံးပြုခြင်း ဖြစ်ပါတယ်”

# ရန်ကုန်မြို့တွင်းမှာ တည်ဆောက်နေတဲ့ ရိုးမစင်ထရယ်စုပေါင်းအိမ်ရာ စီမံကိန်းနဲ့ Westin Yangon ဟိုတယ် စီမံကိန်း

သတင်း-ဇင်လင်းမြင့်၊ ဓာတ်ပုံ- ခင်ဇွန်ဇာလင်း

ရန်ကုန်မြို့ဟာ စက်မှုဇုန်တွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ အိမ်ရာစီမံကိန်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရရှိနေပါတယ်။ အဲဒီစီမံကိန်းတွေထဲမှာ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးနဲ့ကပ်လျက် မြေဧရိယာမှာ ရိုးမစင်ထရယ်စုပေါင်းအိမ်ရာစီမံကိန်း တည်ဆောက်နေပြီး ဒီစီမံကိန်းဧရိယာထဲမှာ Westin Yangon ဟိုတယ်စီမံကိန်းလည်း ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။

### စီမံကိန်းလုပ်ငန်းစတင်

အဲဒီဟိုတယ်တည်ဆောက်ရေးစီမံကိန်းနဲ့ ပတ်သက်ပြီး Yoma Land နှင့် Westin Yangon (Marriortt International) တို့ရဲ့ နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်မှာ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့်မို့အဲဒီဟိုတယ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။

"ဟိုတယ်တည်ဆောက်ရေး စီမံကိန်းက စတင်နေပြီဖြစ်ပါတယ်။ ရိုးမစင်ထရယ်စုပေါင်းအိမ်ရာစီမံကိန်းပြီးစီးမယ့် ၂၀၂၁ ခုနှစ်မှာပဲ Westin Yangon ဟိုတယ် တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်" လို့ Yoma Land ရဲ့ Head of Real Estate ဖြစ်တဲ့ Mr.Stephen Purvis က အဲဒီနေ့က ပြောထားပါတယ်။

ရိုးမစင်ထရယ် စုပေါင်းအိမ်ရာစီမံကိန်းဟာ ဧရိယာစတုရန်းပေ ၂ ဒသမ ၄ သန်းပေါ်မှာ တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစီမံကိန်းဧရိယာအတွင်းမှာပဲ Westin Yangon ဟိုတယ်တည်ဆောက်ရေး စီမံကိန်းဧရိယာက စုစုပေါင်းကြမ်းခင်းဧရိယာ နှစ်သိန်းခွဲခန့်ပေါ်မှာ တည်ဆောက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

### ရန်ကုန်မြို့တွင်း အသစ်ထွက်ပေါ်လာ

အဲဒီ Westin Yangon ဟိုတယ်ဟာ အထပ်ပေါင်း ၂၆ ထပ်ရှိမှာဖြစ်ပြီး ဟိုတယ်ခန်းနဲ့ Suites အခန်းပေါင်း ၂၈၁ ခန်းပါဝင်မှာဖြစ်တဲ့အပြင် ဝန်ဆောင်မှုကောင်းကောင်း ရရှိနိုင်တဲ့ လူနေအိမ်ခန်းပေါင်း ၉၀ လည်း ပါဝင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဆိုရင် အနီးဝန်းကျင်မှာရှိတဲ့ စင်ထရယ်ဟိုတယ်၊ ဆူးလေရှန်ဂရီလာဟိုတယ်နဲ့ ဆာကူရာတာဝါတို့အပြင် ဂျန်းရှင်းစီးတီးတို့နဲ့အပြိုင် ရန်ကုန်မြို့တွင်းမှာ အသစ်ထွက်ပေါ်လာမယ့် ဟိုတယ်အဖြစ် တည်ရှိလာတော့မှာ ဖြစ်ပါတယ်။

"ဒီဟိုတယ်ကို ဗိသုကာပညာရှင် Cecil Balmond OBD က ဒီဇိုင်းရေးဆွဲထားတာဖြစ်ပြီး မြန်မာနိုင်ငံမှာ အကောင်းဆုံးဟိုတယ်ဖြစ်အောင် ဆောင်ရွက်သွားရေး မျှော်မှန်းထားပါတယ်"လို့ Westin Yangon (Marriott International ) Asia Pacific ရဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒီလိုဟိုတယ်သစ် ထွက်ပေါ်လာတာဟာ ရန်ကုန်မြို့ရဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းကို ပိုမိုအထောက်အကူပြုပေးနိုင်မှာ ဖြစ်သလို နိုင်ငံတကာခရီးသွားဧည့်သည်တွေ အတွက် အဆင့်မီဟိုတယ်ခန်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

### ဟိုတယ်ပေါင်း ၃၄၆ လုံး

ရန်ကုန်မြို့မှာ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ ဟိုတယ်ပေါင်း ၃၄၆ လုံးနဲ့ အခန်းပေါင်း ၂၀၀၀၀ ကျော် ရှိနေတယ်လို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်က ထုတ်ပြန်တဲ့ စာရင်းအင်းတွေမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ရန်ကုန်မြို့မှာ တည်းခိုရိပ်သာပေါင်း ၁၀၁ လုံးရှိနေပြီး အခန်းပေါင်း ၂၀၀၀ ကျော်အထိ ခွင့်ပြုလိုင်စင် ချထားပေးတယ်လို့ အဲဒီစာရင်းတွေမှာ ပါရှိပါတယ်။

ရန်ကုန်မြို့မှာ ဟိုတယ်၊ အဆင့်မြင့်တည်းခိုရိပ်သာတွေ ဖွင့်လှစ်နိုင်ဖို့ ခွင့်ပြုလိုင်စင်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးဆိုင်ရာ ခရီးသွားလုပ်ငန်း ကြီးကြပ်ရေးကော်မတီတို့က စနစ်တကျစိစစ်ခွင့်ပြုပေးနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ လိုင်စင်နဲ့ ခွင့်ပြုထားတဲ့ ဟိုတယ်ခန်းနဲ့ အဆင့်မြင့်တည်းခိုခန်းအရေအတွက် တိတိကျကျဆိုရင် ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ ဟိုတယ်ခန်း ၂၁၀၄၂ ခန်းနဲ့ တည်းခိုရိပ်သာခန်း ၂၀၁၄ ခန်းအထိ ရှိနေတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်မှုအနေနဲ့ တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာမှာ အကောင်အထည်ဖော်ဆောင်ရွက်နေတာရှိပါတယ်။ ကျိုက်သလဲကျေးရွာကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဧည့်သည် ၂၀၀၀ ကျော် လာရောက်လေ့လာခဲ့တယ်လို့ သိရပါတယ်။

### ရှေးဟောင်းအဆောက်အအုံတွေ လေ့လာနိုင်

အခုတည်ဆောက်မှု စတင်နေပြီဖြစ်တဲ့ Westin Yangon ဟိုတယ်ဟာ ရန်ကုန်မြို့တွင်းမှာ တည်ရှိနေတာမို့ ဆူးလေစေတီ၊ ရွှေတိဂုံစေတီတို့အပြင် ရန်ကုန်မြို့ရဲ့ မြို့ပြရှေးဟောင်းအမွေအနှစ်အဆောက်အအုံတွေ၊ အထင်ကရနေရာတွေကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားရောက်လေ့လာလည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

တကယ်တော့ ရိုးမစင်ထရယ်အိမ်ရာစီမံကိန်းမှာ Grade A တာဝါနှစ်လုံး ပါဝင်မှာဖြစ်တဲ့အပြင် လူနေအိမ်ခန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဈေးဝယ်စင်တာနဲ့ ချိတ်ဆက်ပေးနိုင်တဲ့ လူနေအိမ်ခန်းတွေဖြစ်တာမို့ ရန်ကုန်မြို့တွင်းမှာ ပထမဆုံးထွက်ပေါ်လာမယ့် လူနေထိုင်မှုဘဝပုံစံသစ်မျိုးလည်း ဖြစ်လာမယ့် စီမံကိန်းဖြစ်ပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မြို့တွင်းမှာ ၂၀၂၁ ခုနှစ်မှာ ပြီးစီးထွက်ပေါ်လာဖို့ ရှိနေတဲ့ ရိုးမစင်ထရယ်စုပေါင်းအိမ်ရာ စီမံကိန်း၊ အဲဒီစီမံကိန်းထဲမှာ ပါဝင်တည်ဆောက်နေတဲ့ Westin Yangon ဟိုတယ်စီမံကိန်းတွေဟာ လုပ်ငန်းတွေ စတင်နေပြီဖြစ်ပါတယ်။ တည်ဆောက်နေတဲ့ မြင်ကွင်းတွေကိုလည်း တွေ့မြင်နေရပြီဖြစ်လို့ ရန်ကုန်မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်သစ်တစ်ခု ပီပီပြင်ပြင် ထွက်ပေါ်ဖြစ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ ။



ရိုးမစင်ထရယ်စုပေါင်းအိမ်ရာ စီမံကိန်းနှင့် Westin Yangon ဟိုတယ်စီမံကိန်း ပုံစံငယ်။

> ဒီလို ဟိုတယ်သစ် ထွက်ပေါ်လာတာဟာ ရန်ကုန်မြို့ရဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းကို ပိုမို အထောက်အကူပြုပေး နိုင်မှာ ဖြစ်သလို နိုင်ငံ တကာ ခရီးသွားဧည့်သည် တွေအတွက် အဆင့်မီ ဟိုတယ်ခန်း လိုအပ်ချက် ကို ဖြည့်ဆည်းပေးနိုင် မှာဖြစ်



တည်ဆောက်နေပြီဖြစ်သည့် ရိုးမစင်ထရယ်စုပေါင်းအိမ်ရာ။

*ရန်ကုန်မြို့တွင်း ခရီးသွားကဏ္ဍ မြှင့်တင်မယ်ဆိုပါလျှင် . . . . . မှ*

ဟိုတယ်လုပ်ငန်းမှ လုပ်ငန်းရှင်တစ်ဦးက "ရန်ကုန်မှာ ရွှေတိဂုံကဲ့သို့ ကမ္ဘာ့အံ့ဖွယ်စေတီလို အခြားရှေးဟောင်း တန်ခိုးကြီးဘုရားစေတီတွေ ရှိတယ်။ အဲဒီမှာ မြန်မာမှုလက်ရာစစ်စစ်တွေ ရှိတယ်။ မြို့နဲ့မနီးမဝေးဆို တွံတေးနဲ့ သန်လျင်က ရှေးဟောင်းဘုရားတွေ စိတ်ဝင်စားဖို့ကောင်းတဲ့နေရာတွေရှိတယ်။ နောက်ပြီး အခြားဘာသာဝင်တွေရဲ့ အဆောက်အအုံတွေ ရှိတယ်။ ကိုလိုနီခေတ်က တည်ဆောက်ခဲ့ပြီး ယနေ့တိုင် မပျက်မယွင်းဘဲ ကျန်နေတဲ့ အဆောက်အအုံကြီးတွေရှိတယ်။ အဲဒါတွေကလည်း သမိုင်းနောက်ကြောင်းတွေရှိတယ်။ လေ့လာမယ်ဆို အလွန်စိတ်ဝင်စားဖို့ကောင်းတယ်။ ဧည့်လမ်းညွှန်တွေ၊ ခရီးသွားကုမ္ပဏီတွေကသာ အဲဒါတွေကို Promote လုပ်ပြီး Packge အဖြစ် စီစဉ်ဆောင်ရွက်သွားမယ်ဆို ရန်ကုန်မြို့မှာ နိုင်ငံခြားခရီးသွားတွေ နှစ်ညအိပ်ခရီးနဲ့ ပြလို့ရတယ်" လို့ ရှင်းပြမှု ရှိခဲ့ပါတယ်။

#### ယာဉ်ကြောကျပ်တည်းမှု အချိန်တော့ကုန်

ဒါပေမယ့် ဧည့်လမ်းညွှန်တစ်ဦးက "ပြစရာတွေရှိတာမှန်ပေမယ့် ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှု၊ ရှုပ်ထွေးမှုကို နိုင်ငံခြားသားတွေက စိတ်ပျက်စရာမြို့ကြီးအဖြစ် အမြင်ရှိကြတယ်။ နောက်ပြီး အချိန်တွေကုန်တာလည်း သူတို့မကြိုက်ကြဘူး" ဟု ပြောဖူးပါတယ်။

ရန်ကုန်မြို့မှာက နိုင်ငံခြားဧည့်သည်တွေ ခေတ္တနားခိုဖို့က ဟိုတယ်ပေါင်း ၃၄၆ လုံးနဲ့ အခန်းပေါင်း ၂၀၀၀၀ ကျော်လောက်ပဲရှိပြီး တည်းခိုရိပ်သာအနေနဲ့က ၁၀၇ ခုရှိပြီး အခန်းပေါင်းက ၂၀၀၀ ကျော်လောက်ရှိတယ်လို့ သိရပါတယ်။ အဲဒီအရေအတွက်ဟာ တကယ်ခရီးသွားတွေဝင်လာရင် ဘယ်လိုမှ ပြည့်စုံလုံလောက်မှုရှိမယ်လို့ မထင်ပါဘူး။



ရန်ကုန်မြို့တွင်း ခရီးသွားအစီအစဉ် စတင်ရာ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်။

နောက်...သိထားရတဲ့တစ်ချက်က ရန်ကုန်မြို့လယ်မှာ ခရီးသွားလုပ်ငန်းနဲ့ဆက်နွှယ်တဲ့ စီးပွားရေးလုပ်ငန်းများအနေနဲ့ တိုးတက်မှုရှိလာတယ်ဆိုတဲ့ သတင်းပါပဲ။ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လေ့လာထားမှုအရ သိရတာကတော့ ၂၀၁၂ ခုနှစ် မတိုင်မီကနဲ့ အဲဒီနောက် ၂၀၁၂ ကနေ ၂၀၁၉ ခုနှစ်အတွင်း မြို့တွင်းခရီးသွားလုပ်ငန်းနဲ့ပတ်သက်လို့ တိုးတက်မှုတွေ ရှိခဲ့ပါတယ်တဲ့။

#### ခရီးသွားကဏ္ဍဆောင်ရွက်ရာအားနည်းမှုရှိ

ဒါပေမယ့် ရန်ကုန်မြို့မှာရှိနေတဲ့ သမိုင်းအမွေအနှစ်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ သဘာဝအမွေအနှစ်နဲ့ ဒီနေ့ဖွံ့ဖြိုးတိုးတက်လာမှု ပကတိအခြေအနေတွေ အသုံးပြုပြီး ခရီးသွားကဏ္ဍ တိုးတက်ရေးဆောင်ရွက်ရာမှာတော့ အားနည်းမှုတွေ ရှိနေကြောင်း သိရပါတယ်။

အဲဒီအမွေအနှစ်တွေကို ရယူပြီးတော့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အများစိတ်ဝင်စားဖွယ်ရာ ကဏ္ဍတစ်ခုကို ဦးဆောင်ဖော်ထုတ်လျက်ရှိနေပါတယ်။

#### ရွှေတိဂုံစေတီကို ဗဟိုပြု

ပြည်သူတွေ၊ ခရီးသွားဧည့်သည်တွေ အရောက်အများဆုံး၊ လည်ပတ်မှုအများဆုံးဖြစ်တဲ့ ရွှေတိဂုံစေတီကို ဗဟိုပြုလို့ ထိုမှ မြို့လယ်ကို ဖြတ်သန်းသွားတဲ့ အစီအစဉ်ပါ။ ခရီးအကွာအဝေးကလည်း ငါးကီလိုလောက်ပဲဆိုတော့ ပင်ပန်းပါတယ်လို့တော့ ပြောလို့မရဘူးပေ့ါ။ ခရီးအဆုံးကတော့ ဗိုလ်တထောင်စေတီအထိပါ။

ခရီးစဉ်က ပြန်ပြောရမယ်ဆိုရင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ကစလို့ ရွှေတိဂုံဘုရားလမ်း၊ အလံပြဘုရားလမ်း၊ ယောမင်းကြီးလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရွှေဘုံသာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဆူးလေဘုရားလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဘဏ်လမ်း၊ ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်းကနေ ဗိုလ်တထောင်ဘုရားမှာ ခရီးဆုံးမှာ ဖြစ်ပါတယ်။

ခရီးစဉ်တစ်လျှောက်မှာက စစ်ကြီးမတိုင်မီနဲ့ စစ်ကြီးအပြီး ကျန်ရစ်ခဲ့တဲ့ မြို့ပြအမွေအနှစ်တွေက ကြည့်လို့မဆုံးအောင် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

#### စီးပွားရေးလုပ်ငန်းဗဟိုပြု

ခရီးစဉ်မှာ ပါဝင်လျှောက်တဲ့သူအားလုံးက အစအဆုံးလိုက်ပါရမယ်လို့ သတ်မှတ်ထားတာတော့ မရှိပါဘူး။ လျှောက်နိုင်တဲ့သူလည်း လျှောက်လာလိမ့်မယ်။ ကြားမှာနားချင်တဲ့သူတွေလည်း နားကြလိမ့်မယ်။ နားဖို့ကလည်း ခုံလေးတွေ အရိပ်ရပင်လေးတွေက ရှိပြီးသားမို့ အေးအေးလူလျှောက်လှမ်းနိုင်ကြမယ့် အစီအစဉ်ပါ။ အဲဒါနဲ့ ဆက်နွှယ်ပြီး ခရီးသွားနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေပါ ဗဟိုပြုလာမယ်ဆိုရင်တော့ တိုးရစ်ကော်ရစ်ဒါမျိုး ဖြစ်သွားဖို့ မျှော်လင့်ပါတယ်လို့ တာဝန်ရှိသူတစ်ဦးက ၎င်းရဲ့ ရည်မျှော်မှုကို ပြောပြထားဖူးပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ အရှေ့တောင်အာရှမှာ သမိုင်းအမွေအနှစ်တွေနဲ့ ပြည့်နေတဲ့ မြို့ကြီးပါ။ ရိုးရာယဉ်ကျေးမှုတွေ ထုံမွမ်းနေတဲ့ မြို့ကြီးပါ။ အဲဒီသမိုင်းတွေ ပြန်ပြောနိုင်တဲ့ အဆောက်အအုံကြီးတွေကလည်း ခိုင်ခိုင်မာမာနဲ့ ရှိနေဆဲပါ။ ဒါဟာ ရန်ကုန်ရဲ့အားသာချက်ပါ။

#### အမွေအနှစ်တွေ ပြည့်နေတဲ့မြို့

ရန်ကုန်မှာ ခရီးသွားကဏ္ဍမြှင့်တင်မယ်ဆိုရင်တော့ အဲဒီအားသာချက်တွေကို သတိမူလို့ မြူကိုပင် မြင်နိုင်သည့်ပမာ အသုံးပြုသွားကြပါ။ ရန်ကုန်ဟာ အမွေအနှစ်တွေ ပြည့်နေ တဲ့မြို့၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ရှိတဲ့ ချစ်စရာမြို့ကြီးတစ်မြို့လို့ နိုင်ငံခြားသား ဧည့်သည်တစ်ယောက်ရဲ့ ရင်ထဲမှာ စွဲကျန်သွားမယ်ဆိုရင် တစ်ဆင့်စကားတစ်ဆင့် နားနဲ့ ပန်းသတင်း လေညင်းဆောင်သွားမှာပါ။ ။

---

*ရန်ကုန်မြို့ လျှပ်စစ်သုံးစွဲနေတဲ့ ပြည်သူတွေအတွက် AMI စနစ် . . . . မှ*

သွားဖတ်တဲ့အခြေအနေမှာ ရှေ့လတွေက မီတာခဆောင်ခဲ့တာတွေ များနေတော့ နောက်ဆုံးလမှာ ဘေလ်က နည်းနည်းလေးပဲ ကျနေတာမျိုးရှိတယ်။ တချို့ကျတော့လည်း နောက်ဆုံးလမှာ မီတာခအများကြီး ကျခံရတာ ပြန်တွေ့ခဲ့ကြရတယ်။ အခု AMI မီတာစနစ်ကို တပ်ဆင်လိုက်တဲ့အခြေအနေမှာ ဘယ်အိမ်က မီတာဘယ်လောက်သုံးနေတယ်။ ဘယ်ကြိုးလိုင်းတွေ ပျက်စီးနေတယ်။ အခက်အခဲဖြစ်နေတယ်။ ဒါတွေကို ချက်ချင်းသိနိုင်တယ်။ ဒါ့အပြင် သုံးစွဲသူတွေက တယ်လီဖုန်းနဲ့ မီတာကိုကြည့်နိုင်တဲ့ အခွင့်အလမ်းတွေရလာပြီး တယ်လီဖုန်းနဲ့ ဘေလ်ဆောင်တဲ့အဆင့်ကို တက်လှမ်းနိုင်မယ်ဆိုရင် AMI မီတာတပ်ဆင်ဖို့က အလွန်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

#### ဗဟိုထိန်းချုပ်ရေးစနစ် ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံမြို့နယ်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ လျှပ်စစ်နဲ့ ပတ်သက်ပြီး ဗဟိုထိန်းချုပ်ရေးစနစ်ကို ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ Advanced Metering Infrastructure (AMI) စနစ်ကို တပ်ဆင်လိုက်တဲ့အချိန်မှာ ဒေါပုံမြို့နယ်အတွင်း မီတာအလုံးရေ ၂၀၀၀၀ ခန့်ရှိတဲ့အထဲမှာ ဒစ်ဂျစ်တယ်မီတာ ၁၈၀၀၀ ခန့် လဲပြီးသွားပြီဖြစ်ပါတယ်။ မီတာအလုံးရေ ၂၀၀၀ ခန့်လောက်ပဲ ထပ်ထပ်ပြီးတော့ AMI ရဲ့ အခြေခံအစိတ်အပိုင်းတွေ ထပ်ထည့်ပြီး AMI စနစ်ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါတယ်။

"ဒီစနစ်ကို ဆောင်ရွက်တာဟာ ပြည်သူတွေအနေနဲ့ မီတာခ ပေးချေရာမှာ မှန်မှန်ကန်ကန်နဲ့ ကျသင့်မှုကို ပေးချေလိုသလို၊ မီတာခကောက်ခံတဲ့ အဖွဲ့အစည်းမှာလည်း လွယ်ကူအဆင်ပြေတဲ့အပြင် လျှပ်စစ်မီးသုံးစွဲသူတွေ မီတာခပေးချေရာမှာလည်း တိတိကျကျဖြစ်စေဖို့ AMI စနစ်ကို စတင်အသုံးပြုခြင်းဖြစ်ပါတယ်"လို့ ဒေါပုံမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ပြောပါတယ်။



ဦးမောင်မောင်လတ်(ဥက္ကဋ္ဌ)
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး
ကော်ပိုရေးရှင်း




ဦးအောင်မျိုးထွန်း (မြို့နယ်လျှပ်စစ်မန်နေဂျာ)
ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

#### ဓာတ်အားဆုံးရှုံးမှုနည်းပါး

ဒီစနစ်ကို အသုံးပြုမှုကြောင့် ရန်ကုန်မြို့နေ လျှပ်စစ်သုံးစွဲသူ ပြည်သူများအတွက် အကျိုးကျေးဇူးရှိသလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှာလည်း ဓာတ်အားလျော့နည်းဆုံးရှုံးမှုများ နည်းပါးသွားစေမှာ ဖြစ်ပါတယ်။ မိမိသုံးစွဲသလောက် မီတာခမှန်ကန်တိကျစွာ ပေးချေရမှာဖြစ်သလို မီတာခပေးချေရာမှာလည်း အချိန်ကုန်သက်သာစေမှာ ဖြစ်ပါတယ်။

"အရင် Analog မီတာတွေတုန်းက မီတာဖတ်တယ်။ ဖတ်ပြီးရင် မီတာစာရေးက မီတာဘေလ်ကို မီတာကတ်ထဲကူးတယ်။ မီတာကတ်ထဲမှာ ကူးပြီးတော့ ရုံးရောက်မှ လယ်ဂျာစာရေးကို ပေးတယ်။ လယ်ဂျာစာရေးက အဲဒါကို ပြန်ကူးရတယ်။ ကူးပြီးတော့မှ လချုပ်အဆင့်တွေ၊ ဘေလ်တွေတွက်ပြီးတော့မှ ဆောင်ရွက်ရတဲ့အတွက်ကြားထဲမှာ လူကြောင့် အမှားအယွင်းတွေ ဖြစ်ပါတယ်။

အရင်က ဓာတ်အားဆုံးရှုံးမှုက များတယ်။ ၁၀ ရာခိုင်နှုန်း အထက်မှာပဲရှိတယ်။ အခုစနစ်က အဲဒီဓာတ်အားဆုံးရှုံးမှု အများကြီး လျော့နည်းသွားတယ်။ နောက်တစ်ခု အားသာချက်က ဒီစနစ်ကို ဆောင်ရွက်တဲ့အတွက် လျှပ်စစ်သုံးစွဲသူတွေဟာ ကိုယ့်ရဲ့ စမတ်ဖုန်းကနေတစ်ဆင့် ကိုယ်သုံးစွဲနေတဲ့ ဓာတ်အားယူနစ်ကို ဖတ်လို့ရပါတယ်" လို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ် က ပြောပါတယ်။

#### မီတာလွယ်ကူစွာ မှတ်သားနိုင်

ဒီစနစ်ကို အသုံးပြုဖို့အတွက် မီတာတွေကို တပ်ဆင်တဲ့နေရာ ရွေးချယ်ရေးအမျိုးမျိုး စဉ်းစားခဲ့ကြပါတယ်။ မီတာဖတ်တဲ့အချိန်မှာ လွယ်ကူရှင်းလင်းမှန်ကန်စွာ မှတ်သားနိုင်ဖို့လည်း လိုအပ်တာကြောင့် ဖြစ်ပါတယ်။ မီတာအကောက်ခံဖို့အတွက် မီတာယူနစ် ဘယ်လောက် အသုံးပြုထားသလဲဆိုတာ မြန်ဆန်မှန်ကန်စွာ သိရှိဖို့လိုအပ်ပါတယ်။

"ဒီစနစ်နဲ့ မီတာတွေကို မီတာတိုင်တွေပေါ်မှာ တပ်ဆင်တဲ့စနစ်ကို စပြီးစဉ်းစားဆောင်ရွက်ခဲ့ပါတယ်။ တိုင်ပေါ်မှာ တပ်ထားရင် လူနဲ့တက်ပြီး မီတာယူနစ်ဖတ်ရှုဖို့ အဆင်မပြေပါဘူး။ အဲဒါနဲ့ Remord Control စနစ်ဖြစ်တဲ့ Han House Unit (HHU) ကို အသုံးပြုခဲ့ပါတယ်။ HHU ကို သုံးစွဲတဲ့အချိန်မှာ AMI စနစ်နဲ့ အသုံးပြုဖို့ တစ်ခါတည်း ထည့်သွင်းထားပြီဖြစ်ပါတယ်။ ဒါကြောင့် AMI ကို ပြောင်းလဲပြီးတော့ Consandata Unit သုံးစွဲတဲ့အခါ တိုင်တွေပေါ်တပ်ထားတဲ့ မီတာတွေ နေရာပြောင်းလဲစရာမလိုဘဲ AMI ကို လွယ်ကူစွာနဲ့ ပြောင်းလဲနိုင်ခဲ့တာ ဖြစ်ပါတယ်" လို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင် ဦးရန်လင်းက ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်မှာ လျှပ်စစ်မီတာအသုံးပြုမှုနဲ့ပတ်သက်ပြီး AMI စနစ်တပ်ဆင်အသုံးပြုနေပြီဖြစ်တာကြောင့် အဲဒီမြို့နယ်အတွင်းမှာနေထိုင်တဲ့ ပြည်သူတွေအနေနဲ့ အသုံးပြုမှုအဆင်ပြေတယ်လို့ ဆိုပါတယ်။ ဒီလိုသုံးစွဲမှုနဲ့ ပတ်သက်ပြီး "ပြည်သူတွေကလည်း ဒီစနစ်ကို ဘာလို့ကြိုက်သလဲဆိုရင် မီးသုံးစွဲတဲ့စနစ်က ကျသင့်ငွေမှန်မှန်ကန်ကန်ဖြစ်တယ်။ သူတို့အရင်လိုလည်း စိုးရိမ်ကြောင့်ကြမှု မရှိတော့ဘူး။

**အချုပ်ပို(ဃ)သို့**



# ဗဟုသုတအဆင့်အတန်း တိုးမြှင့်ပေးနိုင်သော ရန်ကုန်နိုင်ငံတကာပြပွဲကြီးများ

ရှင်နော်၊ ဓာတ်ပုံ - ဖူးပြည့်

**မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ကြီးဟာ အခုအခါမှာဆိုရင် အလုပ်အကိုင်ရှာဖွေသူများ၊ ဈေးကွက်ရှာဖွေသူများရဲ့ မျက်စိကျစရာ နေရာတစ်နေရာအဖြစ် ပြောင်းလဲလာလျက်ရှိပါသည်။ သန်းနှင့်ချီသော လူဦးရေကို ပိုင်ဆိုင်ထားမှု၊ မိသားစု (သို့) လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဝင်ငွေမြင့်တက်လာမှု၊ အလုပ်အကိုင်နေရာသစ်များ ပေါ်ထွက်လာနေမှု၊ ၂၄ နာရီ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုတို့ကြောင့် ရန်ကုန်မြို့တော်ကို စိတ်ဝင်စားစရာ ဈေးကွက်နယ်ပယ်သစ်တစ်ခုအဖြစ် စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်သူများက ရှုမြင်လာကြသည်။**

ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခြင်းနှင့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံအများအပြား တည်ရှိနေခြင်းက ရန်ကုန်မြို့တော်ကို ကမ္ဘာ့မျက်နှာစာသစ်တွင် နေရာရယူနိုင်ရန် တွန်းအားများပင်ဖြစ်သည်။ ရန်ကုန်မြို့တော်ကို ကမ္ဘာ့အဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် ပြောင်းလဲတည်ဆောက်လျက်ရှိရာ မကြာမီဖြစ်ပေါ်လာတော့မည့် ကမ္ဘာ့အဆင့်မီမြို့ကြီးတစ်မြို့တွင် အသုံးပြုမည့် လူ့အသုံးအဆောင်ပစ္စည်းများကို စတင်မိတ်ဆက်ထိတွေ့ပေးနိုင်ရန် ဈေးကွက်စီးပွားရေးမျက်စိရှိသော ပြည်ပရင်းနှီးမြှုပ်နှံလိုသူများက ကြိုးစားလာကြသည်။

### ပြပွဲကြီးများမှ ဝယ်ယူနိုင်ပြီဖြစ်

တစ်ချိန်က ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ရံဖန်ရံခါ ကျင်းပလေ့ရှိသော ပညာရေး၊ ကျန်းမာရေး၊ အဆောက်အအုံပြပွဲများသည် ယခုအခါ မြန်မာကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၊ မြန်မာအိတ်စပို့စသော ပြပွဲများပြသရန် သီးသန့်စီစဉ်ထားသောနေရာများတွင် ရက်သတ္တပတ်မခြား ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသလာကြသည်။ ယခင်က ကြွေထည်ပစ္စည်းများ၊ စတီးပစ္စည်းများကိုသာ ထိတွေ့ခွင့်ရခဲ့သော ရန်ကုန်နေပြည်သူတို့အဖို့ ယခုအခါ ကမ္ဘာအရပ်ရပ်မှ ပြုလုပ်ဖြန့်ချိလျက်ရှိသော လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို တစ်ပြည်တစ်ရွာ တစ်နိုင်ငံသို့ မှာစရာမလိုတော့ဘဲ ရန်ကုန်မြို့ရှိ ပြပွဲကြီးများ၊ ကုမ္ပဏီများမှ ဝယ်ယူအသုံးပြုနိုင်ပြီဖြစ်သည်။

တိုးတက်ပြောင်းလဲလျက်ရှိသောခေတ်နှင့်အညီ တိုင်းသူပြည်သားတို့၏ အတွေးအမြင် ဗဟုသုတတို့ကလည်း လိုက်ပါပြောင်းလဲရန်လိုအပ်သည်။ နိုင်ငံတကာပြပွဲကြီးများ လာရောက်ခင်းကျင်းပြသမှုကို ကြိုဆိုရမည်ဖြစ်သလို အပြုသဘောဆောင်ကာ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးရန်လည်း လိုအပ်သည်။ အခြေအနေ အကြောင်းအရာ အရပ်ရပ်တို့က ခေတ်နှင့်အညီ ခေါင်းစဉ်အမျိုးမျိုးပြောင်းလဲကာ ဖွံ့ဖြိုးတိုးတက်မှုနောက်သို့ အစဉ်လိုက်လျက်ရှိသည်ကို သတိမူသင့်သည်။ ရေမြေခြားကာ ရောက်ရှိလာသော ပြပွဲကြီးများသို့ ဗဟုသုတအလို့ငှာ သွားရောက်လေ့လာသင့်သည်။





နိုင်ငံတကာစားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများ ကုန်စည်ပြပွဲ ခင်းကျင်းပြသမှု။



အောက်တိုဘာ ၃၁ ရက်က မြန်မာအိတ်စပို့တွင်ကျင်းပခဲ့သော နိုင်ငံတကာစားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများ ကုန်စည်ပြပွဲသို့ လာရောက်လေ့လာဝယ်ယူသူများကို တွေ့ရစဉ်။

### ခရီးသွားလုပ်ငန်းမျိုးစုံ

အသွင်သဏ္ဌာန်မျိုးစုံဖြင့် ကမ္ဘာအနှံ့ လှည့်လည်နေသော စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က "ခရီးသွားလုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဂျီဒီပီတက်ဖို့အတွက် အင်မတန်မှအရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာ ရိုးရိုးသာမန် ခရီးသွားတယ်ဆိုတာထက် အားကစားဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ပညာရေးဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ဆေးဝါးကုသရေးဆိုင်ရာ ခရီးသွားလုပ်ငန်း၊ အနုပညာလုပ်ငန်းဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ပန်းချီဆိုင်ရာ ခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုပြီး ခရီးသွားလုပ်ငန်းတွေက အလွန်ကျယ်ပြန့်သွားပြီ။ ကျွန်တော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက သူ့နိုင်ငံရဲ့ ဝင်ငွေအမြင့်ဆုံးထဲမှာပါတယ်။ ဒီလိုပဲ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိက ခရီးသွားလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရကိုယ်တိုင်က ပံ့ပိုးပေးနေတယ်" ဟု အောက်တိုဘာ ၃၁ ရက်က မြန်မာအိတ်စပို့တွင် ကျင်းပခဲ့သော နိုင်ငံတကာစားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများ ပြသသည့် ကုန်စည်ပြပွဲတွင် ပြောကြားခဲ့သည်။

### ပြည်သူလူထု အလုပ်အကိုင်ရမယ်

ထို့အပြင် တိုင်းဒေသကြီးဝန်ကြီးက ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်နေရမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့နိုင်ငံမှာဆိုရင် ဒီပွဲကိုစီစဉ်တဲ့သူတွေ၊ ပံ့ပိုးပေးတဲ့ကုမ္ပဏီတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တောင် နည်းနည်းသိမ်ငယ်သွားတယ်။ ဒီကိုဝင်လာတာ၊ ဒါငါတို့အစိုးရလုပ်ရမယ့် အလုပ်တွေ၊ နိုင်ငံတော်က လုပ်ရမယ့်အလုပ်တွေ၊ ဘာနဲ့တူနေလဲဆိုတော့ ကိုယ်တို့လုပ်ရမယ့်အလုပ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေကလုပ်တော့ ကိုယ့်ကိုယ်ကိုယ်တောင် နည်းနည်းရှက်တယ်။ ဒါ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောပြတာ။ နိုင်ငံတော်က ဘတ်ဂျက်ပြဋ္ဌာန်းပြီးတော့ လုပ်မှ ဒီလုပ်ငန်းကြီး တိုးတက်မှာ၊ ဒီလုပ်ငန်းကြီးတိုးတက်မှ ပြည်သူလူထု အလုပ်အကိုင်၊ အခွင့်အလမ်း ရလာမယ်၊ နိုင်ငံတော်က ဘတ်ဂျက်ရမယ်၊ ဝမ်းသာစရာကောင်းတာတော့ အရင်က ဘတ်ဂျက်ရေးဆွဲရင် တစ်နိုင်ငံလုံး ဂျီဒီပီရဲ့ ငါးရာခိုင်နှုန်းထက်မပိုသော သုံးငွေပဲ သုံးခွင့်ပေးတယ်။ ဒါပေမယ့် ဒီနှစ် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ ဂျီဒီပီ ၅ ဒသမ ၆၄ ရာခိုင်နှုန်းပေးထားတဲ့အတွက် ဘတ်ဂျက်တော်တော်များများကို ပြဋ္ဌာန်းပေးထားပါတယ်" ဟု ပြောသည်။

နိုင်ငံတကာပြပွဲကြီးများ ကျင်းပခြင်းအားဖြင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်လာနိုင်မှုနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် "ဒီနေ့ ကျွန်တော်ဝမ်းသာတာက နိုင်ငံပေါင်း ၁၄ နိုင်ငံက ကုမ္ပဏီပေါင်း ၂၀၀ ကျော် လာပြီးပြသတယ်။ ပြသတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းအားလုံးအတွက် အဆက်အသွယ်ရသွားမယ်။ လောကကြီးမှာ စီမံခန့်ခွဲမှုကောင်းရမယ်၊ ဘတ်ဂျက်ကိုနိုင်ရမယ်၊ အဆက်အသွယ်အရေးကြီးတယ်။ ဘယ်လောက်ပဲ စီမံခန့်ခွဲမှုကောင်းကောင်း၊ ဘယ်လောက်ပဲ ဘတ်ဂျက်နိုင်နိုင် အဆက်အသွယ်မကောင်းရင် အလုပ်မဖြစ်ဘူး" ဟု ပြောကြားခဲ့သည်။

### အရည်အသွေးနှင့် ဈေးနှုန်း ရွေးချယ်နိုင်

တိုးတက်ပြောင်းလဲမှုနှုန်း အရှိန်ရစပြုနေသော ရန်ကုန်မြို့တော်သို့ ကမ္ဘာ့အရှေ့ခြမ်း၊ အနောက်ခြမ်းတို့မှ ကုန်စည်မျိုးစုံတို့က ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုသို့ဝင်ရောက်လာသော ကုန်စည်မျိုးစုံတို့အပေါ် ကောင်းမွန်သောအရည်အသွေး၊ ထိုက်သင့်သောဈေးနှုန်းကို ရွေးချယ်ကာ ရန်ကုန်သူ ရန်ကုန်သားတို့ ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်သည်။ အရည်အသွေးကောင်းမွန်သော ကုန်အမှတ်တံဆိပ်၊ ကုန်စည်ပစ္စည်းတို့ကို ဝယ်ယူသုံးစွဲခြင်းဖြင့် တာရှည်ခံ၊ နည်းပညာမြင့် လူ့အသုံးအဆောင်များကို သုံးစွဲနိုင်မည်ဖြစ်ရာ ရန်ကုန်သူ ရန်ကုန်သားတို့အဖို့ နိုင်ငံတကာပြပွဲကြီးများသည် လက်လွှတ်မခံသင့်သော ဗဟုသုတဟင်းလေးအိုးကြီးများပင် ဖြစ်သည်။

---

*အချပ်ပို (ဂ) မှ*

မြန်မာတစ်နိုင်ငံလုံးမှာ AMI စနစ်နဲ့ ပထမဆုံးအသုံးပြုတဲ့ မြို့နယ်ဖြစ်တဲ့အတွက် ဂုဏ်ယူပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်က ပြောပါတယ်။

### ဓာတ်အားပျောက်ဆုံးမှု လျော့နည်း

ဒေါပုံမြို့နယ်မှာ AMI စနစ်နဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကြောင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှုတွေ လျော့ကျသွားတယ်လို့ ဆိုပါတယ်။ ဒီလိုဓာတ်အားပျောက်ဆုံးမှုတွေ လျော့နည်းသွားလို့ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိတယ်လို့လည်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ "၂၀၁၇ ခုနှစ် ဩဂုတ်လက စတင်ပြီး ဗဟိုထိန်းချုပ်ရေးစနစ်ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုဆိုရင် နှစ်နှစ်ကျော်ရှိနေပြီ။ အဲဒီနှစ်နှစ်ကျော်ကာလအတွင်းမှာ စုစုပေါင်း ဓာတ်အားယူနစ်ပျောက်ဆုံးမှုက ၅ ရာခိုင်နှုန်းပဲ ရှိတော့တယ်။ ၅ ရာခိုင်နှုန်း ဓာတ်အားယူနစ် ပျောက်ဆုံးမှုဆိုတော့ ကျွန်တော်တို့အနေနဲ့ ၁၀ ရာခိုင်နှုန်းလောက် နိုင်ငံတော်အတွက် အကျိုးကျေးဇူးအများကြီးရှိတယ်။ ဒါက ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားတာရယ်၊ ပျောက်ဆုံးယူနစ်က ပြန်ရတဲ့ဝင်ငွေတွေအတွက်ပေါ့" ဟု ဒေါပုံမြို့နယ်မှာ မီတာတပ်ဆင်တဲ့ Ever meter Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ပြောပါတယ်။

ဒေါပုံမြို့နယ်မှာ AMI စနစ်ကို ကြိုက်နှစ်သက်လို့ ပြည်သူတွေကတော့ အဆင်ပြေမှုတွေ ရှိတယ်လို့ ဆိုပါတယ်။ အရင်က လျှပ်စစ်မီတာခနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်မှုတွေ၊ သံသယရှိမှုတွေ၊ အမှားအယွင်းရှိမှုတွေ မရှိနိုင်တော့တာမို့ ဖြစ်ပါတယ်။ "AMI စနစ်တပ်လိုက်တဲ့အချိန်မှာ ကျွန်မတို့ မီတာကို လိုသလို လျှော့ပြီးသုံးလို့ရမယ်၊ ဓာတ်အားခငွေကို ချိန်ဆပြီး သုံးလို့ရမယ်၊ များနေရင် လျှပ်စစ်မီးအသုံးပြုမှုတွေ ပိတ်သင့်တာပိတ်၊ လျှော့သင့်တာလျှော့လို့ရမယ်။ ဒါကြောင့် AMI စနစ်က အများကြီး အဆင်ပြေပါတယ်"လို့ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်မှာနေတဲ့ ဒေါ်အိသဇင်ထွန်းက ပြောပါတယ်။

### မီတာခ ဖုန်းကနေ ကြည့်နိုင်

ဒါ့အပြင် ဒေါပုံမြို့နယ်အတွင်း AMI စနစ်နဲ့ အသုံးပြုမှုကြောင့် ကိုယ့်အိမ်သုံးမီတာခကို ကိုယ့်လက်ကိုင်ဖုန်းထဲမှာ ကြည့်လို့ရတာကြောင့် အချိန်မရွေးထုတ်ကြည့်ပြီး ငွေကိုချိန်လို့ရတယ်။ မီတာဘေလ်ကိုလည်း တန်းစီပြီး ဆောင်ရတာမျိုး မရှိတော့ဘူး။ မီတာခကျသင့်မှုကို ပေးဆောင်လိုက်ရုံပဲ။ မီတာခကျသင့်ငွေ ပေးဆောင်ပြီးတာနဲ့ ကောက်ခံတဲ့သူ ပြန်သွားတာပဲ။ အဲဒီအတွက် အဆင်ပြေပါတယ်" လို့ ဒေါပုံမြို့နယ် သီတာနွယ်လမ်းမှာနေတဲ့ ဒေါ်သန္တာစိုးက ပြောပါတယ်။ "ဘယ်သွားသွား ကိုယ့်အိမ်ကို ဒီနေ့မီတာလာမှာလားလို့ မေးစရာမလိုအောင် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တိုင်ပေါ်က ဖတ်သွားတယ်။ ကျွန်မတို့အတွက် အလုပ်မရှုပ်တော့ဘူး။ အဲဒီအတွက် ကောင်းပါတယ်"လို့ ၎င်းက ဆက်ပြောပါတယ်။

ဒီလို AMI စနစ်ဟာ ဒေါပုံမြို့နယ်က ပြည်သူတွေအတွက်ရော နိုင်ငံတော်အတွက်ပါ အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်တာမို့ ရန်ကုန်မြို့ရဲ့ အခြားမြို့နယ်တွေမှာပါ အသုံးပြုနိုင်အောင် ဆက်လက်ကြိုးစားသွားမယ့် အကြောင်းလည်း သိရပါတယ်။ "ဒါကြောင့်မို့ AMIစနစ်ရဲ့ ပြုပြင်ပြောင်းလဲမှုဟာ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဝန်ဆောင်မှုအတွက် ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့် ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း လျှပ်စစ်မီးကို ကောင်းမွန်တဲ့ ဝန်ဆောင်မှုတစ်ခု ပေးနိုင်ခြင်းဟာ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှု တိုးတက်ဖို့အတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီစနစ်ကို ရန်ကုန်မှာ အကောင်းဆုံးအဖြစ် သုံးနိုင်ဖို့အတွက် ဆက်လက်ကြိုးစားသွားမှာ ဖြစ်ပါတယ်" လို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

### လျှပ်စစ်အသုံးပြုမှု ဝန်ဆောင်မှုပေး

နည်းပညာသစ်တွေ တိုးတက်ပြောင်းလဲမှုနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်အသုံးပြုမှုတွေ ပိုမိုတိုးတက်ကောင်းမွန်အောင် ဝန်ဆောင်မှုတွေပေးနေတဲ့နေရာမှာ အခုဒေါပုံမြို့နယ်မှာ အသုံးပြုနေတဲ့ AMI စနစ်ကလည်း အထောက်အကူပြု ဖြည့်ဆည်းပေးနေတာတော့ မြို့နယ်နေပြည်သူတွေရဲ့ စကားသံတွေက ဖော်ပြနေတာတော့ အမှန်ပါပဲ။ ။